ဆုတောင်းပြည့်မယ်လမုစေတီတော်
အဘိဓမ္မာသင်တန်း

# အဘိဓမ္မတ္ထသင်္ဂဟ

(ပဌမဆင့်)

(စိတ်-စေတသိက်-ပကိဏ်း)

ပို့ချချက်များ

မဟာသဒ္ဓမ္မဇောတိကဓဇ
ဦးကိုကိုမြိုင်
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ)

ဆုတောင်းပြည့်မယ်လမုစေတီတော်

**အဘိဓမ္မာသင်တန်း**

# အဘိဓမ္မတ္ထသင်္ဂဟ

(ပထမဆင့်)

(စိတ်–စေတသိက်–ပကိဏ်း)

ပို့ချချက်များ


မဟာသဒ္ဓမ္မဇောတိကဓဇ

**ဦးကိုကိုမြိုင်**

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ–အေ)

ပထမအကြိမ် * ၂၀၀၅-ခုနှစ်
အုပ်ရေ * ၁၅၀၀

**ထုတ်ဝေသူ**

* * *

ဦးထွန်းမြအောင် (ယာယီ-၅၄၉)
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
သာသနာရေးဝန်ကြီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

* * *

ဦးအောင်မြင့်သိန်း (မြဲ- ၀၆၃၆၄)
"အင်ကြင်းမြိုင်" ပုံနှိပ်တိုက်
အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

...တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
...စာကြည့်တိုက်
ရက်စွဲ ၂၃.၉.၂၀၁၃

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အမှာစာ | |

## ၁။ စိတ်ပိုင်း

| | | |
| --- | --- | --- |
| ၁။ | အရှင်အနုရုဒ္ဓါ၏ ရတနတ္တယပဏာမ | ၁ |
| ၂။ | အဘိဓမ္မာ | ၃ |
| ၃။ | ပရမတ္ထတရား ၄-ပါး | ၈ |
| ၄။ | ပရမတ္ထတရား ၄-ပါးနှင့် သင်္ခတ- အသင်္ခတ | ၁၁ |
| ၅။ | စိတ်အမျိုးအစားများ | ၁၂ |
| ၆။ | အကုသိုလ်စိတ် ၁၂-ပါး | ၁၅ |
| | - လောဘမူစိတ် ၈-ပါး | ၁၆ |
| | - ဒေါသမူစိတ် ၂-ပါး | ၂၀ |
| | - မောဟမူစိတ် ၂-ပါး | ၂၄ |
| ၇။ | အဟိတ်စိတ် ၁၈-ပါး | ၂၆ |
| | - အကုသလဝိပါက်စိတ် ၇-ပါး | ၂၇ |
| | - အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး | ၃၁ |
| | - အဟိတ်ကြိယာစိတ် ၃-ပါး | ၃၄ |
| ၈။ | သောဘနစိတ် ၂၄-ပါး | ၄၀ |
| | - မဟာကုသိုလ်စိတ် ၈-ပါး | ၄၁ |
| | - မဟာဝိပါက်စိတ် ၈-ပါး | ၄၄ |
| | - မဟာကြိယာစိတ် ၈-ပါး | ၄၅ |
| ၉။ | ကာမစိတ် ၅၄-ပါး | ၄၆ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀။ | ရူပါဝစရစိတ် ၁၅-ပါး | | ၄၈ |
| | - ရူပါဝစရကုသိုလ်စိတ် | ၅-ပါး | ၅၀ |
| | - ရူပါဝစရဝိပါက်စိတ် | ၅-ပါး | ၅၁ |
| | - ရူပါဝစရကြိယာစိတ် | ၅-ပါး | ၅၁ |
| ၁၁။ | အရူပါဝစရစိတ် ၁၂-ပါး | | ၅၃ |
| | - အရူပါဝစရကုသိုလ်စိတ် | ၄-ပါး | ၅၄ |
| | - အရူပါဝစရဝိပါက်စိတ် | ၄-ပါး | ၅၅ |
| | - အရူပါဝစရကြိယာစိတ် | ၄-ပါး | ၅၅ |
| ၁၂။ | မဟဂ္ဂုတ်စိတ် ၂၇-ပါး | | ၅၇ |
| ၁၃။ | လောကီစိတ် ၈၁-ပါး | | ၅၈ |
| ၁၄။ | လောကုတ္တရာစိတ် ၈-ပါး | | ၆၀ |
| | - မဂ်လေးပါး | | ၆၂ |
| ၁၅။ | လောကုတ္တရာစိတ် အကျယ် ၄၀ | | ၆၅ |
| ၁၆။ | စိတ်အကျဉ်း ၈၉-ပါး | | ၆၈ |
| ၁၇။ | စိတ်အကျယ် ၁၂၁-ပါး | | ၆၉ |

## ၂။ စေတသိက်ပိုင်း

| | | |
|---|---|---|
| ၁၈။ | စေတသိက် | ၇၅ |
| ၁၉။ | စေတသိက်လက္ခဏာ ၄-ပါး | ၇၆ |
| ၂၀။ | အညသမာန်းစေတသိက် ၁၃-ပါး | ၇၆ |
| | - သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး | ၇၇ |
| | - ပကိဏ်းစေတသိက် ၆-ပါး | ၇၉ |
| ၂၁။ | အကုသိုလ်စေတသိက် ၁၄-ပါး | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | သောဘနသာစာရဏစေတသိက် ၁၉-ပါး | ၈၇ |
| ၂၃။ | ဝိရတီ ၃-ပါး | ၉၂ |
| ၂၄။ | အပ္ပမညာ ၂-ပါး | ၉၄ |
| ၂၅။ | ပညိန္ဒြေ | ၉၄ |
| ၂၆။ | သမ္ပယောဂနည်း- သင်္ဂဟနည်းများ | ၉၅ |
| | - အညသမာန်းနည်း-စေတသိက် သမ္ပယောဂနည်း ၇-နည်း | ၉၅ |
| ၂၇။ | အကုသိုလ်စေတသိက်နှင့် သမ္ပယောဂနည်း၊ ဝိပ္ပယောဂနည်း | ၁၀၂ |
| ၂၈။ | နိယတယောဂီနှင့် အနိယတယောဂီ | ၁၀၈ |
| ၂၉။ | သင်္ဂဟနည်း | ၁၁၄ |
| | - အကုသိုလ်စိတ် သင်္ဂဟနည်း ၇-နည်း | ၁၁၅ |
| | - အဟိတ်စိတ် သင်္ဂဟနည်း ၄-နည်း | ၁၁၆ |
| | - ကာမာဝစရသောဘနစိတ် သင်္ဂဟနည်း | ၁၁၆ |
| ၃၀။ | မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅-နည်း | ၁၁၈ |
| ၃၁။ | လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅-နည်း | ၁၁၉ |

## ၃။ ပကိဏ်းပိုင်း

| | | |
|---|---|---|
| ၃၂။ | နာမ်တေပညာသ | ၁၂၂ |
| ၃၃။ | သင်္ဂဟ ၆-နည်း | ၁၂၃ |
| ၃၄။ | ဝေဒနာသင်္ဂဟ | ၁၂၃ |
| ၃၅။ | ဟေတုသင်္ဂဟ | ၁၂၉ |
| ၃၆။ | ကိစ္စသင်္ဂဟ | ၁၃၄ |
| ၃၇။ | ဒွါရသင်္ဂဟ | ၁၄၃ |
| ၃၈။ | အာရမ္မဏသင်္ဂဟ | ၁၅၁ |
| ၃၉။ | ဝတ္ထုသင်္ဂဟ | ၁၆၈ |

# အမှာစာ

## စကားငယ် နားကျယ်မနှံ့
## စကားကျယ် နားငယ်မဆံ့

ဟူ၍ ဆိုရိုးစကားရှိသည့်အတိုင်းပင် မြတ်စွာဘုရားရှင်၏ ပိဋကသုံးပုံတွင် ပါဝင်သော အဘိဓမ္မာတရားတို့သည် ကျမ်းအားဖြင့် ၇-ကျမ်းရှိပြီး အလွန်ကျယ်ဝန်း၊ အလွန်နက်နဲ၊ အလွန်ခက်ခဲလှပါသည်။

ဗုဒ္ဓသည် အဘိဓမ္မာတရားများကို လူ့ပြည်ဝယ် စကားကျယ် နားငယ်မဆံ့ ဖြစ်နေ၍ တာဝတိံသာနတ်ပြည်ဝယ် နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလ ဟောကြားခဲ့ပါသည်။ ထိုသည်ကို အကျဉ်းချုံးပြီး ပညာဉာဏ်အရာကြီးကျယ်ပြီး ဧတဒဂ်ရထားသော အရှင်သာရိပုတ္တရာကို ပြန်လည်ဟောကြားခဲ့ပါသည်။ အရှင်သာရိပုတ္တရာက တစ်ဖန် မိမိ၏ တပည့်ငါးရာကို ပြန်လည်သင်ကြားပေးခဲ့ပါသည်။

အကျဉ်းချုံးခဲ့သော နတ်ပြည်ဟောအဘိဓမ္မာသည် လူ့ပြည်ဝယ် ကျမ်းကြီး ၇-သွယ်အဖြစ် ကြီးမားကျယ်ပြန့်နေပါသေးသည်။

ဤအဘိဓမ္မာတရားများကား တွေးတောကြံဆနေရုံမျှဖြင့် သိရသော အတွေးအခေါ်ပညာမျိုးလည်း မဟုတ်ပါ။ လောကီသိပ္ပံနည်းမျိုးစုံဖြင့် လက်တွေ့စမ်းသပ်၍ ရနိုင်သော ပညာလည်း မဟုတ်ပါ။ ခက်ခဲနက်နဲပြီး အမှန်တကယ် ရှိနေသော သဘာဝတရားကြီး ဖြစ်ပါသည်။

လောကတွင် လူသားတို့သည် လုပ်ပိုင်ခွင့်-ရပိုင်ခံစားခွင့်ဟူ၍ ရှိနေကြရာ လူတိုင်း ကိုယ်ကြိုက်သလို လုပ်နေကြပါသည်။

အသိမှန်မှ အလုပ်မှန်ပါသည်။ အလုပ်မှန်မှ ဘဝအတွက် ချမ်းသာပါမည်။

အသိမှား၍ အလုပ်မှားက ဘဝသံသရာတစ်လျှောက် နစ်နာကြရပါမည်။

ထိုသည်ကို ဤအဘိဓမ္မာက ထောက်ပြလမ်းညွှန်ပြသထားပါသည်။

ထိုနက်နဲခက်ခဲလှသော အဘိဓမ္မာ ၇ ကျမ်းမှ လောကသဘာဝ နိယာမ ဖောက်ပြန်မှုမရှိသော သဘောတရားများ ဖြစ်ကြသည့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ္ထတရား၏ အဆီအနှစ်သဘောကို သိရှိလက်ာနိုင်ငံသား အရှင်အနုရုဒ္ဓါသည် စကားငယ် နားကျယ်ဆံ့နိုင်စေရန် အဘိဓမ္မာ ၇-ကျမ်းမှ ထုတ်နုတ်၍ အဘိဓမ္မတ္ထသင်္ဂဟကျမ်းဟူ၍ ရေးသားခဲ့ပါသည်။

ထိုကျမ်းသည် အဘိဓမ္မာတွင် **လက်သန်းအင်္ဂုလိကထာ** ဟူ၍ ထင်ရှား ကျော်ကြားပြီး နာမည်ကြီးလှသော ကျမ်းငယ်တစ်စောင်ဖြစ်ပြီး အဘိဓမ္မာ သင်ကြား လိုသူများအတွက် အခြေခံအထောက်အပံ့ ဖြစ်စေခဲ့ရပါသည်။

အဘိဓမ္မာ ၇-ကျမ်းဟူသော အထက်တန်းသို့ တက်လှမ်းမည့်သူများအတွက် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်းသည် အခြေခံလှေကားသဖွယ် ဖြစ်ပါသည်။

မှန်ကန်သောဘဝအမြင်နှင့် လောကအမြင်ကို ရှင်းလင်းပြသည်မှာ ဗုဒ္ဓ၏ အဘိဓမ္မာပင် ဖြစ်ပါသည်။ လောကကြီးကို လွှမ်းမိုးခြယ်လှယ်ဖန်တီးနေသော စိတ်၊ စေတသိက်တို့၏ သဘာဝအမှန်များကို မခွင်းမချန် မှန်ကန်ပြည့်စုံစွာ ဖော်ပြနေသည် မှာ ဤအဘိဓမ္မာပင် ဖြစ်ပါသည်။

ဗုဒ္ဓ၏ အဘိဓမ္မာသည် လူသားများအတွက် မှန်ကန်တည့်မတ်သော ဘဝ ဒဿနတရား ဖြစ်ပါသည်။

- လူသားတို့အား ဆိုးသွမ်းယုတ်ညံ့စေတက်သော အကုသိုလ်တရား စိတ် စေတသိက်တို့ကိုလည်းကောင်း၊
- လူသားတို့၏ဘဝကို မြင့်မြတ်တင့်တယ်ချမ်းသာစေတတ်သော ကုသိုလ် တရား စိတ်၊ စေတသိက်တို့ကိုလည်းကောင်း၊

- ကောင်းမြတ်သောလုပ်ငန်းများကို အောင်ပန်းဆင်စေတတ်သော ဝီရိယ၊ ဗလ၊ အဓိပတိတရားတို့ကိုလည်းကောင်း၊
- သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေပြီး ချမ်းသာသော သန္တိသုခ နိဗ္ဗာန သို့ ပို့ဆောင်ပေးတတ်သော ကျင့်စဉ်အမှန် သတိပဋ္ဌာန် မဂ္ဂင်ကျင့်စဉ် မှန်တို့ကိုလည်းကောင်း

ဤအဘိဓမ္မာတရားက တိတိကျကျ ညွှန်ကြားပြသထားပါသည်။

လူသားများအားလုံးသည် အကျင့်မှန်-လမ်းမှန်ရောက်ပြီး ဘဝအဆက်ဆက် ချမ်းသာမှုရရှိရေးနှင့် နောက်ဆုံး သံသရာမှ လွတ်မြောက်ပြီး နိဗ္ဗာန်ရောက်ရေး အတွက် ဤအဘိဓမ္မာတရားတို့ကို သိရှိနားလည်ပြီး ကျင့်ကြံအားထုတ်ရန် လိုအပ် ပါသည်။

ဤမယ်လမုစေတီတော်ကို ၁၉၅၈-ခုနှစ်မှ စတင်ပြန်လည်တည်ဆောက်ခဲ့ ပါသည်။ ဂေါပကအဆင့်ဆင့်တို့က မိမိတို့တာဝန်ကျရာ နှစ်ကာလအပိုင်းအခြား အတွင်း၌ ဘုရားစည်ပင်တိုးတက်ရေး၊ လူသားများ စိတ်ချမ်းသာ-ကိုယ်ချမ်းသာ စွာ ဖူးမြော်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

တရားဓမ္မ အနှစ်သာရ ရရှိခံစားရေးအတွက်မူ နောက်ပိုင်းကာလတွင် ပရိတ်သင်တန်းမျိုး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းမျိုးများကိုမူ ပြောက်ကျား ပြောက်ကျား ဖွင့်လှစ်နိုင်ခဲ့သည်ဟု ထင်ပါသည်။

သို့သော် ၁၉၉၄-ခု နောက်ပိုင်းတွင် တက်ရောက်လာကြသော ဂေါပက အဖွဲ့သည် သစ်တောရေးရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသိုက်ထွန်း၏ လမ်းညွှန်ချက် ဖြင့် ဗုဒ္ဓသာသာတရားတော်အဆင့်မြင့်သင်တန်းကို ၂၀၀၂-ခုနှစ်အထိ ဖွင့်လှစ်နိုင် ခဲ့ပါသည်။

သို့သော် ထိုသင်တန်းသည် အကြောင်းအမျိုးမျိုးတို့ကြောင့် တဖြည်းဖြည်း ဆုတ်ယုတ်ပြီး မအောင်မြင်ခဲ့ပေ။

၂၀၀၄-ခုတွင် ဂေါပကအဖွဲ့သည် စာရေးသူ တိုက်တွန်းမေတ္တာရပ်ခံခဲ့သော မယ်လမုအဘိဓမ္မာသင်တန်းဖွင့်လှစ်ရေးကို အလေးအနက်ထား စဉ်းစားဆွေးနွေးကြ ပါသည်။

(ဃ)

ထို့နောက် ဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် မယ်လမုအဘိဓမ္မာသင်တန်း ကော်မတီကို ဂေါပကအဖွဲ့ဝင် ဒေါက်တာသန်းလွင်က ဥက္ကဋ္ဌ တာဝန်ယူစေပြီး သင်တန်းမှူးတာဝန်ကို ဂေါပကအဖွဲ့ဝင် ဘဏ္ဍာရေးမှူး-ဦးလှစိုးနှင့် ရုံးအဖွဲ့မှူး-ဦးမင်းနိုင်တို့ကို တာဝန်ယူစေခဲ့ပါသည်။

ထိုကော်မတီက မယ်လမုအဘိဓမ္မာသင်တန်းကို ၂၀၀၅-ခုနှစ် မေလတွင် သင်တန်းသား ၂၀-ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းသား သင်တန်းသူများကလည်း သင်တန်းရက်မပျက်၊ တက်တက်ကြွကြွ တက်ရောက်သင်ယူခဲ့ကြသလို သင်တန်းဆရာများဖြစ်ကြသော ဤမယ်လမု အဘိဓမ္မာပို့ချချက်စီစဉ်သူ (စာရေးသူ)နှင့် ဆရာမဒေါ်သန်းသန်း(ရွှေသဇ္ဈာ)တို့က လည်း အထူးကြိုးစားသင်ကြားပေးခဲ့ကြပါသည်။

ထိုသို့ တပည့်-ဆရာ လက်တွဲညီညာ၊ ပို့ချမှု-သင်ယူမှုတို့ကြောင့် နိုင်ငံတော် အစိုးရ၊ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော ၂၀၀၄ အဘိဓမ္မာစာမေးပွဲတွင် ၉၅-ရာခိုင်နှုန်း အောင်မြင်ခဲ့ရပါသည်။

ယခုအခါ မယ်လမုအဘိဓမ္မာသင်တန်းသည် အခြေချမိပြီး ဖြစ်ပါသည်။

မယ်လမုအဘိဓမ္မာသင်တန်း အခြေခိုင်ခဲ့ပြီး သင်တန်းပိုင်၊ သင်တန်းပို့ချချက် စာအုပ်မရှိ၍ အခြားပို့ချချက်များကို ယူပြီး ပို့ချပေးနေရပါသည်။

မယ်လမုအဘိဓမ္မာသင်တန်းပိုင် အဘိဓမ္မာပို့ချချက် စာအုပ်တစ်အုပ် လိုအပ် နေပါသည်။ ထိုသို့လိုအပ်နေသည်ကို မယ်လမုစေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်က ဖြည့်ဆည်းပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။

ဥက္ကဋ္ဌကြီး၏ မေတ္တာရပ်ခံချက်ကို အလေးအနက်ထားပြီး မိမိသည် ပို့ချချက်များကို ပြန်လည်စုစည်းပြီး ပိုမိုနားလည်သဘောပေါက် စေရန် နည်းစနစ်သစ် ဖြင့် ဤမယ်လမုအဘိဓမ္မာသင်တန်းပို့ချချက်ကို ပြုစုထားခဲ့ပါသည်။

ဤအဘိဓမ္မာပို့ချချက်စာအုပ်ကို သင်တန်းတက်ရောက်သူများအတွက် အလွယ်တကူလေ့လာနိုင်ရန်၊ သဘောပေါက်နားလည်နိုင်ရန် အတတ်နိုင်ဆုံး ရှင်းလင်း တင်ပြထားပါသည်။

အတုမရှိအောင် အနှစ်သာရရှိပြီး၊ အတိုင်းမသိအောင် အကျိုးကျေးဇူးကြီးမားလှသော ဤအဘိဓမ္မာကို ပါရမီရှိကြသော တိဟိတ်ပုဂ္ဂိုလ်တိုင်း လေ့လာသင်ယူနိုင်ကြပါစေသော်။

ဤစာအုပ်သည် မယ်လမုအဘိဓမ္မာသင်တန်းတွင် ပို့ချသော အဘိဓမ္မတ္ထသင်္ဂဟပို့ချချက်များသာ ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဦးစွာမေတ္တာရပ်ခံခဲ့သော မယ်လမုစေတီဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး ဦးသန်းမောင်နှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြသော ဂေါပကအဖွဲ့ဝင်အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

စီစဉ်သူ

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**ဦးကိုကိုမြိုင်**
(တက္ကသိုလ်သျှင်သီရိ- ဓမ္မာစရိယ ဘီ-အေ)

# အဘိဓမ္မတ္ထသင်္ဂဟ

## ၁။ စိတ်ပိုင်း

### အရှင်အနုရုဒ္ဓါ၏ ရတနတ္တယပဏာမ
### (အရှင်အနုရုဒ္ဓါ၏ ရတနာသုံးပါး ဦးစွာရှိခိုးမှု)

**သမ္မာသမ္ဗုဒ္ဓ မတုလံ**
**သ သဒ္ဓမ္မ ဂဏုတ္တမံ**
**အဘိဝါဒိယ ဘာသိဿံ**
**အဘိဓမ္မတ္ထ သင်္ဂဟံ**

| | | |
|---|---|---|
| အဟံ | = | ကျွန်ုပ် (အနုရုဒ္ဓါမထေရ်)သည် |
| သသဒ္ဓမ္မံ | = | သူတော်ကောင်းတို့၏တရား |
| (တရား) | | ချီးမွမ်းအပ်သောတရားနှင့်တကွဖြစ်တော်မူသော |
| ဂဏုတ္တမံ | = | ကျော်စောသောပုဂ္ဂိုလ်ထက် အထူးသဖြင့်ကျော်ကြားသော |
| (သံဃာ) | - | နုတ်အပ်ပြီးသော အဝိဇ္ဇာရှိသော |
| | - | မြတ်သော အရိယာပုဂ္ဂိုလ်အပေါင်းနှင့်တကွ ဖြစ်တော်မူသော |

(ဂဏ+ဥတ္တမ)=ဥတ္တမ= သုပ္ပဋိပန္နစသော ဂုဏ်အားဖြင့် မြတ်သော

ဂဏ = ပုဂ္ဂိုလ်အပေါင်း)

အတုလံ (ဘုရား) = သီလအစရှိသောဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သော သူတို့နှင့် မတူထသော

သမ္မာသမ္ဗုဒ္ဓံ = ခပ်သိမ်းသောတရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မဖောက်မပြန် အလိုလိုသာသိတော်မူသော မြတ်စွာဘုရားကို

(အဘိဝန္ဒာမိ) = အန္တရာယ်ကင်းပျောက်၊ ကျမ်းပြီးမြောက်ဖို့၊ ချီးမြှောက်ထောမနာ၊ လွန်စွာကြည်နူး၊ သဒ္ဓါထူးဖြင့် အထူးရှိခိုးပါ၏။

အဘိဝါဒိယ = အထူးသဖြင့် ရှိခိုးပြီး၍

အဘိဓမ္မတ္ထသင်္ဂဟံ= လွန်စွာကျယ်ဝန်းသော အဘိဓမ္မာတရားကို အကျဉ်းဖော်ပြရာ၊ လက်သန်းမည်သ၊ အဘိဓမ္မတ္ထသင်္ဂဟ အမည်ရသော ကျမ်းကို

ဘာသိဿံ = စီရင်ရေးသားပေအံ့။

အဘိဓမ္မာဟူသော သဘောတရားတို့ကို (ဝါ) သတ္တဝါတို့တွင် ရှိနေသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော တရားတို့ကို အဘိဓမ္မာ ၇ ကျမ်းမှ ထုတ်နုတ်၍ အကျဉ်းရေးသားပြလိုသော(ဝါ) နက်နဲခက်ခဲပြီး သာမန်လူတို့ သမုဒ္ဒရာကို ယုန်ထောက်မမီသကဲ့သို့ တတ်သိနားလည်ရန် ခက်ခဲလှသော ဤအဘိဓမ္မတ္ထသင်္ဂဟမည်သောကျမ်းငယ်ကို လူရှင်ရဟန်းတို့ အလွယ်တကူ လေ့လာတတ်သိနားလည်ရန် စေတနာ၊ မေတ္တာထားသော အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ဤကျမ်းမရေးသားမီ အန္တရာယ်မကျရောက်စေရန်၊ ကောင်းမွန်စွာရေးသားပြီးစီးစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှိခိုးခြင်း ဖြစ်ပါသည်။

***ဆောင်-*** *ဗုဒ္ဓံ၊ ဓမ္မံ၊ မြတ်သံဃံ၊ အဟံဝန္ဒာမိ*
*အန္တရာယ်ကင်းရန်၊ ကျမ်းပြီးရန်၊ အမှန်ဆန္ဒရှိ*
*အဘိဓမ္မတ္ထံ၊ မြတ်သင်္ဂဟံ၊ သင်အံ့တတ်စေဘိ။*

## အဘိဓမ္မာ

ထူးခြားလွန်ကဲသောတရားကို အဘိဓမ္မာဟု ခေါ်ပါသည်။ ပရမတ်နှင့် ပညတ်ကို ခွဲခြား၍ ပေါ်လွင်အောင်ပြသသောကြောင့် ထူးခြားလွန်ကဲပါသည်။

**ပရမတ်ဟူသည်** မဖောက်ပြန်သောသဘောရှိ၍ တိကျမှန်ကန်ခြင်း၊ ထင်ရှား ရှိခြင်းပင် ဖြစ်ပါသည်။

**ပညတ်ဟူသည်** အထင်အရှား အသေအချာမရှိ၊ အသိမှတ်ပြုထားရုံ၊ သတ်မှတ်ခေါ်ဝေါ်ထားရုံမျှသာ ဖြစ်ပါသည်။

ဗုဒ္ဓဟောကြားခဲ့သော ဝိနည်း, သုတ္တန်, အဘိဓမ္မာဟူသော ပိဋကသုံးပုံတွင် ဝိနည်း, သုတ္တန်တို့မှာ နည်းလမ်းများ၊ ကျင့်ဆောက်တည်ရန် ဥပဒေ စည်းကမ်းများကိုသာ ရည်ညွှန်းဖော်ပြထားသည်။ ပညတ်နှင့် ပရမတ်ကို သာမန်မျှ ခွဲခြားပြသည်။

အဘိဓမ္မာတွင်ကား ပညတ်နှင့်ပရမတ်ကို တိကျပြတ်သားစွာ ရှင်းလင်း သေချာစွာ ထင်ရှားသိမြင်နိုင်ရန် ခွဲခြားပြသထားသည်။

ထို့ကြောင့် အဘိဓမ္မာသည် ပရမတ်နှင့်ပညတ်ကို တိကျစွာ ခွဲခြားသည့်ပြင် သတ္တဝါတို့၏ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်တို့ကိုလည်း အသေးစိတ် ကုန်စင်အောင် ထင်ထင်ရှားရှား တိကျစွာပြသောကြောင့် ထူးခြားလွန်ကဲပါသည်။

- ပရမတ်သည် ဉာဏ်ဖြင့် အတိအကျ ရှုကြည့်သောအခါ ထင်ရှားသည်။
- ပညတ်သည် ဉာဏ်ဖြင့် အတိအကျ ရှုကြည့်သောအခါ ပညတ်ကိုသာ ထင်ရှား တွေ့နိုင်သည်။ ပရမတ်ကို ထင်ရှားမတွေ့ရပါ။

**ဥပမာ-** ဝ,လုံးကို စာအုပ်ပေါ်၌ ရေးထားပြီး သာမန်မျက်စိဖြင့်ကြည့်ပါက ဝ,လုံးဟူသော ပညတ်အမည်သာ မြင်မည်။ ဉာဏ်ဖြင့်ကြည့်သော် 'ဝ'လုံးဟူသည် တကယ်မရှိ၊ မင်စက်ကလေးများ စုပေါင်းထားခြင်း ဖြစ်သည်။ ထိုမင်စက်မှုန်ကလေးများသည် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော စသော ရုပ်ဓာတ်များသာဖြစ်သည်ဟု မြင်မည်။

သက်ရှိ-သက်မဲ့အရာဝတ္ထုအားလုံးကို သာမန်ကြည့်သော် သာမန် ပညတ်ထားသော လူ၊ နွား၊ တိုက်၊ မြေဖြူတောင် စသည်ဖြင့်သာ မြင်မည်။

ယင်းတို့ကို ဉာဏ်ဖြင့်ယှဉ်၍ စိစစ်ကြည့်သောအခါ-

(က) နာမပညတ်

(ခ) ပုံစံပညတ်

(ဂ) ရုပ်ကလာပ်မှုန် ဟူ၍ ၃ မျိုးသာ တွေ့နိုင်ပါသည်။

**(က)နာမပညတ်** - ဥပမာ မြေဖြူတောင့်ဟူ၍ ဆိုရာဝယ် မြေဖြူတောင့်ဟူသော နာမည်သည် နာမည်အားဖြင့် အသိအမှတ်ပြုထားခြင်းကြောင့် နာမပညတ်ဟု ခေါ်ပါသည်။

**(ခ)ပုံစံပညတ်** - မြေဖြူတောင့်၏ အတိုအရှည် စသည် သတ်မှတ်ခြင်းသည် ပုံစံအားဖြင့် အသိအမှတ်ပြုထားခြင်းကြောင့် ပုံစံပညတ်ဟု ခေါ်ပါသည်။

**(ဂ)ရုပ်ကလာပ်မှုန်** - မြေဖြူတောင့်ဟူသော နာမပညတ်၏ ပုံစံပညတ်ကို ဉာဏ်ဖြင့် စိစစ်ကြည့်သောအခါ ထင်ရှားရှိနေသောမြေဖြူမှုန်တွင်ပါဝင်နေသော ပထဝီ၊ အာပေါစသော ရုပ်ဓာတ်များသာဖြစ်ပါသည်။

ထိုသေးငယ်သော မြေဖြူမှုန်ကလေးများကို ရုပ်ကလာပ်မှုန်များဟု ခေါ်ပါသည်။

မြေဖြူမှုန်သာမဟုတ် အခြားအလွန်သေးငယ်သော အမှုန်ငယ်ကလေးများကိုလည်း ရုပ်ကလာပ်မှုန်ဟူ၍ ခေါ်ပါသည်။

ရုပ်ကလာပ်မှုန်၏ ထုထည်ပမာဏကို တွက်ဆရာတွင် အဏုမြူ ၁-ခုသည် ပရမာဏုမြူ ၃၆-ဆနှင့်ညီမျှ၍ ပရမာဏုမြူ ၁-ခု သည် ရုပ်ကလာပ်မှုန်တစ်ခုနှင့် ညီမျှပါသည်။

သက်ရှိသတ္တဝါဖြစ်သော လူတစ်ယောက်ကို သာမန်မျက်စိဖြင့်ကြည့်သော် လူဟူသောသတ္တဝါလို မြင်တွေ့နေရသောကြောင့် စင်စစ် ထင်ရှားရှိ၏ဟု မှတ်ထင်နေပါသည်။

လူဟူသော ဝေါဟာရသည် စင်စစ် ထင်ရှားမရှိ၊ နာမပညတ်ဖြင့် အသိအမှတ်ပြုထားရုံမျှသာ ဖြစ်သည်။

လူသတ္တဝါကို ဉာဏ်ဖြင့် သေချာစွာကြည့်ပါက ထင်ထင်ရှားရှား သေချာသော ပရမတ်သည်ကား- ရုပ်ကလာပ်မှုန်ကလေးများနှင့် စိတ်, စေတသိက်ခေါ် အသိဓာတ်များပင် ရှိပါသည်။

## ပညတ်များ

### (၁) ကာလပညတ်

အချိန်ကို ကာလပညတ်ဟု ခေါ်သည်။ အချိန်ကို ရှာဖွေ၍ မတွေ့ရပါ။ နာရီ၊ နေ့တို့သည် အချိန်မဟုတ်ပါ။ သတ်မှတ်ထားခြင်းသာ ဖြစ်သည်။ အချိန်ကို အကောင်အထည်အားဖြင့် ကိုင်တွယ်၍မရ၊ စင်စစ် ရှာပါက ထင်ရှားမရှိ။ ထို့ကြောင့် ပညတ်သာ ဖြစ်သည်။ ပရမတ် မဟုတ်ပေ။

### (၂) ဒိနပညတ်

တနင်္ဂနွေ၊ တနင်္လာ စသည်များကို ဒိနပညတ်ဟု ခေါ်သည်။ ယင်းနေ့များကို တွေ့မြင်နေရသည်။ ကိုင်ပြ၍မရ။ အသိအမှတ်ပြုထားသော ပညတ်မျှသာ ဖြစ်သည်။

### (၃) မာသပညတ်

တန်ခူး၊ ကဆုန်လများကို မာသပညတ်ဟု ခေါ်သည်။ လ-ဟူသည် ကောင်းကင်ယံမှ နေ-လကို ပြောသည်မဟုတ်ပါ။ ရှာဖွေပြ၍ မရပါ။ ရက်များ စုပေါင်းထားခြင်းကိုပြသော အသိအမှတ်တစ်ခုသာ ဖြစ်ပါသည်။ တန်ခူး စသောလများသည် ထင်ရှားမရှိသော ပညတ်မျှသာ ဖြစ်သည်။

### (၄) ဒိသာပညတ်

အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ် ၁၀-မျက်နှာကို ဒိသာပညတ်ဟု ခေါ်သည်။ ထိုအရပ်ဒေသများသည် ထင်ရှားစွာ ညွှန်ပြတွေ့ထိ၍ မရပါ။ အသိအမှတ် ပြုထားရုံမျှသာ ဖြစ်ပါသည်။

တစ်ယောက်က တစ်ယောက်ကို ဒေါသအမျက်ထွက်ခြင်း၊ လှပသော ပစ္စည်းကို လိုချင်ခြင်း စသည်တို့သည် ထင်ရှားမရှိသော ပညတ်ကိုသာ အာရုံပြုပြီး ထင်ရှားရှိသောပရမတ်ကို ဉာဏ်ဖြင့် သေချာစွာ မသိကြသောကြောင့်သာ ဖြစ်ကြပါသည်။

အဘိဓမ္မတ္ထသင်္ဂဟဖြင့် -

(၁) ကျမ်း၏အမည်ကိုလည်းကောင်း၊

(၂) ကျမ်း၏အနက်အဓိပ္ပာယ်ကိုလည်းကောင်း၊

(၃) ကျမ်းပြုပုံအခြင်းအရာ၊ ကျမ်းပြုပုံပြုနည်းကိုလည်းကောင်း ဤသုံးမျိုးကို ပြဆိုပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ = အဘိ+ဓမ္မ+အတ္ထ+သင်္ဂဟ

အဘိ = မဖောက်မပြန်သောအားဖြင့် လွန်ကဲထူးမြတ်မှန်ကန်သော

ဓမ္မ = တရားတို့၏

အတ္ထ = အနက်အဓိပ္ပာယ်တို့ကို

သင်္ဂဟ = အကျဉ်းပေါင်းရုံးပြခြင်း (ကျမ်း)

**အဘိဓမ္မာ၏ အကျိုး**

အဘိဓမ္မာ၏အနက်အဓိပ္ပာယ်တို့ကို မပင်မပန်း လွယ်လွယ်ကူကူ အကျဉ်းချုပ်သိ၍ လိုက်နာကျင့်ကြံကြသဖြင့် ပစ္စုပ္ပန်-သံသရာအကျိုးများ တိုးပွားပြီး နိဗ္ဗာန်သို့ လွယ်ကူစွာရောက်နိုင်သော အကျိုးတရားများ ရနိုင်ပါသည်။

အဘိဓမ္မာကို သင်ကြားခြင်းဖြင့် ပညတ်နှင့် ပရမတ်ကို လေ့လာရာတွင် ထင်ရှားရှိနေသော ပရမတ်ကို ရှိနေသည့်အတိုင်း ဉာဏ်ဖြင့်ကြည့်ရှု သိမြင်ရသည့်နည်းတူ ထင်ရှားမရှိသောပညတ်ကိုလည်း မရှိသည့်အတိုင်း သိမြင်ရ၍ သံသရာမှ လွတ်မြောက်သောနိဗ္ဗာန်ကို ရနိုင်ရန်အတွက် မဂ္ဂင်ရှစ်ပါးကို ကျင့်နိုင်ပြီး သစ္စာလေးပါးကို မျက်မှောက်ပြုကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သောအကျိုးကို ရနိုင်ပါသည်။

**အကျိုးရရှိရန် အင်္ဂါ ၄-ပါး**

ကောင်းမှု၏အကျိုးကို ပြည့်စုံစွာ ရနိုင်စေရန်အတွက် အင်္ဂါ ၄-ချက် ပြည့်စုံရပါသည်။

(၁) ရတနာသုံးပါးရှိခိုးသဖြင့် ကုသိုလ်စေတနာ၏ ပြည့်စုံခြင်း၊

(၂) ရတနာသုံးပါး၏ဂုဏ်ကိုလည်း မိမိသန္တာန်၌တည်ရှိနေအောင် ပွားများနေခြင်း။

(၃) ကျမ်းပြုပုဂ္ဂိုလ်(ဝါ)ရှိခိုးသူ၏ အခါအခွင့်ပေးသည့်အခိုက်နှင့် ကြုံခြင်း။

(၄) ကျမ်းစာကို မဖြစ်မနေ ရေးသားတော့မည်ဟူသော ပြင်းထန်သောဆန္ဒ (အဇ္ဈာသယ)နှင့် ပြည့်စုံခြင်း။

ဤအချက် ၄-ချက်နှင့်ပြည့်စုံလျှင် ပစ္စုပ္ပန်၌ပင် လက်တွေ့အကျိုးပေးနိုင်ပါသည်။

**အကျိုးပေးပုံမှာ**

ဤသို့ရှိခိုးခြင်း စသည်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်-

- ရှေးဘဝကုသိုလ်ကံရှိခဲ့လျှင် ထိုကုသိုလ်ကံအကျိုးပေးအားသန်အောင် ပြုနိုင်မည်။
- ကုသိုလ်ကံအကျိုးပေးခွင့်မရအောင် တားဆီးတတ်၊ ကပ်၍နှိပ်စက်တတ်သော (ဥပဃာတက)ကံများမှ ကင်းပါမည်။
- ဖြစ်ပေါ်လာမည့် အန္တရာယ်ရောဂါဘေး၊ လက်နက်ဘေး၊ ငတ်မွတ်ဘေးတို့ မကျရောက်ပါ။
- ရည်ရွယ်သည့်အတိုင်း ပြီးမြောက်အောင်မြင်နိုင်ပါသည်။

**အဘိဓမ္မတ္ထသင်္ဂဟအရကောက်ယူပုံ**

ဤအဘိဓမ္မတ္ထသင်္ဂဟ ဟူသောစကား၌-

အဘိဓမ္မာအရ - ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမက၊ ပဋ္ဌာန-ဟူသော အဘိဓမ္မာ ၇-ကျမ်းကို ကောက်ယူရပါမည်။

အဘိဓမ္မတ္ထအရ - စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်တရားများကို ကောက်ယူရပါမည်။

ဓမ္မအရ - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်ဟူသော ၁၀-ပါးသောတရားတို့ကို ကောက်ယူရပါမည်။

- မဂ်လေးပါးနှင့်နိဗ္ဗာန်သည် မုချအားဖြင့် ဓမ္မမည်ပါသည်။
- ဖိုလ်လေးပါးနှင့်ပရိယတ်သည် ဥပစာအားဖြင့် ဓမ္မ မည်ပါသည်။

## ပရမတ္ထတရားလေးပါး

**ပရမတ္ထ** - တိကျထင်ရှားရှိခြင်း၊ မြတ်သောတရား၊ မိမိတို့ဆိုင်ရာ သဘော လက္ခဏာမှ မဖောက်မပြန် မှန်ကန်တည့်မတ်သော သဘောတရား သည် ပရမတ္ထမည်ပါသည်။

**ပရမတ္ထတရား**

| **စိတ်** | **စေတသိက်** | **ရုပ်** | **နိဗ္ဗာန်** |
|---|---|---|---|
| အာရုံကိုသိရှုမှု သိခြင်း | စိတ်နှင့်ယှဉ်တွဲဖြစ်ခြင်း၊ အာရုံကိုအထူးသိခြင်း | ရှေ့နောက် မတူအောင် ဖောက်ပြန်ခြင်း | ဆင်းရဲ ခပ်သိမ်း ငြိမ်းအေးခြင်း |
| ၁-ပါး | ၅၂-ပါး | ၂၈-ပါး | - |

## (၁) စိတ်

- အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့အထိ ဟူသော အာရုံငါးပါးကို သိရှုမှုသာ သိသည်။ နှစ်သက်ခြင်း၊ မုန်းတီးခြင်းသဘောမရှိ၊
- စိတ်သည် သက်ရှိသတ္တဝါတို့တွင် ထင်ရှားရှိသော ပရမတ်တရား ဖြစ်သည်။

## စိတ်၏သဘော

### (က)ဝေးသောအရပ်သို့ သွားနိုင်၏

ဝေးသောအရပ်၊ နီးသောအရပ်များသို့ မိမိသွားလိုရာသို့ ချက်ချင်းသွားနိုင်သည်။

**ဥပမာ-** ရန်ကုန်၌နေသူသည် မန္တလေးသို့ စိတ်ဖြင့် တစ်ခဏချင်း သွားနိုင်သည်။

### (ခ)အကောင်အထည်မရှိပါ

စိတ်ကို မမြင်နိုင်၊ တွေ့ထိကိုင်တွယ်၍ မရ။ သို့သော် သက်ရှိ သတ္တဝါ၌ စိတ်ရှိသည်။ စိတ်ကြောင့် ပြုမူ၊ ပြောဆို၊ ကြံစည်နေကြသည်။

### (ဂ) ကိုယ်ထဲမှာရှိသည်

သစ်စေ့သည် သစ်သီးထဲတွင် ရှိသကဲ့သို့ သက်ရှိသတ္တဝါ၏ ကိုယ်ခန္ဓာထဲတွင် စိတ်ရှိသည်။ စိတ်က စေခိုင်း၍ ရုပ်ခန္ဓာကိုယ်ကြီးသည် သွားလာလှုပ်ရှားနေရသည်။

### (ဃ)လောကကို ဆွဲဆောင်နိုင်သောအားရှိသည်

လျှပ်စစ်အားသည် ဓာတ်ကြိုးထဲတွင်ရှိ၍ အားရှိပြီး အမျိုးမျိုး အသုံးချနိုင်သလို စိတ်သည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကကြီး ၃-ပါး ကို ဆွဲဆောင်နိုင်သောအားရှိသည်။ လောကသုံးပါးထက် စိတ်သည် အားကောင်းသည်။ စွမ်းရည် ထက်မြက်သည်။ ဗုဒ္ဓက-**စိတ္တေန နီယတေ လောကော**= စိတ်ကသာ လောကကြီးကို ဦးဆောင်နေသည်ဟူ၍ ဟောခဲ့သည်။

လူတစ်ယောက်သည် ပညာတတ်ဖြစ်လာရန်၊ လူယုတ်မာတစ်ယောက်ဖြစ်သွားစေရန် စိတ်ကပင် စွမ်းဆောင်ပေးသည်။

စိတ်သည် ထက်မြက်အားကောင်းလွန်းသောကြောင့် စိတ်ကို မပယ်ထားရ၊ သတိဖြင့် ထိန်းသိမ်းထားရသည်။

**စိတ်၏ဓလေ့**

(က) ကာမဂုဏ်နှင့် ပျော်တတ်သည်။

(ခ) အကြောင်းမဲ့သက်သက် အလကား နေလို၏။

(ဂ) ကြိုက်သလို မနေရပါက စိတ်ဆိုးနေ၏။ ဖောက်ပြန်နေ၏။

စိတ်သည် တစ်မျိုးတည်းရှိသော်လည်း စေတသိက်ကား ကွဲပြားမှုကြောင့် အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး ရှိနေရသည်။

## (၂) စေတသိက်

စိတ်နှင့်အမြဲ ယှဉ်တွဲဖြစ်ပေါ်နေသည်။ အာရုံငါးပါးကို အထူးသိသည်။ ကောင်းသည် ဆိုးသည်ကို ဝေဖန်ပေးနိုင်သည်။ စေတသိက်ကြောင့် ကောက်သော စိတ်၊ ဖြောင့်သောစိတ်များ ဖြစ်ရသည်။ စိတ်နှင့် စေတသိက်တွင် စိတ်က ခံစားခြင်း မပြုနိုင်ပါ။ စေတသိက်ကသာ ခံစားနိုင်ပါသည်။

**ဥပမာ** - ရေရိုးရိုး၊ အဆိပ်ရည်၊ ဆေးရည် ၃-မျိုးတွင်-
ရေရိုးရိုးသုံးစွဲက ဘာမျှမဖြစ်၊ အဆိပ်ရည်သုံးစွဲက ရောဂါရမည်။ ဆေးရည်သောက်က ရောဂါပျောက်မည်။

ရောဂါရခြင်းသည် ရေကရသည်မဟုတ်၊ အဆိပ်ကရခြင်းဖြစ်သည်။ ရောဂါပျောက်ခြင်းသည် ရေကပျောက်သည်မဟုတ်၊ ဆေးကပျောက်စေခြင်း ဖြစ်သည်။

ဤအတူ စိတ်သည် ရေနှင့်တူသည်။ အဆိပ်ရည်တွင် အဆိပ်သည် စေတသိက်နှင့်တူသည်။ ဆေးရည်တွင် ဆေးသည် စေတသိက်နှင့်တူသည်။

**ဥပမာ** - ရေသည် ပကတိဖြူစင်သည်။ အရောင်ဆိုးက ဆိုးသော အနီ၊ အဝါ၊ အပြာ စသည့် အရောင်ရေများ ဖြစ်လာရသည်။ ဤတွင် ရေသည် စိတ်နှင့်တူသည်။ စေတသိက်သည် ဆေးရောင်စုံနှင့်တူသည်။ ထို့ကြောင့် စေတသိက်အပြား ၅၂-မျိုး ရှိနေရ၏။

## (၃) ရုပ်

အချမ်း၊ အပူ စသည်တို့ကြောင့် ရှေးရုပ်နှင့်မတူအောင် နောက်ရုပ်က ထင်ရှားဖြစ်ပျက်ပြောင်းလဲတတ်သော သဘောကို ရုပ်ဟု ခေါ်သည်။

**ဥပမာ** - ဖယောင်းတိုင်တစ်တိုင်ကို ဆင်းရဲသားလက်ထဲတွင်လည်းကောင်း၊ သူဌေးလက်ထဲတွင်လည်းကောင်း တစ်လှည့်စီထား၍ အပူပေးပါက အတူတကွ ရုပ်ပြောင်းသွားပါမည်။
ဖယောင်းတိုင်သည် ရုပ်ပြောင်းရမည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားသည်။ ထို့ကြောင့် ရုပ်သည် ပရမတ်ဖြစ်ပါသည်။ ရုပ်သည် အမျိုးအစားအရ ၂၈-မျိုးရှိပါသည်။

## (၄) နိဗ္ဗာန်

ဆင်းရဲအပေါင်းမှ ချုပ်ငြိမ်းရာ၊ ရာဂစသောမီး ၁၁-ပါးတို့ငြိမ်းရာ၊ တဏှာမှထွက်မြောက်ရာ ချမ်းသာအစစ်အမှန်တရား နိဗ္ဗာန်သည် ထင်ရှားရှိ၍ ဖောက်ပြန်ခြင်းသဘောမရှိ၊ ထင်ရှားရှိသောကြောင့် ပရမတ် ဖြစ်ပါသည်။

***ဆောင်*** - *စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ်လေးရပ်၊ ပရမတ်၊ ခေါ်အပ်များသူငါ။*

**ပရမတ္ထတရားလေးပါးနှင့် သင်္ခတ၊ အသင်္ခတ**

စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့က ပြုပြင်ဖန်တီး၍ရသောကြောင့် သင်္ခတတရား မည်ပါသည်။

နိဗ္ဗာန်သည် ထိုအကြောင်းတရားလေးပါးတို့ ပြုပြင်ဖန်တီးမှုကင်းသောကြောင့် အသင်္ခတတရား မည်ပါသည်။

**ပရမတ္ထတရားလေးပါးနှင့် ရုပ်-နာမ်အခွဲ**

စိတ်၊ စေတသိက်၊ နိဗ္ဗာန်သည် - နာမ်တရား
ရုပ်သည် - ရုပ်တရား

**ပရမတ္ထတရား၌ နိဗ္ဗာန်ကို နောက်ဆုံးထားဆိုရပုံ**

နိဗ္ဗာန်သည် နာမ်တရားဖြစ်သော်လည်း စိတ်၊ စေတသိက်၊ ရုပ်တို့၏ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်ဖြစ်၍ ပရမတ္ထတရားလေးပါးတွင် နိဗ္ဗာန်ကို နောက်ဆုံးထား၍ ဆိုပါသည်။

## စိတ်အမျိုးအစားများ

စိတ်သည် သဘောအားဖြင့် အာရုံကိုသိခြင်းသဘော လက္ခဏာတစ်ပါးသာရှိသော်လည်း စေတသိက်တို့၏ ကွဲပြားမှုကြောင့် အယုတ်၊ အမြတ်၊ အထူးအမြတ်၊ အမြတ်ဆုံးသဘောအရ စိတ်လေးမျိုး ခွဲခြားထားပါသည်။ ယင်းစိတ် ၄-မျိုးမှာ-

**(၁) ကာမာဝစရစိတ် (အယုတ်)**

ကာမ + အဝစရ
ကာမ ၁၁-ဘုံ + ကျင်လည်ကျက်စားတတ်

- ကာမ ၁၁ ဘုံ၌ အများဆုံးကျင်လည်တတ်သောကြောင့် ကာမာဝစရစိတ် မည်ပါသည်။
- ကာမစိတ် ၅၄-ပါးသည် ကာမတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်သောကြောင့် ကာမာဝစရစိတ် မည်ပါသည်။
- အလိုရှိတတ်သော ကာမတဏှာကို ကာမဟု ခေါ်သည်။ ထိုကာမတဏှာသည် ကာမစိတ်၌ အာရုံပြုသည်၏အစွမ်းဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်၏။ ထိုသို့ ကျင်လည်ရာဖြစ်၍ ကာမစိတ်သည် ကာမာဝစရ မည်ပါသည်။
- ကာမာဝစရစိတ် ၅၄-ပါးရှိပါသည်။

## (၂) ရူပါဝစရစိတ် (အမြတ်)

ရူပ + အဝစရ

ရူပဘုံ + ကျင်လည်ကျက်စားတတ်

- အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် ရူပါဝစရစိတ် မည်ပါသည်။
- ရူပတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ရူပါဝစရစိတ် မည်ပါသည်။
- ရူပါဝစရစိတ် ၁၅ ပါး ရှိပါသည်။

## (၃) အရူပါဝစရစိတ် (အထူးသဖြင့်မြတ်)

အရူပ + အဝစရ

အရူပဘုံ+ ကျင်လည်ကျက်စားတတ်

- အရူပလေးဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် အရူပါဝစရစိတ် မည်ပါသည်။
- အရူပတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် အရူပါဝစရစိတ် မည်ပါသည်။
- အရူပါဝစရစိတ် ၁၂-ပါး ရှိပါသည်။

## (၄) လောကုတ္တရာစိတ် (အမြတ်ဆုံး)

လောက + ဥတ္တရာ

လောကသုံးပါးမှ+ လွတ်မြောက်ခြင်း

- မဂ်စိတ်သည် ခန္ဓာငါးပါး စွဲလမ်းမှုဟူသော သင်္ခါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သောအားဖြင့် လွန်မြောက်ဆဲဖြစ်သောကြောင့် လောကုတ္တရာစိတ် မည်ပါသည်။
- ဖိုလ်စိတ်သည် သင်္ခါရလောကမှ လွန်မြောက်ပြီးဖြစ်သောကြောင့် လောကုတ္တရာစိတ် မည်ပါသည်။

**တစ်နည်း-** မဂ်-ဖိုလ်-နိဗ္ဗာန်သည် သင်္ခါရလောကထက် လွန်ကဲမြင့်မြတ်သော ကြောင့် လောကုတ္တရာစိတ်မည်ပါသည်။ လောကုတ္တရာစိတ်သည် အကျဉ်း ၈-ပါး၊ ချဲ့အရ အကျယ် ၄၀- ရှိပါသည်။

**ဆောင်-** *ကာမ၊ ရူပ၊ အရူပ၊ လောကုဥတ္တရာ၊ စိတ်လေးဖြာ။*

## စိတ်ကို ဘုံအားဖြင့်ခွဲလေးမျိုး

စိတ်၊ စေတသိက်တို့၏ မတူညီကွဲပြားမှုကြောင့် သတ္တဝါတို့၏ဘုံများသည် လေးမျိုး ကွဲပြားရပါသည်။

| | | |
|---|---|---|
| (၁) ကာမ | ၁၁-ဘုံ | ကာမဘုံ၌သက်ဝင်သော ကာမာဝစရစိတ် ၅၄-ပါး၊ |
| (၂) ရူပ | ၁၅-ဘုံ | ရူပဘုံ၌ သက်ဝင်သော ရူပါဝစရစိတ် ၁၅-ပါး၊ |
| (၃) အရူပ | ၄-ဘုံ | အရူပဘုံ၌သက်ဝင်သော အရူပါဝစရစိတ် ၁၂-ပါး၊ |
| (၄) လောကုတ္တရာ (အဝတ္ထာဘုံ ) | | လောကသုံးပါးမှ လွတ်မြောက်သောစိတ် ၈-ပါး၊ (အကျယ် ချဲ့အရ ၄၀) |

**ဆောင်-** *ကာမ, ရူပ, အရူပ, လောက ဥတ္တရာ၊ ဘုံလေးဖြာ။*
*စိတ်၊ စေတသိက၊ မတူညီကြ၊ လေးဝကွဲသည်သာ။*

**ကာမာဝစရစိတ် ၅၄ ပါး-**

| | | |
|---|---|---|
| (က) | အကုသိုလ်စိတ် | ၁၂ -ပါး၊ |
| (ခ) | အဟိတ်စိတ် | ၁၈ -ပါး၊ |
| (ဂ) | ကာမသောဘနစိတ် | ၂၄ -ပါး။ |
| | စုစုပေါင်း | ၅၄ -ပါး |

## အကုသိုလ်စိတ် ၁၂-ပါး

**အကုသိုလ်**

- အပြစ်နှင့်တကွ ဖြစ်သော
- မကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော၊
- ကုသိုလ်နှင့် ဆန့်ကျင်ဘက်ဖြစ်သောစိတ်ကို အကုသိုလ်စိတ်ဟု ခေါ်ပါသည်။

(ထိုအကုသိုလ်စိတ်များသည် ဟဒယနှလုံးထဲမှ ပေါ်သည်။ ဤစိတ်သည် ပဟာတဗ္ဗ = ပယ်အပ်သောတရား ဖြစ်ပါသည်။)

**အကုသိုလ်စိတ် ၁၂ ပါး**

| **လောဘမူစိတ် -၈** | **ဒေါသမူစိတ် -၂** | **မောဟမူစိတ် -၂** |
|---|---|---|
| လိုချင်တပ်မက်မှု အရင်းခံသည် | စိတ်ဆိုး-စိတ်ပျက်မှု ပြစ်မှား-ကြမ်းတမ်းမှု အရင်းခံသည် | မသိ-တွေဝေမှု အရင်းခံသည် |

***ဆောင်*** *- လော-ရှစ်၊ ဒေါ-နှစ်၊ မောလည်း-နှစ်၊ ဆယ့်နှစ်အကုဟူ*

**စိတ်၌ယှဉ်သော ဝေဒနာနှင့် သင်္ကေတ**

| | | | | | |
|---|---|---|---|---|---|
| ၁။ သောမနဿဝေဒနာ | = | ( + ) | = | ရွှင်လန်းဝမ်းမြောက်စွာ ခံစားခြင်းသဘော |
| ၂။ ဒေါမနဿဝေဒနာ | = | ( > ) | = | မသာယာဖွယ် ခံစားခြင်းသဘော |
| ၃။ သုခဝေဒနာ | = | ( ∧ ) | = | ကိုယ်၌ဖြစ်သော ချမ်းသာခြင်းသဘော |
| ၄။ ဒုက္ခဝေဒနာ | = | ( ∨ ) | = | ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းသဘော |
| ၅။ ဥပေက္ခာဝေဒနာ | = | ( — ) | = | လျစ်လျူရှု၍ခံစားခြင်းသဘော |

## လောဘမူစိတ် ၈– ပါး

| | | |
|---|---|---|
| လောဘ | + | မူလ |
| လိုချင်ခြင်း | + | အရင်းခံ |
| ကပ်ငြိခြင်း | | |

လိုချင်ခြင်း၊ ကပ်ငြိခြင်း အရင်းခံ၍ ဖြစ်ပေါ်လာသော စိတ်ကို လောဘမူစိတ်ဟူ၍ ခေါ်ပါသည်။

၁။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

သောမနဿ = ဝမ်းမြောက်ခြင်း
သဟဂုတ်(သဟဂတ) = အတူတကွဖြစ်ခြင်း
ဒိဋ္ဌိဂတသမ္ပယုတ် = အမြင်မှားနှင့် ယှဉ်တွဲခြင်း
အသင်္ခါရိက = တိုက်တွန်းမှုမရှိ၊ ကြိုးစားမှုပါခြင်း
လောဘစိတ် = လိုချင်သောစိတ်

၂။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

သသင်္ခါရိက = တိုက်တွန်းမှုရှိ၊ ကြိုးစားမှုမပါခြင်း

၃။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

ဒိဋ္ဌိဂတဝိပ္ပယုတ် = အမြင်မှားနှင့် မယှဉ်တွဲခြင်း

၄။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

၅။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

ဥပေက္ခာ = အလယ်အလတ်ခံစားခြင်း
သဟဂုတ်(သဟဂတ) = အတူတကွဖြစ်ခြင်း
ဒိဋ္ဌိဂတသမ္ပယုတ် = အမြင်မှားနှင့် ယှဉ်တွဲခြင်း
အသင်္ခါရိက = တိုက်တွန်းမှုမရှိ၊ ကြိုးစားမှုပါခြင်း
လောဘစိတ် = လိုချင်သောစိတ်

၆။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

သသင်္ခါရိက = တိုက်တွန်းမှုရှိ၊ ကြိုးစားမှုမပါခြင်း


## မယ်လမုအဘိဓမ္မာ- စိတ်ပိုင်း

၇။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ်
ဒိဋ္ဌိဂတဝိပ္ပယုတ် = အမြင်မှားနှင့် မယှဉ်တွဲခြင်း

၈။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

**သင်္ကေတနည်း**

(၁)




(၂)

| ဒိဋ္ဌိသံ | ဒိဋ္ဌိဝိ | |
|---|---|---|
| + | + | အ |
| + | + | သ |
| - | – | အ |
| - | – | သ |

**လောဘမူစိတ် လောကဥပမာများ**

၁။ ရွှေရည်စိမ်အတုကို အစစ်ထင်၍ လိုချင်စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပြေးကောက်ခြင်း၊

ဝမ်းမြောက်ဝမ်းသာစွာ = သောမနဿ

ရွှေရည်စိမ်အတုကို အစစ်ထင်ခြင်းသည် အမြင်မှား = ဒိဋ္ဌိဂတသမ္ပယုတ်

ပြေးကောက်ခြင်း(တိုက်တွန်းမှုမရှိ) = အသင်္ခါရိက

လိုချင်စိတ် = လောဘစိတ်

၂။ ရွှေလက်စွပ်အစစ်ကို အစစ်ထင်၍ လိုချင်စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပြေးကောက်ခြင်း၊

ဝမ်းမြောက်ဝမ်းသာစွာ = သောမနဿ

ရွှေလက်စွပ်အစစ်ကိုအစစ်ထင်ခြင်း=အမြင်မှားနှင့်မယှဉ်၍= ဒိဋ္ဌိဂတဝိပ္ပယုတ်

ပြေးကောက်ခြင်း(တိုက်တွန်းမှုမရှိ) = အသင်္ခါရိက

လိုချင်စိတ် = လောဘစိတ်

၃။ ငါးကျပ်တန်အတုကို အစစ်ထင်၍ မလိုချင်-လိုချင် ဝမ်းမသာစိတ်ဖြင့်ကောက်ယူခြင်း၊

မလိုချင်-လိုချင်ဝမ်းမသာစိတ်ဖြင့် = ဥပေက္ခာ

ငါးကျပ်တန်အတုကို အစစ်ထင်ခြင်း = ဒိဋ္ဌိဂတသမ္ပယုတ်

ကောက်ယူခြင်း (တိုက်တွန်းမှုမရှိ) = အသင်္ခါရိက

တစ်စုံတစ်ယောက် တိုက်တွန်း၍ ကောက်ယူပါက = သသင်္ခါရိက

၄။ ခွေးအကျင့်-နွားအကျင့်ကို သံသရာလွတ်မြောက်ကြောင်း အကျင့်မှန်ဟူ၍ ဝမ်းသာစွာ လက်ခံယုံကြည်၍ ကျင့်ခြင်း၊

ဝမ်းသာစွာ = သောမနဿ

ခွေး၊ နွားအကျင့်ကိုအမှန်ဟူ၍ လက်ခံခြင်း = ဒိဋ္ဌိဂတသမ္ပယုတ်

ဝမ်းသာစွာလက်ခံယုံကြည်ကျင့်ခြင်း = အသင်္ခါရိကလောဘစိတ်

၅။ အိမ်မြှောင်စုတ်ထိုးသံကို မင်္ဂလာရှိသောအသံ ဟူ၍ ဝမ်းသာစွာ လက်ခံယုံကြည်ခြင်း၊

ဝမ်းသာစွာ = သောမနဿ

အိမ်မြှောင်စုတ်ထိုးသံကိုမင်္ဂလာရှိ၏ဟုယုံကြည်ခြင်း = ဒိဋ္ဌိဂတသမ္ပယုတ်

ဝမ်းသာစွာလက်ခံယုံကြည်ကျင့်ခြင်း = အသင်္ခါရိကလောဘစိတ်

- ပျော်ရွှင်စွာ ရုပ်ရှင်ကြည့်နေသူ၊ ဝတ္ထုဖတ်နေသူ၊ သီချင်းနားထောင်နေသူ၊ သနပ်ခါး မိတ်ကပ်လိမ်းနေသူ စသည်တို့သည် လောဘမူ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်သည်။
- ဝမ်းမသာဘဲ အာရုံခံစားလျှင် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်သည်။
- အပြစ်ရှိသည်ဟု ဆင်ခြင်မိလျှင် ဒိဋ္ဌိမယုဉ်သဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ဖြစ်သည်။
- သူတစ်ပါးတိုက်တွန်း၍ပြုလျှင် အသင်္ခါရိကစိတ် ဖြစ်သည်။

**ဆောင်** - *သော,တက္ကပင်၊ ဒိဋ္ဌိယှဉ်၊ ခေါ်တွင် အ,သင် သ,သင်္ခါ*
*သော,တက္ကပင်၊ ဒိဋ္ဌိမယှဉ်၊ ခေါ်တွင် အ,သင် သ,သင်္ခါ*
*ဥပေက်တူပင်၊ ဒိဋ္ဌိယှဉ်၊ ခေါ်တွင် အ,သင် သ,သင်္ခါ*
*ဥပေက်တူပင်၊ ဒိဋ္ဌိမယှဉ်၊ ခေါ်တွင် အ,သင် သ,သင်္ခါ*
*ဤစိတ်ရှစ်ဆူ၊ လောဘမူ၊ ခေါ်ယူသူနာမာ*

**လောဘစိတ် ၈-ပါးပြားရပုံ**

လောဘစိတ်သည် တစ်မျိုးတည်းဖြစ်သော်လည်း သောမနဿ၊ ဥပေက္ခာ၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်၊ အသင်္ခါရိက၊ သသင်္ခါရိက စသည်အားဖြင့် ကွဲပြားကြသောကြောင့် (၂×၂×၂=၈)ပါး ပြားရပါသည်။

ဤ လောဘစိတ် ၈-ပါးတွင် လောဘဖြစ်ရာ၌

- ပထမဆုံးစိတ်သည် အထက်ဆုံးဖြစ်သည်။
- အဋ္ဌမစိတ်သည် အားအနည်းဆုံး (အနုံ့ဆုံး) စိတ် ဖြစ်သည်။

## လောဘစိတ် အပြစ်ရှိပုံ

လောဘစိတ်ကြောင့် ခိုးဆိုးတိုက်ခိုက်ယူ၏။ လိမ်ညာယူ၏။ ထိုအပြစ်ကြောင့် ပစ္စုပ္ပန်ဘဝ၌ ထောင် စသည်ကျခံရ၏။ တမလွန်ဘဝ၌ အပါယ်လေးပါးကျရောက်ရ၏။

***ဆောင်-*** *လောဘကြောင့်သေ၊ ပြိတ္တာပြေ၊ ရောက်လေဧကန္တ။*

### လောဘစိတ် ၈-ပါးကို ခွဲခြားပြခြင်း

| | ဝေဒနာအပြား | | ပယောဂအပြား | | သင်္ခါရအပြား | |
|---|---|---|---|---|---|---|
| | သော | ဥ | ဒိဋ္ဌိသံ | ဒိဋ္ဌိဝိ | အသင်္ခါ | သသင်္ခါ |
| လောဘမူ ၈-ပါး | ၄ | ၄ | ၄ | ၄ | ၄ | ၄ |

### ဒေါသမူစိတ် ၂-ပါး

ဒေါသ + မူလ
ကြမ်းတမ်းခြင်း + အရင်းခံ
ပြစ်မှားခြင်း

ကြမ်းတမ်းခြင်း၊ ပြစ်မှားခြင်း အရင်းခံဖြစ်သောစိတ်ကို ဒေါသမူစိတ် ဟုခေါ်ပါသည်။

၁။ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်၊
၂။ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ်၊

ဒေါမနဿ = စိတ်မချမ်းမသာခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊
သဟဂုတ် (သဟဂတ) = အတူတကွဖြစ်ခြင်း
ပဋိဃသမ္ပယုတ် = ကြမ်းတမ်းခြင်းနှင့်ယှဉ်တွဲခြင်း
အသင်္ခါရိက = တိုက်တွန်းမှုမရှိ၊ ကြိုးစားမှုရှိခြင်း
သသင်္ခါရိက = တိုက်တွန်းမှုရှိ၊ ကြိုးစားမှုမပါခြင်း

သုတေသနစာကြည့်တိုက်
ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်။



စိတ်ဆိုးမှု၊ စိတ်ပျက်၊ စိတ်ဆင်းရဲမှုဖြစ်သောအခါတိုင်း ဒေါသမူစိတ်ဖြစ်ရသည်။ ဒေါသမူစိတ်ဖြစ်တိုင်း စိတ်ပူလောင်ဆွေးမြေ့၊ နှလုံးမသာယာဖြစ်ရသဖြင့် ဒေါမနဿဝေဒနာဖြစ်ပေါ်ပြီး ပဋိဃ ခေါ် ကြမ်းတမ်းသော ဒေါသစေတသိက်ယှဉ်လာရပါသည်။

မိမိအလိုအလျောက် စိတ်ဆိုးစိတ်ပျက်နေလျှင် အသင်္ခါရိကစိတ် ဖြစ်၏။ သူတစ်ပါးတိုက်တွန်းပြောဆိုမှ စိတ်ဆိုးစိတ်ပျက်နေလျှင် သသင်္ခါရိကစိတ် ဖြစ်၏။

***ဆောင်-*** *ဒေါမနနှင့်၊ တကွတူပင်၊ ပဋိဃယှဉ်၊ ခေါ်တွင် အ,သင် သ,သင်္ခါ၊*

## ဒေါသ ပဋိဃဖြစ်ပေါ်လာပုံ

စိတ်ဆင်းရဲလျှင် စိတ်နုတော့မည်မဟုတ်၊ စိတ်ကြမ်းတမ်းလာမည်။ ထို့ကြောင့် ပဋိဃသမ္ပယုတ် ဖြစ်လာရပါသည်။

- မိမိအလိုမရှိအပ်၊ မနှစ်သက်တတ်အပ်သော အာရုံများကို တွေ့ရသောအခါ၌လည်းကောင်း၊
* - ရန်ငြိုးဖွဲ့ခြင်း အာဃာတဝတ္ထု ၉-ပါးကြောင့်လည်းကောင်း၊
- မိုးကလည်း ရွာလိုက်တာ၊ နေကလည်း ပူလိုက်တာ စသည်ဖြင့် အရာမဟုတ်သည်၌ စိတ်ဆိုးနေခြင်းကြောင့်လည်းကောင်း၊

ဤအကြောင်း ၃-ပါးကြောင့် ဒေါမနဿ၊ ပဋိဃတို့ ဖြစ်ကြရသည်။

---

*** အာဃာတဝတ္ထု ၉-မျိုး**

(က) ဤသူသည် ငါ၏အကျိုးမဲ့ကို ရှေးကလည်း ပြုခဲ့ပြီး ယခုလည်း ပြုဆဲ၊ နောင်လည်း ပြုလတ္တံ့ ဟု မိမိကိုစွဲ၍ ၃-မျိုး၊
(ခ) ဤသူသည် ငါ၏မိတ်ဆွေ အကျိုးမဲ့ကို ရှေးကလည်းပြုခဲ့ပြီး ယခုလည်း ပြုဆဲ၊ နောင်လည်း ပြုလတ္တံ့ ဟု မိတ်ဆွေကိုစွဲ၍ ၃-မျိုး၊
(ဂ) ဤသူသည် ငါ၏ရန်သူအကျိုးကို ရှေးကလည်းပြုခဲ့ပြီး ယခုလည်း ပြုဆဲ၊ နောင်လည်း ပြုလတ္တံ့ ဟု ရန်သူကိုစွဲ၍ ၃-မျိုး၊

၂၈၄၁၉

## ဒေါမနဿ-ပဋိဃ ခြားနားပုံ

- ဒေါမနဿသည် အလိုမရှိအပ်သောအာရုံ(အနိဋ္ဌာရုံ)၌ ခံစားခြင်းလက္ခဏာရှိသော ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သည်။
- ပဋိဃသည် ကြမ်းတမ်းသောသဘောဖြစ်သော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည်။ ဤသို့အားဖြင့် ခြားနားပါသည်။

## ဒေါမနဿ၌ စိတ်ဆင်းရဲခြင်း ၂-မျိုး

**(က) ဝမ်းနည်း၍ စိတ်ဆင်းရဲခြင်း**

- ဆုတ်နစ်သော စိတ်ဆင်းရဲခြင်း ဖြစ်သည်။
- ဝမ်းနည်း၍ တွေးတောရင်း ရင်ကွဲနာကျသေခြင်း၊ နှလုံးကွဲ၍ သေခြင်းများသည် ဆုတ်နစ်သောဒေါသ ဖြစ်သည်။
- ဆုတ်နစ်သောဒေါသ(စိတ်)ထဲတွင် ပဋိဃသမ္ပယုတ်ဟုခေါ်သော ကြမ်းတမ်းသောသဘော ပါသောကြောင့် သေရခြင်း ဖြစ်သည်။

**ဥပမာ** - ဘုရားလောင်းဆဒ္ဒန်ဆင်မင်း၏မိဖုရားဖြစ်သော သုဘဒ္ဒါသည် ဆင်မိဖုရားဘဝက ရန်ငြိုးကြောင့် လူမင်း၏မိဖုရားဘဝတွင် ဆဒ္ဒန်ဆင်စွယ်ကို သောနုတ္တရမုဆိုးအား ဖြတ်ခိုင်းပြီး ထိုဆင်စွယ်ကို ရင်ဝယ်ပွေ့ကာ အတိတ်ကချစ်ခဲ့သော အဖြစ်သနစ်များကို တစိမ့်စိမ့်တွေးတောပြီး နှလုံးကွဲသေရသည်။

ထိုဝမ်းနည်းသော ဆုတ်နစ်သည့်ဒေါသထဲတွင်လည်း ကြမ်းတမ်းသောသဘော ပါဝင်သည်။

**(ခ) စိတ်ဆိုး၍ စိတ်ဆင်းရဲခြင်း**

- တက်ကြွသော စိတ်ဆင်းရဲခြင်း၊

တက်ကြွသောစိတ်ဆင်းရဲမှုတွင် ပဋိဃသမ္ပယုတ်ခေါ် ကြမ်းတမ်းသောသဘော ပါဝင်သည်။

**ဥပမာ** - ရွဲကုန်သည်ဝတ္ထုတွင် ဒေဝဒတ်အလောင်း ရွဲကုန်သည်မိုက်သည် ဘုရားအလောင်းရွဲကုန်သည်ထံမှ ရွှေခွက်ကို မရလိုက်သောကြောင့် ဒေါသအမျက်ထွက်ကာ နှလုံးကွဲ၍ သေရသည်။
ကြမ်းတမ်းသောသဘော ပါသောကြောင့် သေရခြင်းဖြစ်သည်။

**အသင်္ခါရိကဒေါသစိတ်**

- သူတစ်ပါးက မတိုက်တွန်းဘဲ မိမိအလိုလိုပင် တက်ကြွသော ဒေါသ၊ ဆုတ်နစ်သော ဒေါသဖြစ်ရသည်။
- မိမိအလိုအလျောက်ပင် ဖြစ်ပြီးသောကိစ္စတို့ကို ပြန်၍စဉ်းစားပြီး ဝမ်းနည်း၍ စိတ်ဆင်းရဲခြင်းသည် = အသင်္ခါရိကဒေါသစိတ် ဖြစ်သည်။

**သသင်္ခါရိကဒေါသစိတ်**

- သူတစ်ပါးလာ၍ ကုန်းတိုက်ခြင်းကြောင့်ဖြစ်လာသော ဒေါသသည် သသင်္ခါရိကဒေါသစိတ် ဖြစ်သည်။
- မိမိကိုယ်တိုင် ကြိုးစား၍ ဒေါသဖြစ်ခြင်းများလည်း ရှိသည်။

**ဥပမာ** - ကလေးများ ခြေဆောင့်ငိုခြင်း၊
- တစ်ခါတစ်ရံ စိတ်ပြင်းပြသောသူများသည် တိုင်နှင့်ခေါင်းနှင့်ဆောင့်ခြင်း၊ တိုက်ခြင်း၊
- ဓားနှင့် မိမိကိုယ်ကို ပြန်၍ထိုးခြင်းများသည် သသင်္ခါရိက ဒေါသစိတ်ကြောင့် ဖြစ်သည်။ (သူတစ်ပါးပယောဂအပေါ် မှီ၍ ဖြစ်ခြင်းဖြစ်သည်။)

**ဒေါသ အပြစ်ဖြစ်ပုံ**

ဒေါသကြောင့် ရန်ဖြစ်၏။ တိုက်ခိုက်၏။ ရာဇဝတ်မှုဖြစ်ကာ ပစ္စုပ္ပန်ဘဝ၌ ထောင်ကျခံရသည်။ သေသော် အပါယ်ငရဲသွားရ၏။

***ဆောင်*** - *ဒေါသကြောင့်သေ၊ ငရဲပြေ၊ ရောက်လေကေန္တ။*

## မောဟမူစိတ် ၂-ပါး

မောဟ + မူလ
တွေဝေခြင်း၊ ဖုံးလွှမ်းခြင်း + အရင်းခံ

တွေဝေခြင်း၊ ဖုံးလွှမ်းခြင်း အရင်းခံ၍ ဖြစ်ပေါ်လာသော စိတ်ကို မောဟမူစိတ်ဟု ခေါ်ပါသည်။

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ်၊
၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ်၊

| | | |
|---|---|---|
| ဥပေက္ခာ | = | အလယ်အလတ်ခံစားခြင်း |
| သဟဂုတ်(သဟဂတ) | = | အတူတကွဖြစ်ခြင်း |
| ဝိစိကိစ္ဆာသမ္ပယုတ် | = | ယုံမှားခြင်းနှင့်ယှဉ်သော၊ မဆုံးဖြတ်နိုင်သော၊ သို့လော-သို့လော ဖြစ်သောသဘော၊ (ရတနာသုံးပါး၊ ကံတရား စသည့် ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘော) |
| မောဟစိတ် | = | တွေဝေဖုံးလွှမ်းခြင်းစိတ် |
| ဥဒ္ဓစ္စသမ္ပယုတ် | = | ပျံ့လွင့်ခြင်းနှင့်ယှဉ်သော အာရုံအမျိုးမျိုးသို့ စိတ်ပျံ့လွင့်ခြင်းသဘော |
| မောဟစိတ် | = | တွေဝေဖုံးလွှမ်းခြင်းစိတ် |

***ဆောင်*** - *ဥပေက်တူကွ၊ ဝိကိစ္ဆ၊ ဥဒ်စ၊ မောမူဒွါ*

### မောဟစိတ် အပြစ်ဖြစ်ပုံ

မိမိလုပ်ရမည့်ဖြစ်သော စာသင်ရမည့်အလုပ်ကိုအလုပ်၊ မသင်၊ တွေဝေနေသဖြင့် စာမေးပွဲမအောင်၊ စာမတတ်-ပညာမဲ့ ဖြစ်ရသည်။ ပညာမဲ့သဖြင့် အကြောင်းအကျိုး၊ အကောင်းအဆိုးကိုမသိ။ သတ်မည်-ခိုးမည်။ ထိုအတွက် အပြစ်ရမည်။ အကျိုးစီးပွား ပျက်စီးရသည်။ သူတစ်ပါးကဲ့ရဲ့ခံရသည်။

- ရတနာသုံးပါး၊ ကံတရား စသည်၌ ယုံမှားသံသယဖြစ်နေသူတွင် မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ဖြစ်၏။
- အာရုံပျံ့လွင့်ပြီး တွေဝေငေးမောနေသူ၌ ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဖြစ်၏။
- အကုသိုလ်စိတ်ဖြစ်တိုင်း သတိထားမိလျှင် အကုသိုလ်စိတ်အစဉ် ပြတ်သွားမည်။
- အထူးသဖြင့် မကောင်းမှုအကုသိုလ်ဒုစရိုက် ၁၀-ပါးကို မသိမှု(မောဟ)ကြောင့် ပြုလုပ်နေကြရာ အပါယ်သို့ကျနိုင်သည်။ အကုသိုလ်စိတ်အကြံ ကို ထိန်းသိမ်းနိုင်ပါက ကိုယ်နှုတ်အမူအရာထိန်းပြီး ဖြစ်သည်။

***ဆောင်***- *မောဟကြောင့်သေ၊ တိရစ္ဆာန်ပြေ၊ ရောက်လေဧကန္တ။*

## မောဟမူစိတ်၏ဝိစိကိစ္ဆာသဘော

တွေဝေခြင်း၊ ယုံမှားခြင်းရှိသောပုဂ္ဂိုလ်အား ထိုယုံမှားသံသယဖြင့် သဘာဝကို စူးစမ်းသည်ရှိသော် ပူပန်ပင်ပန်းတတ်၏။ ယုံမှားခြင်း၊ တွေဝေခြင်းရှိသော ပုဂ္ဂိုလ်အား သဘာဝအမှန်တရားကို စဉ်းစားဆုံးဖြတ်ခိုင်းလျှင် မဆုံးဖြတ်နိုင်သဖြင့် ထိုပုဂ္ဂိုလ်အတွက် ဆင်းရဲစရာ၊ ပူပင်စရာ၊ ပင်ပန်းစရာသာ ဖြစ်သည်။

ယုံမှားသံသယရှိသော ဝိစိကိစ္ဆာစိတ်ကို ဉာဏ်ဖြင့်ကုစားခြင်းငှာ ခဲယဉ်းသည် ဖြစ်၍ ဉာဏ်တည်းဟူသော ဆေးသမားသည် ကင်းသည့်အတွက် ဝိစိကိစ္ဆာမည်သည် ဟု ဆိုပါသည်။

## မောဟမူစိတ်၌ဥပေက္ခာတစ်မျိုးတည်းရှိပုံ

မောဟမူစိတ်သည် မောဟဟိတ်တစ်ပါးသာရှိ၍ တွေဝေခြင်း၊ မဆုံးဖြတ်နိုင်ခြင်း၊ ယုံမှားခြင်း၊ ပျံ့လွင့်ခြင်းအားကြီးသောကြောင့် ကောင်းသောအာရုံ၌လည်း နှစ်သက်ဝမ်းမြောက်မှုသဘောမရှိ၊ မကောင်းသောအာရုံ၌လည်း မနှစ်သက်ခြင်း ဒေါမနဿသဘောမရှိ၊ ထို့ကြောင့် ဥပေက္ခာတစ်မျိုးတည်းသာ ရှိသည်။

**မောဟမူဒွေး၌သင်္ဂါရအပြားမရှိပုံ**

မောဟမူဒွေးသည် ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စဟူသော အလွန်တွေဝေယုံမှားပျံ့လွင့်ခြင်း သဘောရှိ၏။

ထိုယုံမှား ပျံ့လွင့်တွေဝေလွန်းသောစိတ်၌ ပင်ကိုသဘောအားဖြင့် ထက်သန်သည် အဖြစ်၊ တိုက်တွန်းအပ်သည်အဖြစ် မရှိသောကြောင့် သင်္ခါရအပြားမရှိပါ။ (လယ်တီဆရာတော်နှင့် နောက်ပိုင်းဆရာတို့က“အသင်္ခါရိက”ဟု ယူပါသည်။)

## အကုသိုလ်စိတ် ၁၂ ပါး ဝေဒနာစသည်ခွဲပုံ

| ဝေဒနာအပြား | | | ပယောဂအပြား | | သင်္ခါရအပြား | | |
|---|---|---|---|---|---|---|---|
| **သော** | **ဥ** | **ဒေါ** | **သမ္ပယော** | **ဝိပ္ပယော** | **အသင်္ခါ** | **သသင်္ခါ** | **သင်္ခါလွတ်** |
| ၄ | ၆ | ၂ | ၈ | ၄ | ၅ | ၅ | ၂ (မောဟမူ) |

***ဆောင်-*** *ဥ-ခြောက်၊ သော-လေး၊ ဒေါဝေ-ဒွေး၊ ခွဲရေးဆယ့်နှစ်ဖြာ၊*
*သမ်-ရှစ်၊ ဝိပ်-လေး၊ ပယောဂဒွေး၊ ခွဲရေးဆယ့်နှစ်ဖြာ၊*
*အသ-ပဉ္စ၊ သသပဉ္စ၊ မောဟဒွ၊ ခွဲထ ဆယ့်နှစ်ဖြာ။*

## အဟိတ်စိတ် ၁၈-ပါး

အ + ဟေတုက
မရှိ + ဟိတ် ၆-ပါး
-အကြောင်းတရား(ဝါ)အရင်းအမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရားမရှိ။

ယှဉ်ဖော်ယှဉ်ဖက် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်၆-ပါးတွင် တစ်ပါးပါးနှင့်မျှ မယှဉ်သောကြောင့် (ဝါ) ဟိတ်မရှိသောကြောင့် အဟိတ်စိတ် မည်ပါသည်။

## အဟိတ်စိတ် (ဟိတ်မပါသောစိတ်များ)

| | |
|---|---|
| ၁။ အကုသလဝိပါက်စိတ် | - ၇-ပါး |
| ၂။ အဟိတ်ကုသလဝိပါက်စိတ် | - ၈-ပါး |
| ၃။ အဟိတ်ကြိယာစိတ် | - ၃-ပါး |
| စုစုပေါင်း | ၁၈-ပါး |

***ဆောင်*** - *ခုနစ်-အကု၊ ရှစ်မှာ-ကု၊ သုံးခုကြိယာ၊ ဟိတ်အငြာ၊*

## အကုသလဝိပါက်စိတ် ၇-ပါး

| | | |
|---|---|---|
| အကုသလ | + | ဝိပါက |
| အပြစ်ရှိ၍မကောင်းကျိုးကို | + | ရင့်ကျက်ခြင်း၊ အရင့်၊ |
| ဖြစ်စေသည် | | အကျိုးပိုင်း |

မကောင်းသောအာရုံဖြစ်ခြင်း စသော အကုသိုလ်စိတ်ကြောင့် ပေါ်ထွက်လာသော အကုသိုလ်အကျိုးစိတ် ဖြစ်သည်။

အကုသလဝိပါက်စိတ်များသည် ရှေးအကုသိုလ်ကံတို့၏ အကျိုးဖြစ်သောစိတ်များ ဖြစ်ကြပါသည်။ မကောင်းသောအာရုံများကို မြင်-ကြား-နံ-စား-တွေ့ထိသောအခါ အာရုံကိုသိသောစိတ်များ ဖြစ်ကြပါသည်။

| | |
|---|---|
| ၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် | (မြင်သိစိတ်) |
| ၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် | (ကြားသိစိတ်) |
| ၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် | (နံသိစိတ်) |
| ၄။ ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် | (စားသိစိတ်) |
| ၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် | (ထိသိစိတ်) |
| ၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် | (အာရုံလက်ခံစိတ်) |
| ၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | (အာရုံစူးစမ်းစိတ်) |

***ဆောင် -*** *စက်၊ သော၊ ဃာ၊ ဇိ၊ ကာ၊ သမ်၊ တီ၊ ခွန်လီ၊ အကုသလာ၊*
*ကာ-ဒွ၊ ကျွန်-ဥ၊ ပေါင်း ခွန်ရှု၊ အကုဝိပါကာ။*

၁။ စက္ခုဝိညာဏ်စိတ်သည် မျက်စိထဲမှပေါ်၍ အဆင်းကိုသိသည်။
၂။ သောတဝိညာဏ်စိတ်သည် နားထဲမှပေါ်၍ အသံကိုသိသည်။
၃။ ဃာနဝိညာဏ်စိတ်သည် နှာခေါင်းထဲမှပေါ်၍ အနံ့ကိုသိသည်။
၄။ ဇိဝှာဝိညာဏ်စိတ်သည် လျှာပေါ်မှပေါ်၍ အရသာကိုသိသည်။
၅။ ကာယဝိညာဏ်စိတ်သည် ကိုယ်ခန္ဓာပေါ်မှာပေါ်၍ အတွေ့အထိကိုသိသည်။
၆။ သမ္ပဋိစ္ဆိုင်းစိတ်သည် နှလုံးထဲမှပေါ်၍ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအားလုံးကို လက်ခံသည်။
၇။ သန္တီရဏစိတ်သည် အဆင်း၊ အသံ စသော အာရုံအားလုံးကို ကောင်းမကောင်း စုံစမ်းစစ်ဆေးပါသည်။

ဥပမာ

- ဆဲသံ စသော ကြမ်းတမ်းသောအသံတစ်ခုကို ကြားခြင်းသည် အကုသလဝိပါက် သောတဝိညာဏ်စိတ်ဖြစ်၍ ထိုကြားခြင်းကို လက်ခံသည်မှာ သမ္ပဋိစ္ဆိုင်းစိတ်၏ အလုပ် ဖြစ်ပါသည်။
- ဆဲဆိုသံ ကောင်း-မကောင်း၊ အဓိပ္ပါယ်မည်သို့ရှိသည်၊ မည်မျှကြမ်းတမ်းညစ်ညမ်းသည်တို့ကို သေချာစွာ စစ်ဆေးသောစိတ်သည် သန္တီရဏစိတ်၏ အလုပ် ဖြစ်ပါသည်။
- နားသည် အသံတစ်ခုကို ကြားပြီးနောက် ချက်ချင်းပျောက်သွားသောသဘော ရှိသည်။ နားတွင်ကြားနိုင်သော ကိရိယာ ရှိသည်။
- ထိုပျောက်သွားသောအသံကို သမ္ပဋိစ္ဆိုင်းစိတ်က အသံဟူ၍ လက်ခံထားလိုက်သည်။
- ထို့နောက် သန္တီရဏစိတ်က စုံစမ်းစစ်ဆေးသောအလုပ်ကို လုပ်သည်။

## အကုသလဝိပါက်စိတ်နှင့် အကုသိုလ်စိတ်ဖြစ်မှု

စက္ခုဝိညာဏ်စိတ် စသော ဝိညာဏ်စိတ်တို့သည် မျက်စိ စသည်ထဲ၌ လည်းကောင်း၊ အရာဝတ္ထု တစ်ခုခုထဲ၌လည်းကောင်း သိုလှောင်ထိန်းသိမ်းထားသည် မဟုတ်ပါ။ အဆင်းနှင့် မျက်စိ စသည်ဖြင့် သက်ဆိုင်ရာ တစ်ခုနှင့်တစ်ခု တွေ့ထိမှသာ မြင်ရပါသည်။

အကုသိုလ်စိတ်နှင့် အကုသလဝိပါက်စိတ်တို့သည် ဆက်သွယ်လျက်ရှိနေပါသည်။

- အကုသိုလ်စိတ် ၁၂-ပါးကြောင့် အကုသလဝိပါက်စိတ် (အကုသိုလ်အကျိုးစိတ်) ၇-ပါးကို ရရှိပါသည်။
- အပြစ်ရှိ၍ မကောင်းကျိုးကို ဖြစ်စေသော အကုသိုလ်အလုပ်ကို လုပ်ကိုင်ပါက အကုသလဝိပါက်ဟု ခေါ်သော အပြစ်ရှိသော မကောင်းကျိုးကို ရရှိခံစားရပါသည်။

**ဥပမာ-** လူတစ်ယောက်သည် လိုချင်သော (လောဘ)စိတ်ဖြင့် ပစ္စည်းကို ခိုးယူ၏။ ပိုင်ရှင်သိသွားသော် ဒေါသစိတ်ဖြစ်ကာ ထိုပိုင်ရှင်ကို ရိုက်နှက်သတ်ဖြတ်ပါက ထိုသူသည် ဖမ်းဆီးချုပ်နှောင်ခံရပါမည်။

လောဘစိတ်၊ ဒေါသစိတ်၏အကျိုးအဖြစ် အချုပ်ခန်းထဲ၌ မကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို ရရှိခံစားရပါတော့မည်။ မကောင်းမှုကြောင့် မကောင်းသောအကျိုးများ ရရှိခံစားရပါတော့မည်။ ထိုသို့ ခံစားရခြင်းသည် အကုသိုလ်စိတ် ၁၂-ပါးကြောင့်သာ ဖြစ်ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ ဥပေက္ခာ | + | သဟဂုတ် | + | စက္ခု | + | ဝိညာဏ |
| အလယ်အလတ် | + | အတူဖြစ် | + | မျက်စိ | + | သိခြင်း |
| ၂။ ဥပေက္ခာ | + | သဟဂုတ် | + | သောတ | + | ဝိညာဏ |
| အလယ်အလတ် | + | အတူဖြစ် | + | နား | + | သိခြင်း |
| ၃။ ဥပေက္ခာ | + | သဟဂုတ် | + | ဃာန | + | ဝိညာဏ |
| အလယ်အလတ် | + | အတူဖြစ် | + | နှာခေါင်း | + | သိခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄။ ဥပေက္ခာ | + | သဟဂုတ် | + | ဇိဝှာ | + | ဝိညာဏ |
| အလယ်အလတ် | + | အတူဖြစ် | + | လျှာ | + | သိခြင်း |
| ၅။ ဒုက္ခ | + | သဟဂုတ် | + | ကာယ | + | ဝိညာဏ |
| ဆင်းရဲ | + | အတူဖြစ် | + | အတွေ့အထိ | + | သိခြင်း |
| ၆။ ဥပေက္ခာ | + | သဟဂုတ် | + | သမ္ပဋိစ္ဆိုင်း | + | စိတ္တ |
| အလယ်အလတ် | + | အတူဖြစ် | + | လက်ခံ | + | စိတ် |
| ၇။ ဥပေက္ခာ | + | သဟဂုတ် | + | သန္တီရဏ | + | စိတ္တ |
| အလယ်အလတ် | + | အတူဖြစ် | + | စုံစမ်းစစ်ဆေး | + | စိတ် |

**<u>သင်္ကေတ</u>**

စက် သော ယာ ဖိ ကာ သမ် တိ

— — — — ∧ — —

## အကုသလဝိပါက် ဥပေက္ခာ-ဒုက္ခမည်ရပုံ

စိတ်တို့သည် တစ်စက္ကန့်အတွင်း၌ ကုဋေတစ်သိန်းကျော် ရှေ့ဆင့်-နောက်ဆင့် ဖြစ်ပျက်သွားကြရာ မြင်သိစိတ်၊ ကြားသိစိတ် ဖြစ်ပျက်သွားသောအချိန်သည် အလွန်တိုတောင်းလှပါသည်။

ဤတိုတောင်းသောအချိန်အတွင်း၌ အာရုံကို ပြတ်ပြတ်သားသား မသိနိုင်သဖြင့် အာရုံကို ခံစားမှုမရှိသေးချေ။ ထို့ကြောင့် ကာယဝိညာဏ်စိတ်မှလွဲ၍ အားလုံး ဥပေက္ခာသဟဂုတ်စိတ်များ ဖြစ်ကြရပါသည်။

ကာယဝိညာဏ်စိတ်မှာ ကိုယ်ဆင်းရဲနှင့်တကွ ဖြစ်သဖြင့် ဒုက္ခသဟဂုတ်စိတ် ဖြစ်ရပါသည်။

စက္ခုဝိညာဏ် စသော အာရုံသိစိတ်ချုပ်ငြိမ်းသွားသည့်အခါ ယင်းစိတ်ကယူခဲ့သောအာရုံကို ပဋ္ဌာန်းနည်းအရ နောက်နောက်စိတ်သို့ လက်ဆင့်ကမ်းပေးခဲ့ပါသည်။

ထိုအာရုံကို သမ္ပဋိစ္ဆိုင်းစိတ်က လက်ခံပြီး သန္တီရဏစိတ်က စုံစမ်းသည်။ ထို့နောက် အဟိတ်ကြီးယာတွင်ပါသော မနောဒွါရာဝဇ္ဇန်းစိတ်က ထိုအာရုံကို အဆုံးအဖြတ်ပေးပါသည်။ ထိုအခါကျမှ အာရုံကို သိလာနိုင်ပါသည်။

## အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး

ကုသလ = အပြစ်ကင်း၍ ကောင်းကျိုးကို ဖြစ်စေခြင်း
ဝိပါက = အရင့်၊ ရင့်ကျက်ခြင်း၊ အကျိုး
(**ဥပမာ** - သစ်ပင်တစ်ပင်သည် တစ်စတစ်စ တဖြည်းဖြည်း တိုးတက်ကြီးပွား လာသည်။ နောက်ဆုံး အပွင့် အသီးသီးသည်။ ထို့ကြောင့် နောက်ဆုံး အရင့်ပိုင်းသည် အသီးဖြစ်သည်။)

- အလားတူ ဝိပါက်ဟူသည် နောက်ဆုံးအရင့်ပိုင်းအသီးပိုင်း ဖြစ်ပါသည်။
- ကုသလဝိပါက်စိတ်များသည် ရှေးကုသိုလ်ကံတို့၏ အကျိုးတရားဖြစ်သောစိတ်များ ဖြစ်ကြပါသည်။
- ကောင်းသောအာရုံကို မြင်-ကြား-နံ-စား-ထိတွေ့ရန်နှင့် ထိုအာရုံတို့ကို လက်ခံရန်၊ စူးစမ်းရန်တို့အတွက် အလုပ် လုပ်ပေးကြရသည်။
- ကုသလဝိပါက်စိတ်တွင် အဟိတ်၊ သဟိတ် ၂-မျိုးရှိရာ ဤတွင် အဟိတ်ကို ဖော်ပြပါသည်။

### ကုသလဝိပါက်စိတ်နှင့် အကုသလဝိပါက်စိတ်၏သဘော

ကောင်းမှုဟူသောအမြစ်ဖြင့် အရင်းခံပါက ကုသိုလ်အကျိုးဟူသော အသီးကို ရရှိခံစားရပါမည်။

မကောင်းမှုဟူသောအမြစ်ဖြင့် အရင်းခံပါက အကုသိုလ်အကျိုးဟူသော အသီးကို ရရှိခံစားရပါမည်။

**ဥပမာ** - ပိန္နဲပင်စိုက်ပါက တစ်စတစ်စ ကြီးပွားလာအောင် ပြုစုရသည်။ ထိုကာလတွင် ပင်ပန်းဆင်းရဲသည်။ ပိန္နဲသီးအရသာကို မခံစားရသေးချေ။ အသီးသီးလာသောအခါကျမှသာ ပိန္နဲသီး၏ ချိုသောအရသာကို ခံစားရသည်။

ထိုနည်းတူ ကုသိုလ်လုပ်ငန်းကို ဆောင်ရွက်နေစဉ် အရသာမပေါ်သေး။ ကြိုးစားပမ်းစား ပြုလုပ်ဆောင်ရွက်ကြရသည်။ ထိုကုသိုလ်ကြောင့် နတ်ရွာနိဗ္ဗာန်ရရှိမှသာ အကျိုးကို ခံစားရပါမည်။

အဆိပ်ပင်ကို သေချာစွာမစိုက်ရ၊ အလေ့ကျပေါက်သကဲ့သို့ အကုသိုလ်အလုပ်သည် များစွာ ကြိုးပမ်း၍မလုပ်ရ၊ အလွယ်ဖြစ်ပေါ်ပြုလုပ်တတ်သည်။

ရုံးတစ်ရုံးတွင် အလုပ်ကို ကောင်းစွာပြုလုပ်သူနှင့် အပျော်အပါးလိုက်စားနေသူ ၂-ဦးတွင် နောက်ဆုံးရလဒ်သည် အလုပ်ကြိုးစားလုပ်သူက ရာထူးတက်မည်။ အပျော်အပါးလိုက်စားနေသူက ရာထူးမတက်ဘဲ ကျန်ခဲ့မည်။

သို့အတွက် ကောင်းကျိုးကို ခံစားလိုက ကောင်းသောအကျိုးကို ဖြစ်စေမည့် ကောင်းသောအလုပ်ကို လုပ်ကြရပါမည်။

လူတစ်ယောက်သည် မျက်စိတစ်လုံး၊ နားတစ်ခုဖြင့် ကုသိုလ်-အကုသိုလ်တို့ကို ပြုလုပ်နိုင်သည်။

**အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး**

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်
၄။ ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ်
၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ်
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်
၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်
၈။ သောမနဿသဟဂုတ် သန္တီရဏစိတ်

***ဆောင်-*** *စက်၊ သော၊ ဃာ၊ ဇိ၊ ကာ၊ သမ်၊ တီ၊ တလီကုသလာ*
*ကာ-သု လိ ဘိ၊ သော-ဟိ ထည် အဟိကုဝိဒ္ဓါ။*

<u>**သင်္ကေတ**</u>

| • စက် | သော | ဃာ | ဇိ | ကာ | သမ် | တီ | တီ |
|---|---|---|---|---|---|---|---|
| — | — | — | — | ∨ | — | — | + |

## ကုသလ၌ အဟေတုက ထည့်ရပုံ

အကုသလဝိပါက်စိတ်သည် အဟိတ်သက်သက်ဖြစ်၍ အဟိတ် (အဟေတုက) ပုဒ် မထည့်ပါ။

ကုသလဝိပါက်တွင်မူ အဟိတ်ကုသလဝိပါက်၊ သဟိတ်ကုသလဝိပါက် ၂-မျိုး ရှိနေ၍ အဟိတ်ကုသလဝိပါက်ဟု ကွဲပြားစေလို၍ အဟိတ်(အဟေတုက)ပုဒ်ကို ထည့်ရပါသည်။

## စက္ခု သောတ စသည်တို့ ဥပေက္ခာဟု ဆိုရပုံ

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ် တို့သည် ဝတ္ထုနှင့် အာရုံထိခိုက်ခြင်း၏ အားနည်းသည်၏အဖြစ်ကြောင့် ဥပေက္ခာဝေဒနာ တစ်မျိုးသာ ရပါသည်။

ထိခိုက်မှု အားနည်းပုံမှာ စက္ခုဝိညာဏ် စသည်တို့၏ မှီရာရုပ်တရားမှာ စက္ခုပသာဒ စသော ဥပါဒါရုပ်အမျိုးအစား ဖြစ်သည်။ ရူပါရုံ စသော အာရုံလေးပါးတို့သည်လည်း ဥပါဒါရုပ်အမျိုးအစားများသာ ဖြစ်သည်။

ဥပါဒါရုပ်များသည် မဟာဘုတ်တရားလေးပါးကိုသာ အမှီအတွယ်ပြုနေရသောကြောင့် ယင်းတို့ကိုယ်တိုင်မှာ စွမ်းအင်သိပ်မရှိ၊ အားနည်းလှသည်။

ထိုသို့ အားနည်းသော ဥပါဒါရုပ်အချင်းချင်း ထိခိုက်မှုသည် ဝါဂွမ်းဆိုင်တစ်ခုနှင့် ဝါဂွမ်းဆိုင်တစ်ခု ထိခိုက်ခြင်းကဲ့သို့ အလွန်အားနည်းသောကြောင့် အမြဲတမ်း ဥပေက္ခာတစ်မျိုးသာ ဖြစ်ရသည်။

## ကာယဝိညာဏ်၌ သုခ၊ ဒုက္ခ နှစ်မျိုးဖြစ်ရခြင်း

ဝတ္ထုနှင့် အာရုံတို့၏ ထိခိုက်မှုအားရှိသောကြောင့် အလိုမရှိအပ်သောအာရုံ (အနိဋ္ဌာရုံ)၌ ဒုက္ခသဟဂုတ်၊ အလိုရှိအပ်သော အာရုံ(ဣဋ္ဌာရုံ)၌ သုခသဟဂုတ် နှစ်မျိုး ဖြစ်ရပါသည်။

ကာယဝိညာဏ်စိတ်အာရုံမှာ ဖောဋ္ဌဗ္ဗာရုံ ဖြစ်သည်။ ဖောဋ္ဌဗ္ဗာရုံသည် ပထဝီ၊ တေဇော၊ ဝါယော ဟူသော မဟာဘုတ်သုံးပါး ဖြစ်သည်။ မဟာဘုတ်သည် မိမိ ကိုယ်တိုင်ပင် အားကြီး၍ နေပါသည်။

- ကာယဝိညာဏ်၏ မှီရာမှာ ကာယပသာဒ ဖြစ်သည်။ ကာယပသာဒသည် ဥပါဒါရုပ် ဖြစ်ပါသည်။

ကာယပသာဒ၏တည်ရာ ခန္ဓာကိုယ်ကြီးသည်ကား မဟာဘုတ်ဓာတ်ကြီး လေးပါးဖြင့် ဖွဲ့စည်းထားသည်။

ကာယဝိညာဏ်စိတ်၏အာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံ အရှိန်အားကြီးသဖြင့် ကာယဝိညာဏ်စိတ်၏မှီရာ ကာယပသာဒရုပ်နှင့် ထိခိုက်သောအခါ ကာယပသာဒ ရုပ်ကိုလွန်၍ ကာယပသာဒ၏ တည်ရာ မဟာဘုတ်ဓာတ်ကြီးလေးပါးဖြင့် သွား ရောက် ထိခိုက်သည်။

**ဥပမာ**- အောက်ခံတုံးပေါ်၌ ဝါဂွမ်းဆိုင်ကိုတင်၍ တူဖြင့် ထုရိုက်လိုက်ပါက တူသည် ဝါဂွမ်းဆိုင်ကိုလွန်၍ အောက်ခံတုံးကိုပါ ရိုက်မိသကဲ့သို့- တူသည် ဖောဋ္ဌဗ္ဗာရုံ (ဘူတရုပ်)၊ ဝါဂွမ်းဆိုင်သည် ကာယပသာဒ (ဥပါဒါရုပ်)၊ အောက်ခံတုံးသည် ကာယပသာဒ၏တည်ရာ ခန္ဓာ(ဓာတ်ကြီးလေးပါးအစု ဘူတရုပ်)တို့နှင့် တူပါသည်။

ဤသို့ မဟာဘုတ်ချင်း ထိခိုက်မှုအားပြင်းသောကြောင့် အနိဋ္ဌာရုံ(မကောင်း သောအာရုံ)၌ ဒုက္ခ၊ ဣဋ္ဌာရုံ(ကောင်းသောအာရုံ)၌ သုခ ဖြစ်ရပါသည်။

## အဟိတ်ကြိယာစိတ် ၃ ပါး

ကြိယာစိတ် = ပြုကာမျှမတ္တဖြစ်သောစိတ်
= ဘုရား-ရဟန္တာတို့၏စိတ်

သမ္ပယုတ် (ယှဉ်ဖော်ယှဉ်ဖက်) ဟိတ်မရှိသောကြောင့် အဟိတ်ကြိယာစိတ်ဟု ခေါ်ပါသည်။

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်

၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်

၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်

**ဆောင်-** *ဥပေက် ပဉ္စ၊ မနောဒွ၊ သောမသ် ဟသိတာ*
*သုံးကြိမ်စိတ်၊ သမ္ပယုတ်ဆိတ်၊ အဟိတ်ခေါ်သည်သာ*

**သင်္ကေတ**

| ပဉ္စဒွါရ | မနောဒွါရ | ဟသိတုပ္ပါဒ် |
|---|---|---|
| — | — | + |

၁။ ပဉ္စ + ဒွါရ + အာဝဇ္ဇန
ငါး + တံခါးပေါက် + လှည့်၍ဆင်ခြင်ခြင်း

- မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော တံခါးပေါက်ငါးပေါက်၌ ထင်လာသော အာရုံများကို ဆင်ခြင်နှလုံးသွင်းတတ်သောစိတ်။

၂။ မနော + ဒွါရ + အာဝဇ္ဇန
စိတ် + တံခါးပေါက် + ဆင်ခြင်နှလုံးသွင်းတတ်သောစိတ်

- စိတ်တံခါးပေါက်၌ ထင်လာသောအာရုံကို ဆင်ခြင်နှလုံးသွင်းတတ်သောစိတ်၊

၃။ ဟသိတ + ဥပ္ပါဒ
ပြုံးရယ်ခြင်း+ ဖြစ်စေ

- ဘုရား၊ ရဟန္တာ တို့ ပြုံးရယ်သောစိတ်၊
- ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်တို့သည် ဝီထိစိတ်ခေါ် အသိစိတ်ဖြစ်ပေါ်ရန် မိမိတို့၏ ဆိုင်ရာကိစ္စများကို ဝတ္တရားအရ လုပ်ဆောင်ကြရသောကြောင့် ဥပေက္ခာသဟဂုတ်စိတ်များသာ ဖြစ်ရသည်။
- ဟသိတုပ္ပါဒ်စိတ်မှာ ဝမ်းမြောက်ရွှင်လန်းမှုနှင့် ပြုံးရယ်နေသောကြောင့် သောမနဿသဟဂုတ်စိတ် ဖြစ်ရသည်။
- ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်နှစ်ပါးသည် ဇောစိတ်မဟုတ်သဖြင့် အာရုံကို ဆင်ခြင်ရုံမျှဖြစ်သောကြောင့် ကြိယာမည်ပါသည်။
- ဟသိတုပ္ပါဒ် စသော ဇောဖြစ်သော ကြိယာစိတ်များသည် အာသဝေါကင်း

ပြီးသော ဘုရား၊ ရဟန္တာတို့၏သန္တာန်၌ ဖြစ်သည်။ ဘုရား၊ ရဟန္တာတို့သည် ကုသိုလ်ပြုသော်လည်း အကျိုးကို မဖြစ်စေနိုင်၊ ပြုကာမျှ ဖြစ်သောကြောင့် ဟသိတုပ္ပါဒ်သည် ကြိယာမည်ပါသည်။

**ဒွေးပဉ္စဝိညာဏ် -၁၀**

အကုသလဝိပါက် စက္ခုဝိညာဏ်နှင့် ကုသလဝိပါက်

| | |
|---|---|
| စက္ခုဝိညာဏ်တစ်စုံကို | - စက္ခုဝိညာဏ်ဒွေး |
| အလားတူ | - သောတဝိညာဏ်ဒွေး |
| | - ဃာနဝိညာဏ်ဒွေး |
| | - ဇိဝှာဝိညာဏ်ဒွေး |
| | - ကာယဝိညာဏ်ဒွေး |

ယင်းတို့ကို ဒွေးပဉ္စဝိညာဏ် ၁၀-ပါး ဟု ခေါ်သည်။

**မနောဓာတ်-၃**

အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း - ၁

ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း - ၁

(ယင်းတို့ကို သမ္ပဋိစ္ဆိုင်းဒွေး-ဟု ခေါ်သည်။)

ပဉ္စဒွါရာဝဇ္ဇန်း - ၁

(ယင်းသုံးပါးကို မနောဓာတ် ၃- ဟု ခေါ်သည်။)

**အာဝဇ္ဇန်းဒွေး**

ပဉ္စဒွါရာဝဇ္ဇန်း + မနောဒွါရာဝဇ္ဇန်း

ယင်းနှစ်ပါးကို အာဝဇ္ဇန်းဒွေးဟု ခေါ်သည်။

**အဟိတ်စိတ်- သဟိတ်စိတ်**

၁။ အဟိတ်စိတ် = အကြောင်းရင်း၊ အရင်းအမြစ်မရှိသောစိတ်၊

(အဟေတုက) = ယှဉ်ဖော်ယှဉ်ဖက် ဟိတ်မရှိသောစိတ်၊

၂။ **သဟိတ်စိတ်** = အကြောင်းရင်း၊ အရင်းအမြစ်ရှိသောစိတ်၊
(သဟေတုက) = ယှဉ်ဖော်ယှဉ်ဖက် ဟိတ်ရှိသောစိတ်၊

- သဟိတ်စိတ်သည် အမြစ်ရှိ၏။ သစ်ပင်တစ်ပင်၏အမြစ်သည် ထိုသစ်ပင်ကို ခိုင်မာအောင်၊ စည်ကားအောင် အလုပ်လုပ်ပေးသကဲ့သို့ စိတ်မှာလည်း အမြစ်ရှိ၏။ သဟိတ်စိတ်သည် အမြစ်ရှိသဖြင့် ခိုင်မာ၏။ စွဲမြဲ၏။
- ပစ္စည်းတစ်ခုကို မြင်ရသော အမြင်စိတ်သည် စက္ခုဝိညာဏ်စိတ် ဖြစ်သည်။
- အမြစ်မရှိသော အဟိတ်စိတ် ဖြစ်သည်။
- ထိုပစ္စည်းကို လိုချင်သောလောဘစိတ်သည် အမြစ်ရှိသော သဟိတ်စိတ် ဖြစ်သည်။
- မြင်ရသောစက္ခုဝိညာဏ်သည် ထိုပစ္စည်းကို မမြင်ရသော် ပျောက်သွားမည်။ လောဘစိတ်သည်ကား မမြင်ရသော်လည်း ပျောက်မသွားပါ။ လိုချင်စိတ် စွဲထင်လျက် ကျန်ရှိနေသည်။ လောဘလိုချင်မှု အမြစ်ရှိနေသဖြင့် ခိုင်ခံ့သည်။ စွဲမြဲသည်။
- လူတစ်ယောက်က အခြားတစ်ယောက်ကို နင်ပဲငဆ ပြောဆိုဆဲရေး၏။ လူတစ်ယောက်က ကြားသည်။
- ထိုကြားသော သောတဝိညာဏ်စိတ်သည် အမြစ်မရှိသော အဟိတ်စိတ်ဖြစ်သဖြင့် မခိုင်မြဲပေ။ ကြားပြီးနောက် ပျောက်သွား၏။
- မိမိအား ဆဲဆိုသဖြင့် ဒေါသဖြစ်သောကြောင့် ထိုသူကို ရိုက်ပုတ်မိပါက အပြစ်ဒဏ်ကျခံရမည်။ သတ်မိက ထောင်ကျမည်။

ဤသို့အားဖြင့် ဒေါသစိတ်ကြောင့် စည်ကားလာရသည်။ ထို့ကြောင့် အဟိတ်စိတ်ဖြစ်သော စက္ခုဝိညာဏ်၊ သောတဝိညာဏ် စသည်တို့ကား အမြစ်မရှိ၍ စည်ကား မပြန့်ပွားနိုင်ပါ။ လောဘစိတ် ဒေါသစိတ်တို့က အမြစ်ရှိ၍ စည်ကားသွားရပါသည်။

အမြစ်ရှိသောစိတ်ကြောင့် အမြစ်မရှိသောစိတ်များ ပျောက်ရသည်။

**ဥပမာ-** ဘုရားလောင်းသည် ဖွဲကောင်းသည်။ သတ္တဝါများ ကောင်းစားရေး၊ ဘုရားဖြစ်ရေးဟူသော ကုသိုလ်စိတ်က ပြင်းထန်နေသောကြောင့် အစားဆင်းရဲ အနေဆင်းရဲ အအိပ်ဆင်းရဲခြင်းများကို ခံနိုင်ခဲ့သည်။

ကုသိုလ်စိတ်ဟူသော အမြစ်ကြောင့် အနေဆင်းရဲစသော အမြစ်မရှိသော စိတ်များ ပ,ပျောက်သွားရသည်။

## ကုသလဝိပါက်စိတ်နှင့် အဟိတ်ကြိယာတို့ အသောဘနစိတ်၌ ပါဝင်နေရပုံ

ကုသလဝိပါက်စိတ်၊ အဟိတ်ကြိယာစိတ်တို့သည် စင်စစ်အားဖြင့် နူးညံ့သည်။ သို့ရာတွင် အခြေအမြစ် အကြောင်းအရင်း မရှိသောကြောင့် မတင့်တယ်သောစိတ် (အသောဘန)စိတ်ဟု ခေါ်ပါသည်။

## ဟသိတုပ္ပါဒ်စိတ် အသောဘနစိတ်၌ ပါဝင်နေရပုံ

ဘုရား၊ ရဟန္တာတို့သာ ပြုံးရယ်ခြင်းကို ဖြစ်စေသော ဟသိတုပ္ပါဒ်စိတ်သည် ဘုရား၊ ရဟန္တာတို့နှင့်သက်ဆိုင်သဖြင့် နူးညံ့သည်။ သို့ရာတွင် အကြောင်းရင်း မရှိသဖြင့် မတင့်တယ်သော (အသောဘန)စိတ်သာ ဖြစ်ရ၏။

**ဥပမာ -** ဘုန်းတန်ခိုးကြီးမားသော ရှင်ဘုရင်ဖြစ်လင့်ကစား မင်း၏ အဆောင်အယောင်များ မရှိက မတင့်တယ်သကဲ့သို့ပင် ဖြစ်ပါသည်။

**တစ်နည်း -** ယှဉ်ဖက်စိတ်မရှိ၊ သဟိတ်မဖြစ်သောကြောင့် မတင့်တယ်သော(အသောဘန)စိတ် ဖြစ်ရပါသည်။

## အာဝဇ္ဇန်းဒွေး ဥပေက္ခာဖြစ်ရပုံ

ပဉ္စဒွါရာဝဇ္ဇန်းသည်လည်း ဟဒယဝတ္ထုကို မှီသည်။ ယင်း၏ရှေ့မှ ဘဝင်စိတ် ၁၉-ပါးသည်လည်း ဟဒယဝတ္ထုကို မှီသည်။

ဤသို့ မှီရာတူသော ရှေ့ဘဝင်စိတ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရသဖြင့် အနည်းငယ် အားရှိသည်။

ထိုသို့ အင်အားရှိသော်လည်း ငါးဒွါရ၌ထင်လာသော အာရုံအသစ်ကို ဘဝင်ပြီးသည်နှင့်-

- ဝီထိစိတ်အနေဖြင့် ဦးစွာထွက်၍ အာရုံယူရခြင်း၊
- ထိုသို့ အာရုံယူရာတွင်လည်း အကြိမ်များစွာ ဖြစ်ခွင့်မရဘဲ တစ်ကြိမ်သာ ဖြစ်ခွင့်ရခြင်း၊
- မှီရာမတူသော နောက်ပဥ္စဝိညာဏ်တို့အား အနန္တရသတ္တိတို့ဖြင့် ကျေးဇူးပြုပေးနေရခြင်းတို့ကြောင့် အာရုံ၏အရသာကို ကျနစွာ မခံစားရသဖြင့် အားမရှိ၍ ဥပေက္ခာ ဖြစ်ရပါသည်။

လောကဥပမာ၌ မည်သည့်ကိစ္စမဆို အစဦးလည်း လုပ်ရပြန်၊ တစ်ကြိမ်တည်းလည်း လုပ်ရပြန်ဆိုလျှင် ဘာကိုမျှ ကောင်းကောင်းသိရှိ နားလည်ခံစားလိုက်ရမည်မဟုတ်သလို မိမိလုပ်ငန်းနှင့် အခြေအနေမတူသူကိုလည်း အကူအညီ ပေးနေရလျှင် အလွန်ပင်ပန်းပြီး အလုပ်ရှုပ်သကဲ့သို့ ဖြစ်နေ၍ ကောင်းစွာသိရှိခံစားခွင့် မရသကဲ့သို့ အာရုံ၏အရသာကို သေချာကျနစွာ မခံစားရသဖြင့် ဥပေက္ခာ ဖြစ်ရသည်။

ဝီထိပိုင်းလာ ပဥ္စဒွါရဝီထိစဉ်မှာ-

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့ ဖြစ်သည်။

(န-ဒ-ပ-စ-သံ-ဏ-ဝု-ဇော-ရုံ)

## အဟိတ်စိတ် ဝေဒနာခွဲပုံ

| အဟိတ်စိတ် | သော | ဥပေက္ခာ | သုခ | ဒုက္ခ |
|---|---|---|---|---|
| ၁၈ | ၂ | ၁၄ | ၁ | ၁ |

## အသောဘနစိတ် - ၃၀

အ + သောဘန
မရှိ + တင့်တယ်ခြင်း

သဒ္ဓါ၊ သတိ စသော သောဘနစေတသိက်တို့နှင့်မယှဉ်၍ မတင့်တယ်သောကြောင့် အသောဘနစိတ်ဟု ခေါ်ပါသည်။

| | | |
|---|---|---|
| အကုသိုလ်စိတ် | - | ၁၂ |
| အဟိတ်စိတ် | - | ၁၈ |
| စုစုပေါင်း အသောဘနစိတ် | - | ၃၀ |

***ဆောင်-*** *အကုဆယ့်နှစ်၊ အဟိတ်ဆယ့်ရှစ်၊ ခေါ်လစ် အသောဘန။*

### အသောဘနစိတ် ဝေဒနာခွဲပုံ

| အသောဘန | သောမနဿ | ဥပေက္ခာ | သုခ | ဒုက္ခ | ဒေါမနဿ | |
|---|---|---|---|---|---|---|
| ၃၀ | ၆ | ၂၀ | ၁ | ၁ | ၂ | ၃၀ |

## ကာမာဝစရသောဘနစိတ် - ၂၄

(ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သော တင့်တယ်သည့်စိတ်များ)

ကာမ + အဝစရ + သောဘန
ကာမဘုံ + ကျင်လည် + တင့်တယ်သော

သောဘန = သဒ္ဓါ၊ သတိ၊ ဟိရီ စသော ကောင်းမွန်တင့်တယ်သောဂုဏ်အထူးကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ အလောဘ အစရှိသော အပြစ်မရှိသောဟိတ်များနှင့် ယှဉ်သောကြောင့်လည်းကောင်း သောဘနစိတ်မည်၏။

ကုသိုလ် = ကောင်းကျိုးကို ပေးစွမ်းနိုင်သောကြောင့်လည်းကောင်း၊ အကုသိုလ်တရားတို့ကို တုန်လှုပ်စေ၊ ကင်းပျောက်ဖယ်ရှားစေတတ်သောကြောင့်လည်းကောင်း ကုသိုလ်မည်ပါသည်။

မဟာကုသိုလ် = ရဟန္တာမဟုတ်သောပုဂ္ဂိုလ်တို့ ကုသိုလ်ပြုသည့်စိတ်များ

| | | |
|---|---|---|
| မဟာ | + | ကုသိုလ် |
| များခြင်း၊ အရာကျယ်ခြင်း၊ မြတ်ခြင်း | + | အပြစ်ကင်း၍ ကောင်းကျိုးဖြစ်စေခြင်း |

အခြားသော ရူပ စသောကုသိုလ်တို့ထက် အရေအတွက်များသောကြောင့် မဟာကုသိုလ်ဟု ခေါ်သည်။

ကာမတဏှာကို အာရုံပြု၍ဖြစ်သော ကုသိုလ်စိတ်ဖြစ်၍ ကာမာဝစရကုသိုလ်ဟုလည်း ခေါ်ပါသည်။

## မဟာကုသိုလ်စိတ် ၈ ပါး

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

သောမနဿ = ဝမ်းမြောက်ဝမ်းသာစွာ

သဟဂုတ်(သဟဂတ) = အတူဖြစ်လျက်

ဉာဏသမ္ပယုတ် = ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်လျက်

အသင်္ခါရိက = တိုက်တွန်းမှုမလို၊ အလိုအလျောက်ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ်

၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

သောမနဿ = ဝမ်းမြောက်ဝမ်းသာစွာ

သဟဂုတ်(သဟဂတ) = အတူဖြစ်လျက်

ဉာဏသမ္ပယုတ် = ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်လျက်

| | | |
|---|---|---|
| သသင်္ခါရိက | = | တိုက်တွန်းမှုရှိမှ ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ် |

၃။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

| | | |
|---|---|---|
| သောမနဿ | = | ဝမ်းမြောက်ဝမ်းသာစွာ |
| သဟဂုတ်(သဟဂတ) | = | အတူဖြစ်လျက် |
| ဉာဏဝိပ္ပယုတ် | = | ကြောင်းကျိုးသိမြင်ဉာဏ်နှင့်မယှဉ်လျက် |
| အသင်္ခါရိက | = | တိုက်တွန်းမှုမလို၊ အလိုအလျောက်ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ် |

၄။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

| | | |
|---|---|---|
| သောမနဿ | = | ဝမ်းမြောက်ဝမ်းသာစွာ |
| သဟဂုတ်(သဟဂတ) | = | အတူဖြစ်လျက် |
| ဉာဏဝိပ္ပယုတ် | = | ကြောင်းကျိုးသိမြင်ဉာဏ်နှင့်မယှဉ်လျက် |
| သသင်္ခါရိက | = | တိုက်တွန်းမှုရှိမှ ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ် |

၅။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

| | | |
|---|---|---|
| ဥပေက္ခာ | = | ဝမ်းသာဝမ်းနည်းမရှိ၊ အလယ်အလတ်သဘော |
| သဟဂုတ်(သဟဂတ) | = | အတူဖြစ်လျက် |
| ဉာဏသမ္ပယုတ် | = | ကြောင်းကျိုးသိမြင်ဉာဏ်နှင့်ယှဉ်လျက် |
| အသင်္ခါရိက | = | တိုက်တွန်းမှုမလို၊ အလိုအလျောက်ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ် |

၆။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

၇။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

၈။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

**<u>သင်္ဂြိုဟ်</u>**

| ဉာ-သမ် | ဉာ-ဝိ | |
|---|---|---|
| + | + | အ |
| + | + | သ |
| - | - | အ |
| - | - | သ |

**ဆောင်** - *သော-ဥနှစ်တန်၊ ဉာသမ်ခံ၊ ဝိပ်ပြန် အသင် သသင်္ခါ*
*ကာမသောဘန၊ စိတ်အဋ္ဌ၊ ခေါ်ကြကုသလာ*

**မဟာကုသိုလ်စိတ် ၈- ပါးပြားပုံ**

မဟာကုသိုလ်စိတ်တစ်ပါးတည်းဖြစ်သော်လည်း သောမနဿ၊ ဥပေက္ခာ၊ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်၊ အသင်္ခါရိက၊ သသင်္ခါရိက ကွဲပြားသောကြောင့် ကုသိုလ်စိတ် ၈-မျိုး ကွဲရပါသည်-

(အလားတူ ဝိပါက်၊ ကြိယာတို့ကလည်း ၈-မျိုး ကွဲရပါသည်။)

ကုသိုလ်ဖြစ်သောအကြောင်းရင်းမှာ-

- နှလုံးသွင်းသဘောထား လိမ္မာယဉ်ကျေးသော ယောနိသောမနသိကာရသည် ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သည်။
- အာရုံတစ်ခု၌ နှလုံးသွင်းသဘောကောင်းသူသည် ယောနိသောမနသိကာရ ရှိခြင်းကြောင့် ကုသိုလ်ဖြစ်၏။
- ထို့အတူ အာရုံ၌ နှလုံးသွင်းသဘောထားမကောင်းသူသည် အယောနိသော မနသိကာရ ဖြစ်ခြင်းကြောင့် အကုသိုလ်ဖြစ်ရသည်။

## မဟာဝိပါက်စိတ် ၈– ပါး

- ရှေးကုသိုလ်ကံ၏အကျိုးဖြစ်သောစိတ်
- ကြီးကျယ်သောကုသိုလ်၏ အကျိုးတရားဖြစ်သောစိတ်

မဟာဝိပါက်ဆိုသည်မှာ ရှေးဘဝက ကုသိုလ်ကောင်းမှုကြောင့် လက်ရှိဘဝတွင် အကျိုးခံစားရသောစိတ်များ ဖြစ်ကြပါသည်-

- လူနှင့် နတ်တို့သည် မဟာဝိပါက်စိတ်တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြရသည်။
- ထိုမဟာဝိပါက်စိတ်ကပင်လျှင် တစ်သက်လုံး ဘဝင်စိတ်(ဘဝဆက်ပေးသောစိတ်) အဖြစ် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာရ၏။
- နောက်ဆုံး သေသောအခါ၌လည်း ထိုမဟာဝိပါက်စိတ်ကပင် စုတိစိတ်အဖြစ် ဆောင်ရွက်ပါသည်။
- မဟာဝိပါက်စိတ်တို့သည် ဝီထိစိတ်အစဉ်တွင် တဒါရုံကိစ္စ၌ ပါဝင်ဆောင်ရွက်ပါသည်။
- ဉာဏသမ္ပယုတ်မဟာဝိပါက်စိတ် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့သောသူ၏ ဘဝင်စိတ်အစဉ်၌ အလောဘ၊ အဒေါသ၊ အမောဟ (ဉာဏ်ပညာ)ဟူသော ဟိတ်သုံးပါး ယှဉ်ပါသည်။
- ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို တိဟိတ်(ဟိတ်သုံးပါးရှိသော)ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။
- ဉာဏဝိပ္ပယုတ်မဟာဝိပါက်စိတ် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့သောသူ၏ ဘဝင်စိတ်အစဉ်၌ အလောဘ၊ အဒေါသ ဟူသော ဟိတ်နှစ်ပါးသာ ယှဉ်၏။
- ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို ဒွိဟိတ် (ဟိတ်နှစ်ပါး)ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသည်။

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်၊
၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာဝိပါက်စိတ်၊
၃။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်၊
၄။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာဝိပါက်စိတ်၊
၅။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်၊

၆။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာဝိပါက်စိတ်၊
၇။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်၊
၈။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာဝိပါက်စိတ်၊

**သင်္ကေတ**

| ဉာ-သမ် | ဉာ-ဝိ | |
|---|---|---|
| + | + | အ |
| + | + | သ |
| - | – | အ |
| - | – | သ |

## မဟာကြိယာစိတ် ၈– ပါး

ကြိယာ = အကျိုးပေးခြင်းသဘောမရှိ၊ ပြုကာမျှ အားထုတ်ကာမျှ သဘောသည် ကြိယာမည်ပါသည်။

မဟာကြိယာစိတ် = ကြီးမြတ်သော ဘုရား၊ ရဟန္တာတို့၏သန္တာန်၌သာဖြစ်၍ ကုသိုလ်အကျိုးပေးခြင်းမရှိတော့ဘဲ ပြုကာမျှ၊ အားထုတ်ကာမျှ ဖြစ်သောသဘောသည် မဟာကြိယာမည်ပါသည်။

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊
၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်၊
၃။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊
၄။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်၊
၅။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊
၆။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်၊
၇။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊
၈။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်၊

<u>သင်္ကေတ</u>

| ဉာ-သမ် | ဉာ-ဝိ | |
|---|---|---|
| + | + | အ |
| + | + | သ |
| - | - | အ |
| - | - | သ |

## ကာမာဝစရသောဘနစိတ် ၂၄-ပါး

၁။ မဟာကုသိုလ်စိတ် - ၈-ပါး

၂။ မဟာဝိပါက်စိတ် - ၈-ပါး

၃။ မဟာကြိယာစိတ် - ၈-ပါး

စုစုပေါင်း - ၂၄ ပါး

## ကာမာဝစရသောဘနစိတ် ဝေဒနာ စသည်ခွဲပုံ

| ကာမာဝစရ | သော | ဥ | ဉာဏသမ္ပ | ဉာဏဝိပ္ပ | အသင်္ခါ | သသင်္ခါ |
|---|---|---|---|---|---|---|
| သောဘနစိတ် ၂၄ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ |

## ကာမစိတ် ၅၄-ပါး

- ကာမ ၁၁-ဘုံ၌ များသောအားဖြင့် ကျက်စားတတ်သောကြောင့် ကာမစိတ်ဟု ခေါ်ပါသည်။
- ကာမတဏှာ၏အာရုံပြုရာဖြစ်သောကြောင့် ကာမစိတ်ဟု ခေါ်ပါသည်။

၁။ အကုသိုလ်စိတ် - ၁၂

၂။ အဟိတ်စိတ် - ၁၈

၃။ ကာမသောဘနစိတ် - ၂၄

စုစုပေါင်း - ၅၄

## ကာမစိတ် ၅၄-ပါး ဝေဒနာ စသည်ခွဲပုံ

| ဝေဒနာအပြား | | | | | ဓာတ်အပြား | | | | ယောဂအပြား | |
|---|---|---|---|---|---|---|---|---|---|---|
| သော | ဥ | သု | ဒု | ဒေါ | ကု | အကု | ဝိပါက် | ကြိယာ | သမ္ပ | ဝိပ္ပ |
| ၁၈ | ၃၂ | ၁ | ၁ | ၂ | ၈ | ၁၂ | ၂၃ | ၁၁ | ၂၀ | ၃၄ |

| | | | | | |
|---|---|---|---|---|---|
| သောမနဿ | ၁၈ | = | လောဘမူသောမနဿ | - | ၄ |
| | | = | အဟိတ်သောမနဿ | - | ၂ |
| | | = | ကာမာဝစရသောမနဿ | - | ၁၂ |
| ဥပေက္ခာ | ၃၂ | = | အကုသိုလ်ဥပေက္ခာ | - | ၆ |
| | | = | အဟိတ်ဥပေက္ခာ | - | ၁၄ |
| | | = | ကာမာဝစရဥပေက္ခာ | - | ၁၂ |
| သုခ | ၁ | = | သုခသဟဂုတ်စိတ် | - | ၁ |
| ဒုက္ခ | ၁ | = | ဒုက္ခသဟဂုတ်စိတ် | - | ၁ |
| ဒေါမနဿ | ၂ | = | ဒေါသမူစိတ် | - | ၂ |
| ဝိပါက် | ၂၃ | = | အကုသလဝိပါက် | - | ၇ |
| | | = | အဟိတ်ကုသလဝိပါက် | - | ၈ |
| | | = | မဟာဝိပါက် | - | ၈ |
| ကြိယာ | ၁၁ | = | အဟိတ်ကြိယာ | - | ၃ |
| | | = | မဟာကြိယာ | - | ၈ |
| သမ္ပယုတ် | ၂၀ | = | ဒိဋ္ဌိဂတသမ္ပယုတ် | - | ၄ |
| | | = | ပဋိဃသမ္ပယုတ် | - | ၂ |
| | | = | ဝိစိကိစ္ဆာသမ္ပယုတ် | - | ၁ |
| | | = | ဥဒ္ဓစ္စသမ္ပယုတ် | - | ၁ |
| | | = | ကာမာဝစရသမ္ပယုတ် | - | ၁၂ |

| | | | |
|---|---|---|---|
| ဝိပ္ပယုတ် ၃၄ | = | ဒိဋ္ဌိဂတဝိပ္ပယုတ် | - ၄ |
| | = | သဟိတ်ဝိပ္ပယုတ် | - ၁၈ |
| | = | ကာမာဝစရဝိပ္ပယုတ် | - ၁၂ |

## ရူပါဝစရစိတ် ၁၅-ပါး

ရူပ + အဝစရ

ရူပဘုံ + ကျင်လည်

- ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်သောကြောင့် ရူပါဝစရစိတ်ဟု ခေါ်ပါသည်။
- ရူပတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ရူပါဝစရစိတ်ဟု ခေါ်ပါသည်။

ဈာနဘေဒ = ဈာန်အားဖြင့် ပြားသောကြောင့် ဈာနဘေဒ ဟု ခေါ်ပါသည်။

ဈာန်စိတ် = ဈာန်နှင့်ယှဉ်သောစိတ်၊

ဈာန = ရှုးစိုက်ခြင်း၊ ရှို့မြိုက်ခြင်း (ကိလေသာများကို)၊

ဈာနင်္ဂ (ဈာန+အင်္ဂ) = ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော စေတသိက်များ အစိတ်အပိုင်းအင်အားစု (လက်၊ ခြေ၊ ဦးခေါင်းအပေါင်းကို ကိုယ်ဟုခေါ်၍ လက်ခြေတစ်ခုစီကို ကိုယ်အင်္ဂါဟု ခေါ်သကဲ့သို့ပင် ဖြစ်ပါသည်။)

**ဈာန်အင်္ဂါ ၅-ပါး**

ဝိတက် = ယှဉ်ဖက်စေတသိက်တို့ကို ကြံစည်ခြင်း၊ အာရုံသို့ ပို့ပေးခြင်း။

ဝိစာရ = အာရုံကို သုံးသပ်ဆင်ခြင်ခြင်း။

ပီတိ = အာရုံကို နှစ်သက်ခြင်း။

သုခ = ချမ်းသာခြင်းကို ခံစားသည့်သဘော။

ဧကဂ္ဂတာ = တည်ကြည်ခြင်း၊ ငြိမ်သက်ခြင်း။

## ဈာန်အင်္ဂါကို ဥပမာရှင်းပြပုံ

### ၁။ ဝိတက်
ပိတုန်းတစ်ကောင် မိမိနေရာမှပျံတက်၍ ပန်းချုံတစ်ခုကို တွေ့သည်။ ထိုပန်းချုံသို့ တိုက်ရိုက်ပျံသွားသည်။ ယင်းသည် ဝိတက်သဘောဖြစ်သည်။

### ၂။ ဝိစာရ
ပိတုန်းသည် ပန်းချုံသို့ရောက်လျှင် မည်သည့်ပန်းပွင့်မှ ဝတ်ရည်ကို သုံးစွဲရမည်နည်းဟု ရစ်ဝဲသုံးသပ်ဆင်ခြင်နေသည်။ ယင်းသည် ဝိစာရသဘော ဖြစ်သည်။

### ၃။ ပီတိ
ပိတုန်းသည် မိမိသုံးစွဲမည့်ပန်းပွင့်ကိုတွေ့သော် နှစ်သက်သွားသည်။ ယင်းသည် ပီတိသဘောဖြစ်သည်။

### ၄။ သုခ
ပိတုန်းသည် ပန်းပွင့်မှဝတ်ရည်ကို အသုံးပြုနေရသဖြင့် ချမ်းသာနေသည်။ ယင်းသည် သုခသဘောဖြစ်သည်။

### ၅။ ဧကဂ္ဂတာ
ပိတုန်းသည် ဝတ်ရည်ကိုစားသုံးနေခိုက် လှုပ်ရှားမနေဘဲ တည်ငြိမ်နေသည်။ ယင်းသည် ဧကဂ္ဂတာသဘောဖြစ်သည်။

## ရူပါဝစရစိတ် ၁၅-ပါး

| | | | |
|---|---|---|---|
| ၁။ ရူပါဝစရကုသိုလ်စိတ် | - | ၅ | (ရူပဈာန်ရပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ ရူပဈာန်ကုသိုလ်စိတ်များ) |
| ၂။ ရူပါဝစရဝိပါက်စိတ် | - | ၅ | (ရူပကုသိုလ်၏အကျိုးစိတ်များ) |
| ၃။ ရူပါဝစရကြိယာစိတ် | - | ၅ | (ရူပဈာန်ရ ရဟန္တာတို့၏ ရူပဈာန်စိတ်များ) |
| စုစုပေါင်း | - | ၁၅-ပါး | |

## ရူပါဝစရကုသိုလ်စိတ် ၅-ပါး

| | | |
|---|---|---|
| - ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ | - | ဈာန်အင်္ဂါ၅ပါးနှင့် ပြည့်စုံသော ပဌမဈာန်ကုသိုလ်စိတ်၊ |
| - ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ | - | ဈာန်အင်္ဂါ၄ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ကုသိုလ်စိတ်၊ |
| - ပီတိ,သုခ,ဧကဂ္ဂတာ | - | ဈာန်အင်္ဂါ၃ပါးနှင့် ပြည့်စုံသော တတိယဈာန်ကုသိုလ်စိတ် |
| - သုခ,ဧကဂ္ဂတာ | - | ဈာန်အင်္ဂါ၂ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်ကုသိုလ်စိတ်၊ |
| - ဥပေက္ခာ,ဧကဂ္ဂတာ | - | ဈာန်အင်္ဂါ၂ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်ကုသိုလ်စိတ်။ |

***ဆောင်-*** *တက်-စာ-ပီ-သု-ဧကက်ရှု၊ ငါးခုဈာန်အင်္ဂါ၊*
*စာ,ပီ,လျော့ပြန်၊ ဒု,တ,ဈာန်၊ သုခံ-ဧကက်၊ စ,မဈာန်တွက်။*

### သေက္ခပုဂ္ဂိုလ်

မဂ်ဖိုလ်ရရန် ကြိုးစားနေသော ပုထုဇဉ်များ၊ အထက်မဂ်ရရန် အားထုတ်နေကြသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များကို သေက္ခပုဂ္ဂိုလ်(ကျင့်ဆဲပုဂ္ဂိုလ်)ဟူ၍ ခေါ်ပါသည်။

<u>ဈာန်သင်္ကေတ</u>

| | ကု | ဝိ | ကြိ |
|---|---|---|---|
| ပ - | ✚ | ✚ | ✚ |
| ဒု - | ✚ | ✚ | ✚ |
| တ - | ✚ | ✚ | ✚ |
| စ - | ✚ | ✚ | ✚ |

**ဈာန်အဆင့်ဆင့်တက်ပုံ**

ဈာန်အင်္ဂါစေတသိက်တို့သည် စိတ်နှင့်စေတသိက်အပေါင်းစုကို ဘာဝနာအာရုံ၌ စူးစိုက်၍ တည်နေကြစေရန် ဆောင်ရွက်ပေးသည်။

- ပထမဈာန်၌ ဝိတက် စသော အင်္ဂါ ၅ ပါး ပါဝင်သည်။
- အလေ့အကျင့်များသောအခါ ဝိတက်မပါဘဲ ဒုတိယဈာန်သို့ တက်နိုင်၏။
- ဝိစာရကို ပယ်နိုင်သောအခါ တတိယဈာန်သို့ တက်နိုင်၏။
- ပီတိကိုပယ်နိုင်သောအခါ စတုတ္ထဈာန်သို့ တက်နိုင်၏။
- သုခထက် ပိုမိုသိမ်မွေ့သော ဥပေက္ခာ+ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးသည် ပဉ္စမဈာန်သို့ ရောက်ရှိပါသည်။

## ရူပါဝစရဝိပါက်စိတ် ၅ ပါး

ရူပဈာန်ကုသိုလ်စိတ်အတိုင်း ဖြစ်သည်။ ကုသိုလ်နေရာ၌ ဝိပါက်စိတ်ပြောင်းရန် ဖြစ်သည်။

## ရူပါဝစရကြိယာစိတ် ၅ ပါး

ရူပဈာန်ရ ရဟန္တာတို့၏ ရူပဈာန်စိတ်များ ဖြစ်သည်။ ရေတွက်ပုံမှာ ကုသိုလ်အတိုင်းပင် ဖြစ်သည်။ ကုသိုလ်နေရာ၌ ကြိယာ ပြောင်းရသည်။

## ဈာန်စိတ်နှင့် ပဋိသန္ဓေ

ဤလူ့ဘဝ၌ ပထမဈာန်ရအောင် အားထုတ်သောသူသည် ထိုဈာန်မပျက်ဘဲ ကွယ်လွန်လျှင် ပထမဈာန်ဝိပါက်စိတ်ဖြင့် ပထမဈာန်ရူပဘုံ၌ ဥပပါတ်ပဋိသန္ဓေ ဖြစ်ရပါသည်။

အခြားကုသိုလ်ဈာန်စိတ်တို့ကလည်း အလားတူ အကျိုးပေးပါသည်။

## ဈာန်ရပုဂ္ဂိုလ် မြေလျှိုးမိုးပျံမှု

ပထမဈာန်မှ ပဥ္စမဈာန်အထိရသော ပုဂ္ဂိုလ်သည် မြေလျှိုးမိုးပျံ ဟူသော တန်ခိုးကို မရနိုင်သေးပါ။ ပဥ္စမဈာန်မှလွတ်မြောက်၍ အဘိညာဉ်စိတ်ကို ရမှသာလျှင် ကောင်းကင်သို့ ပျံတက်နိုင်၊ တန်ခိုးဖန်ဆင်းနိုင်သည်အထိ တတ်စွမ်းနိုင်လာပါသည်။

ပထမဈာန်ရရုံဖြင့် ကောင်းကင်သို့ မပျံနိုင်ပေ။ ပဥ္စမဈာန်ရရုံဖြင့်လည်း မပျံနိုင်ပါ။

ပဥ္စမဈာန်တွင် အဘိညာဉ်စိတ်ဝင်လာအောင် ထပ်ခါတလဲလဲ ပွားများရသည်။ သို့မှသာ အဘိညာဉ်စိတ်ကို ပွားများပြီး ပျံနိုင်ပါသည်။

**အဘိညာဉ်** = အဘိ + ဉာဏ

အလွန် + သိသည်

- အလွန်သိခြင်း၊
- ကောင်းကင်သို့ ပျံနိုင်သည်အထိ သိခြင်း၊
- တန်ခိုးဖန်ဆင်းနိုင်သည့်အထိ သိခြင်း၊

**အဘိညာဉ်ဒွေး** = ကုသိုလ်ပဥ္စမဈာန် - ၁

ကြိယာပဥ္စမဈာန် - ၁

## ခန္ဓာဥ္စ စိတ်များပြားရခြင်း

ယှဉ်ဖက်ဖြစ်သော ဈာန်အားဖြင့် ကွဲပြားပါက ဈာန်စိတ်များ ကွဲပြားရသည်။ ရူပစိတ်များသည် ဈာန်အားဖြင့် ပြားသောစိတ်တို့ ဖြစ်ပါသည်။

ရူပစိတ်သည် တစ်ပါးတည်းဖြစ်သော်လည်း ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်ဟူ၍ ငါးမျိုးပြားသောကြောင့် ရူပကုသိုလ်စိတ် ၅-မျိုး ပြားပါသည်။

(အလားတူ ဝိပါက်-ကြိယာများလည်း ၅ မျိုး ပြားရပါသည်။)

ဤစိတ်တို့သည် ရူပဗြဟ္မာဘုံတို့၌ အများအားဖြင့် ဖြစ်ကြသော်လည်း ရူပကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့သည် လူ့ဘုံ၌လည်း ဖြစ်နိုင်ပါသည်။

ဈာန်ရသည်အထိ သမထဘာဝနာပွားများကြသောသူတို့၌ ဖြစ်နိုင်ကြပါသည်။

ဈာန်ရသောပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့၌ ရူပကုသိုလ်စိတ်တို့ဖြစ်ကြသည်။

ဈာန်ရသော ရဟန္တာတို့၌ ရူပကြိယာစိတ်တို့ ဖြစ်ကြသည်။

ရူပဗြဟ္မာတို့၌ ရူပါဝစရဝိပါက် ပဋိသန္ဓေစိတ်တို့ ဖြစ်ကြသည်။

**ဖြဟ္မာ ၁၅ ဘုံ -** ကာမဂုဏ်နှင့်မျှတ၊ အစာရေစာ မစားသောက်၊ ဈာန်တရားဖြင့်သာ မျှတနေသည်။

**အသညသတ်ဘုံ -** နာမ်မရှိ၊ ရုပ်သာရှိသည်။ ပဉ္စမဈာန်စိတ်ကို မုန်းတီး၍ သေသူသည် နာမ်မရှိ၊ ရုပ်သာရှိရသည်။ ထိုင်-ထ-လဲလျောင်း စသည့် သေသောပုံစံအတိုင်း ရုပ်သွားဖြစ်ရပါသည်။

## ရူပစိတ်ကို ဈာန်-ဝေဒနာဖြင့် ခွဲဝေပုံ

- ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်တို့ကို - သောမနဿ
- ပဉ္စမဈာန်ကို - ဥပေက္ခာ

| ဈာန | | | | | ဝေဒနာ | | ပေါင်း |
|---|---|---|---|---|---|---|---|
| ပ | ဒု | တ | စ | မ | သော | ဥ | |
| ၃ | ၃ | ၃ | ၃ | ၃ | ၁၂ | ၃ | ၁၅ |

## အရူပါဝစရစိတ် ၁၂ ပါး
## (ရုပ်မရှိသော ဝိညာဉ်ဘုံ) (အာလမ္ဗနဘေဒစိတ်)

| | | | | |
|---|---|---|---|---|
| အ | + | ရူပ | + | အဝစရ |
| မရှိ | + | ရုပ် | + | ကျင်လည်ဖြစ်တတ် |

**အရူပါဝစရစိတ်** - အရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် အရူပါဝစရစိတ် မည်ပါသည်။
- အရူပတဏှာ၏ အာရုံပြုရာဖြစ်သောကြောင့် အရူပါဝစရစိတ် မည်ပါသည်။

**အာလမ္ဗနဘေဒ** - အာရုံအားဖြင့်ပြားသောကြောင့် အာလမ္ဗနဘေဒစိတ် ဟူ၍လည်း ခေါ်ပါသည်။

## အရူပါဝစရကုသိုလ်စိတ် ၄-ပါး
## (အရူပဈာန်ရ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ အရူပကုသိုလ်)

၁။ ဥပေက္ခာ- ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော
အာကာသာနဉ္စာယတနကုသိုလ်စိတ်
(ကောင်းကင်ပညတ်ကိုအာရုံပြုသောစိတ်)

၂။ ဥပေက္ခာ- ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော
ဝိညာဏဉ္စာယတနကုသိုလ်စိတ်
(အာကာသာနဉ္စာယတနဟူသော ပထမာရုပ္ပဝိညာဏ်ကို အာရုံပြုသောစိတ်)

၃။ ဥပေက္ခာ- ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော
အာကိဉ္စညာယတနကုသိုလ်စိတ်
(ပထမာရုပ္ပဝိညာဏ်၏မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြုသောစိတ်)

၄။ ဥပေက္ခာ- ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော
နေဝသညာ နာသညာယတနကုသိုလ်စိတ်
(အာကိဉ္စညာယတနဟူသော တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုသောစိတ်)

***ဆောင်*** - *အာကာ၊ ဝိညာဉ်၊ အာကိဉ်စဉ်၊ နေသဉ်နာသဉ်၊ အရူပ၊*

## အရူပါဝစရဝိပါက်စိတ် ၄-ပါး
## (အရူပဈာန်ကုသိုလ်၏အကျိုးစိတ်များ)

- ကုသိုလ်နေရာ၌ ဝိပါက်စိတ် ဟု ပြောင်းဆိုပါ။

## အရူပါဝစရကြိယာစိတ် ၄-ပါး
## (အရူပဈာန်ရ ရဟန္တာတို့၏ အရူပဈာန်စိတ်များ)

- ကုသိုလ်နေရာ၌ ကြိယာစိတ်ဟု ပြောင်းဆိုပါ။

**သင်္ကေတ**

| | ကု | ဝိ | ကြိ |
|---|---|---|---|
| အာ | — | — | — |
| ဝိ | — | — | — |
| အာကိ | — | — | — |
| နေဝ | — | — | — |

## အရူပဈာန်စိတ်ဖြစ်ပေါ်ပုံ

- ရူပါဝစရပဉ္စမဈာန်ကို ကောင်းစွာကောင်းစွာ ပွားများလေ့ကျင့်ထားပြီးသော ပုဂ္ဂိုလ်သည် ရုပ်ခန္ဓာ၏အပြစ်ကိုမြင်၍ ရုပ်နှင့်မဆက်ဆံသော အရူပဈာန်ကို အလိုရှိကာ ကသိုဏ်းနိမိတ်ကို လျစ်လျူရှုလျက် အာကာသဟူသော ကောင်းကင်ပညတ်ကို အာရုံပြုပြီး ဘာဝနာပွားများနေသည်။
- ဈာန်ဇောကျသည့်အခါ အာကာသကိုအာရုံပြုသော အာကာသာနဉ္စာယတန ကုသိုလ်စိတ် ဖြစ်လာရပါသည်။
- ထို့နောက် အာကာသာနဉ္စာယတနစိတ်(ဝိညာဏ်)ကို အာရုံပြု၍ ဘာဝနာကို ဆက်လက်ပွားလျှင် ဈာန်ဇောကျသည့်အခါ ဝိညာဏဉ္စာယတနကုသိုလ်စိတ် ဖြစ်၏။

- ထို့နောက် အာကာသာနဉ္စာယတနစိတ်၏ စိုးစဉ်းမျှမရှိခြင်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြုလျက် ဘာဝနာဆက်ပွား၍ ဈာန်ဇောကျသည့်အခါ အာကိဉ္စညာယတန ကုသိုလ်စိတ်ဖြစ်၏။
- ဤတတိယာရုပ္ပဝိညာဏ်ကို အာရုံပြုလျက် နောက်တစ်ဆင့်မြင့်သောဈာန်သို့ ရောက်ကြောင်း ဘာဝနာဆက်ပွားသော် နေဝသညာနာသညာယတနကုသိုလ်စိတ် ဖြစ်၏။
- ဤစိတ်သည် သညာရှိသည်လည်းမဟုတ်-မရှိသည်လည်းမဟုတ်ဟု ဆိုရ လောက်အောင်ပင် အလွန်သိမ်မွေ့သောစိတ် ဖြစ်သည်။
- အရိယာတို့သည် အထက်ပါနည်းအတိုင်း ရူပါဝစရပဉ္စမဈာန်ကြိယာစိတ်ကို အခြေခံပြီးနောက် ဆက်လက်အားထုတ်သွားလျှင် အရူပါဝစရကြိယာစိတ်ကို ရရှိသည်။

## အရူပါဝစရစိတ်ကို ပဉ္စမဈာန်နှင့် ဉပေက္ခာဝေဒနာ၌ သွင်းရပုံ

အရူပါဝစရစိတ်များသည် အာရုံအားဖြင့်သာ ပြားသောစိတ်တို့ ဖြစ်သည်။

ဈာန်အားဖြင့် ဉပေက္ခာ ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါးချင်းတူသောကြောင့် ပဉ္စမဈာန်၌ သွင်းရသည်။ ဝေဒနာအားဖြင့် ဉပေက္ခာဝေဒနာအဖြစ် ရေတွက်ရပါသည်။

## အရူပါဝစရစိတ် ၁၂-ပါး ပြားပုံ

ပဉ္စမဈာန်အရူပါဝစရစိတ်သည် တစ်ပါးတည်းဖြစ်သော်လည်း ကောင်းကင် ပညတ်အာရုံ၊ ပထမာရုပ္ပဝိညာဏ်အာရုံ၊ နတ္ထိဘောပညတ်အာရုံ၊ တတိယာရုပ္ပဝိညာဏ် အာရုံဟူသော အာရုံလေးမျိုး ပြားသောကြောင့် အရူပကုသိုလ်စိတ် ၄-မျိုး ပြားရ ပါသည်။

(အလားတူ ဝိပါက်၊ ကြိယာစိတ်များလည်း ၄-မျိုးစီ ပြားရပါသည်။)

## အရူပါဝစရစိတ်ကို ဝေဒနာ–ဈာန်ခွဲပုံ

| ဝေဒနာအပြား | | ဈာန်အပြား | | |
|---|---|---|---|---|
| သောမနဿ | ဥပေက္ခာ | ကု | ဝိပါက် | ကြိယာ |
| - | ၁၂ | ၄ | ၄ | ၄ |

## မဟဂ္ဂုတ်စိတ် ၂၇–ပါး

မဟာ + ဥဂ္ဂတ

ကြီးမြတ်သော + ရောက်ရာ

- မြတ်သည်၏အဖြစ်သို့ရောက်သောစိတ်ကို မဟဂ္ဂုတ်စိတ်ဟု ခေါ်ပါသည်။
- ကြီးမြတ်သော အာနုဘော်ရှိသောကြောင့်လည်းကောင်း၊ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ရောက်ရာ ဖြစ်သောကြောင့်လည်းကောင်း မဟဂ္ဂုတ်စိတ်ဟု ခေါ်ပါသည်။

၁။ ရူပါဝစရစိတ် ၁၅ ပါး

၂။ အရူပါဝစရစိတ် ၁၂ ပါး

စုစုပေါင်း ၂၇ ပါး

## မဟဂ္ဂုတ်စိတ် ၂၇ ပါး ဝေဒနာ–ဈာန်ခွဲပုံ

| | | | | | | |
|---|---|---|---|---|---|---|
| ဈာန်အပြား | ပ | ဒု | တ | စ | မ | |
| | ၃ | ၃ | ၃ | ၃ | ၁၅ | ၂၇ |
| ဝေဒနာအပြား | သောမနဿ | | | ဥပေက္ခာ | | |
| | ၁၂ | | | ၁၅ | | ၂၇ |
| ဇာတ်အပြား | ကု | ဝိ | | ကြိ | | |
| | ၉ | ၉ | | ၉ | | ၂၇ |

## လောကီစိတ် ၈၁-ပါး

လောက + ဣ
ဖြစ်ပျက်ခြင်း + ရှိခြင်း

**လောကီစိတ်** - လောက၌ ထင်ရှားရှိ၍ ဖြစ်တတ်-ပျက်တတ်သောစိတ်ကို လောကီစိတ်ဟု ခေါ်ပါသည်။
- ပျက်တတ်သော သင်္ခါရလောက၌ အကျုံးဝင်သောစိတ်ကို လောကီစိတ်ဟု ခေါ်ပါသည်။

**လောကီသဘာဝ** - သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးတို့သည် လောကီအတိုင်း ဖြစ်-ပျက်မှု သဘော ရှိကြသည်။
- ဤကမ္ဘာကြီးသည် ဖြစ်-ပျက်မှု သဘောရှိသည်။
- ဖြစ်ပေါ်လာသော အရာမှန်သမျှသည် ပျက်ရမည့်သဘောရှိသည်။

| | | |
|---|---|---|
| ကာမလောကခေါ် ကာမ | ၁၁ -ဘုံ |
| ရူပလောကခေါ် ရူပ | ၁၆ -ဘုံ |
| အရူပလောကခေါ် အရူပ | ၄ -ဘုံ |
| | ၃၁ -ဘုံ |

ဤ ၃၁-ဘုံတို့သည် ဖြစ်-ပျက်လောကကြီးထဲတွင် ပါဝင်နေသော ဘုံများ ဖြစ်ကြသည်။

လူ စသောသတ္တဝါတို့သည် သစ်ရွက်များကြွေသလို ကြွေကြရသည်။ သစ်ရွက်များ အဟောင်းကြွေ-အသစ်ပြန်ထွက်သလို ဘဝသစ်ပြန်ဖြစ်ကြရသည်။

သတ္တဝါမှန်သမျှ ကုသိုလ်ကံအရ ကောင်းသောဘုံသို့ ရောက်ရသလို အကုသိုလ်ကံအရ အပါယ် ၄-ဘုံသို့ ကျရောက်ရသည်။ ဤသည်မှာ လောကီသဘာဝ ဖြစ်သည်။

ဤ ဖြစ်-ပျက် လောကီသဘာဝမှ လွတ်မြောက်ရန် နည်းလမ်းသည် လောကုတ္တရာကျင့်စဉ်နည်းလမ်းသာ ရှိပါသည်။

## လောကီစိတ် ၈၁-ပါး

| | | |
|---|---|---|
| ၁။ | အသောဘနစိတ် | ၃၀-ပါး |
| ၂။ | ကာမာဝစရစိတ် | ၂၄-ပါး |
| ၃။ | ရူပါဝစရစိတ် | ၁၅-ပါး |
| ၄။ | အရူပါဝစရစိတ် | ၁၂-ပါး |
| | စုစုပေါင်း | ၈၁-ပါး |

**တစ်နည်း**

| | | |
|---|---|---|
| ၁။ | ကာမစိတ် | ၅၄-ပါး |
| ၂။ | မဟဂ္ဂုတ်စိတ် | ၂၇-ပါး |
| | စုစုပေါင်း | ၈၁-ပါး |

## လောကီစိတ် ၈၁-ပါး ဝေဒနာဘေဒ ဝေသည်ခွဲပုံ

| | | | | | | |
|---|---|---|---|---|---|---|
| ဘူမိဘေဒ - ဘုံအပြား | ကာမ | | ရူပ | အရူပ | | ၈၁ |
| | ၅၄ | | ၁၅ | ၁၂ | | |
| ဇာတိဘေဒ - ဇာတိအပြား | အကု | ကု | ဝိပါက် | ကြိ | | ၈၁ |
| | ၁၂ | ၁၇ | ၃၂ | ၂၀ | | |
| ဝေဒနာဘေဒ - ဝေဒနာအပြား | သော | ဥ | သု | ဒု | ဒေါ | ၈၁ |
| | ၃၀ | ၄၇ | ၁ | ၁ | ၂ | |

## ကြိယာ ၂-မျိုး

| | | |
|---|---|---|
| ၁။ ကိစ္စနှင့်မူလအခြေခံအားနည်း၍ ဖြစ်ရသော ကြိယာမျိုး (ပုထုဇဉ်တို့၌လည်းဖြစ်) | အာဝဇ္ဇန်းဒွေး | - ၂ |
| ၂။ အနုသယရေသောက်မြစ်ကင်းပြတ်၍ ဖြစ်ရသော ကြိယာမျိုး(ဘုရား၊ ရဟန္တာတို့၌သာဖြစ်) | ဟသိတုပ္ပါဒ် | - ၁ |
| | မဟာကြိယာ | - ၈ |
| | မဟဂ္ဂုတ်ကြိယာ | - ၉ |
| | စုစုပေါင်းကြိယာစိတ် | - ၂၀ |

## လောကုတ္တရာစိတ်

လောက + ဥတ္တရာ

ဖြစ်ပျက် + ကျော်လွန်ခြင်း-လွန်မြောက်ခြင်း

ဖြစ်ပျက်ခြင်းမှ ကျော်လွန်ခြင်း၊ လွန်မြောက်ခြင်းရှိသောစိတ်ကို လောကုတ္တရာစိတ် ဟု ခေါ်သည်။

### လောကုတ္တရာ ဖြစ်ရန်

ဖြစ်ပျက်ခြင်းကို ကျော်လွန်ပါက မဖြစ်-မပျက်ရတော့ပါ။ လောကုတ္တရာသို့ သွားရောက်စေရန် အသိမှားများကို ပယ်ဖျက်ရပါမည်။

အသိမှားများ ခေတ္တခဏမလာရုံမျှဖြင့် လောကုတ္တရာမဖြစ်သေးပါ။ နောင်ဘဝများတွင် အသိမှားများပြန်ဖြစ်ပေဦးမည်။

**ဥပမာ-** ယောကျာ်း၊ မိန်းမ တကယ်ရှိကြောင်းသိသောစိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဖြစ်သည်။ ထိုအမြင်များသည် လောကအတွင်းတွင် ဖြစ်ပေါ်နေသည်။

ယောကျာ်း၊ မိန်းမ တကယ်မရှိကြောင်းကို သိသောစိတ်သည် ဉာဏသမ္ပယုတ်စိတ်ဖြစ်သည်။ ထိုအမြင်မှန်စိတ် ဖြစ်ပေါ်လာသော် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်

သည် ပျောက်ကွယ်သွားပြန်သည်။ သို့သော် လုံးဝပျောက်ကွယ်သွားသည် မဟုတ်သောကြောင့် လောကုတ္တရာစိတ် မဖြစ်သေးပါ။ ယောကျ်ား၊ မိန်းမ တကယ်ရှိကြောင်း အမြင်မှားပြန်ဝင်လာလျှင် အပါယ်လေးဘုံသို့သွားရန် အခွင့်အရေးရှိနေသေးသည်။

အမြင်မှားမရှိဘဲ လုံးဝကင်းပြတ်သွားလျှင် အထက်ဘုံသို့သွားရန် အခွင့်အလမ်း ရှိပါသည်။

သတ္တဝါအားလုံးတို့သည် အမြင်မှားမပျောက်ကြသေးသောကြောင့် အပါယ်လေးဘုံလောင်းများ ဖြစ်နေကြရသည်။

ဇာတ်တော်များတွင် ဘုရားလောင်းသည် ပါရမီရှင်ဖြစ်သော်လည်း အမြင်မှားကို မကျော်လွန်နိုင်သေးသောကြောင့် ခွေး၊ နွား၊ ယုန်၊ သမင်၊ ဆင်စသော တိရစ္ဆာန်ဟူသော အပါယ်လေးဘုံများသို့ ရောက်ရသေးသည်။

**မဂ္ဂ = မဂ် =** မာရ် + ဂ
သတ်၍+ သွားစရာ
သတ်၍ သွားစရာလမ်း ဟု အဓိပ္ပါယ်ရပါသည်။

လှည်း၊ ရထား၊ ကားသွားစရာလမ်းကို မဂ္ဂ ဟု ခေါ်သည်။ ထိုလမ်းများကို စတင်ဖောက်လုပ်ကြရာ၌ သစ်ပင်၊ ချုံပုတ်၊ တောင်ကုန်းအနိမ့်အမြင့်စသည်တို့ကို ဖယ်ရှားသုတ်သင်၍ လမ်းဖောက်ရသကဲ့သို့ နိဗ္ဗာန်သို့ရောက်ရန် လောဘ၊ ဒေါသစသော ကိလေသာချုံ၊ သစ်ပင်၊ ကုန်းတို့ကို သမထ၊ ဝိပဿနာတရားတို့ဖြင့် သုတ်သင်ရှင်းလင်းသွားရသည်။

၃၁-ဘုံ၌ လူ့ဘုံ၊-နတ်ဘုံ-ဗြဟ္မာဘုံ-စသည်ဖြင့် အဖန်ဖန်တလဲလဲ ကျင်လည်ရောက်ရှိကြရာတွင် လမ်းရှိပါသည်။ လမ်းမရှိက မရောက်နိုင်ပါ။

လူ့ဘုံမှသေပြီးနောက် လမ်းရှိမှသာ ငရဲဘုံ-နတ်ဘုံ-ဗြဟ္မာဘုံ-နိဗ္ဗာန်ဘုံများသို့ ရောက်ရှိနိုင်ကြပါသည်။

လူတို့၏ကိုယ်တွင်း၌ နေ့စဉ်သုံးနေသော မဂ်လမ်းများ ရှိနေပါသည်။ တိုးတက်ကြီးပွားခြင်းသို့ ရောက်စေနိုင်သောလမ်းကိုဖောက်က ကောင်းသောအခြေသို့

ရောက်ပါမည်။ ခိုးဆိုး-တိုက်ခိုက်လမ်းဖောက်က ပစ္စုပ္ပန်တွင် ထောင်ကျအပြစ်ပေးခံရပြီး နောင်ဘဝ ငရဲကျရပေမည်။

လူတို့ဖောက်လုပ်သောလမ်းကို မျက်စိဖြင့် မြင်နိုင်ပါသည်။ ကိုယ်တွင်း၌ဖြစ်ပေါ်နေသော ဓာတ်သဘာဝအလျောက် ဖြစ်သောမဂ်ကို မျက်စိဖြင့် မမြင်နိုင်ပါ။ ဉာဏ်ဖြင့်သာ မြင်နိုင်ပါသည်။

စိတ်ဓာတ်သည် မျက်မြင်အားဖြင့် လူတို့ကို မြင့်အောင်လည်း လုပ်ပေးနိုင်သည်။ နိမ့်အောင်လည်း လုပ်ပေးနိုင်သည်။

**ဥပမာ** မိဘတစ်ဦးတည်းမှ မွေးဖွားလာသော သားနှစ်ဦးတွင် တစ်ယောက်သည် စိတ်ဓာတ်ပြုပြင်မှုကြောင့် ကြီးပွားသွားသည်။ တစ်ယောက်သည် မကောင်းစိတ်ဆွဲဆောင်မှုကြောင့် နိမ့်ဆင်းသွားရသည်။

အနိမ့်အမြင့်သို့တက်ခြင်း၊ ကျခြင်းသည် လမ်း(မဂ္ဂ)ကြောင့် ဖြစ်ပါသည်။

မိစ္ဆာမဂ်ကြောင့် အနိမ့်သို့ကျနိုင်သည်။

သမ္မာမဂ်ကြောင့် အမြင့်သို့ တက်နိုင်သည်။

နိဗ္ဗာန်သို့သွားရာလမ်း (မဂ်)သည် အရိယာမဂ် ဖြစ်သည်၊ အရိယာမဂ်သည် ဖြူစင်သန့်ရှင်းသောမဂ် ဖြစ်သည်။

**ဖလ = ဖိုလ် =** အကျိုးဟူသောအဓိပ္ပါယ်ရသည်။
**တစ်နည်း** ဖိုလ်သည် အကျိုးပိုင်း အသီးပိုင်းဖြစ်ပါသည်။

## မဂ် ၄ ပါး

**၁။ သောတာပတ္တိမဂ်** - သောတ + အာ + ပတ္တိ
မဂ်ရေအလျဉ် + ရှေးဦးစွာ + ရောက်ခြင်း

နိဗ္ဗာန်သို့ တစ်ဖြောင့်တည်းစီးဝင်သော မဂ်ရေအလျဉ်ပေါ်သို့ ရှေးဦးစွာရောက်ရှိသောမဂ်။

ဒိဋ္ဌိ-ဝိစိကိစ္ဆာကို ပယ်သတ်သည်။

အပါယ်ရောက်နိုင်သော အကုသိုလ်ဟူသမျှတို့ကို ပယ်သည်။

**၂။ သကဒါဂါမိမဂ်** - သကိံ + အာဂါမိ
တစ်ကြိမ် + လာဦးမည်

ကာမရာဂ- ဗျာပါဒ ဟူသော လောဘ၊ ဒေါသတို့ကို အကြမ်းပယ်သတ်ပါသည်။

ကာမသုဂတိ ၇-ဘုံ သို့ တစ်ကြိမ်ပြန်လာရန် အခွင့်ရှိသောမဂ် (ဤမဂ်ရသူသည် လူ့ပြည်၊ နတ်ပြည်များသို့ တစ်ကြိမ်ပြန်ရောက်ဦးမည်။)

ဤမဂ်သည် အကြမ်းစား လောဘ၊ ဒေါသတို့ကို ပယ်သတ်သည်။

**၃။ အနာဂါမိမဂ်** - အန + အာဂါမိ
မ + လာ

ကာမဘုံသို့ လုံးဝပြန်မလာသောမဂ်။ အနုစားဖြစ်သော လောဘ၊ ဒေါသ တို့ကို အပြီးသတ်ပယ်သတ်သည်။

**၄။ အရဟတ္တမဂ်** - အရ + ဟတ္တ
ကိလေသာရန်သူ + သတ်ခြင်း

ကိလေသာရန်သူအားလုံးကိုသတ်၍ ဘဝငြိမ်းသူ။ အရဟတ္တမဂ်ရပြီးသော ပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်သည်။

အရဟန္တ = အရ + ဟန္တ
ကိလေသာရန်သူ + သတ်ပြီး

***ဆောင်*** - *သော-သ-အ-ရ = မဂ်လေးဝ*
*မှတ်ကြ လောကုတ္တရာ။*

**မဂ်အဆင့်ဆင့်ရပုံ**

၁။ တိဟိတ်ပုဂ္ဂိုလ်တစ်ဦးသည် ဝိပဿနာတရားအားထုတ်သဖြင့် ရုပ်-နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို ဉာဏ်မျက်စိဖြင့် ထင်ရှားစွာ သိမြင်သော အခါ သောတာပတ္တိမဂ် တစ်ကြိမ်ဖြစ်ပါသည်။
ထို့နောက် စိတ်မခြားမလပ်ဘဲ သောတာပတ္တိဖိုလ်စိတ် ဖြစ်သည်။ ထိုပုဂ္ဂိုလ် သည် သောတာပန်အဆင့်ရောက်လေသည်။

၂။ ဝိပဿနာအလုပ်ကို ဆက်လက်အားထုတ်သဖြင့် ဣန္ဒြေအဆင့်ဆင့် ရင့်ကျက်လာသောအခါ -

- သကဒါဂါမိမဂ်နှင့် ဖိုလ်စိတ်
- အနာဂါမိမဂ်နှင့် ဖိုလ်စိတ်
- အရဟတ္တမဂ်နှင့် ဖိုလ်စိတ်တို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာပါမည်။
- မဂ်စိတ်နှင့် ဖိုလ်စိတ်အားလုံးတို့သည် နိဗ္ဗာန်ကိုသာ အာရုံပြုကြသည်။
- မဂ်စိတ်တို့ကား လောကုတ္တရာကုသိုလ်စိတ်များ ဖြစ်သည်။
- ဖိုလ်စိတ်များသည်ကား လောကုတ္တရာဝိပါက် (အကျိုးစိတ်)များ ဖြစ်ကြပါသည်။

**မဂ်တရားရသောအကျိုး**

မဲမှောင်နေသောအခန်းတွင် မီးလုံးဖွင့်လိုက်ပါက အမှောင်ထုများ ကွယ်ပျောက်ပြီး အလင်းရောင်များ ရောက်လာသကဲ့သို့ မဂ်တရားများရလာပါက မိမိကိုယ်တွင်း၌ရှိသော ကိလေသာအပြစ်အနာအဆာများ ပျောက်ကင်းလွင့်စင် ကုန်ခန်းသွားသောအကျိုး ရရှိပါမည်။

**လောကုတ္တရာစိတ် ၈-ပါး**

| မဂ် ၄-ပါး | ဖိုလ် ၄-ပါး |
|---|---|
| ၁။ သောတာပတ္တိမဂ်စိတ် | ၁။ သောတာပတ္တိဖိုလ်စိတ် |
| ၂။ သကဒါဂါမိမဂ်စိတ် | ၂။ သကဒါဂါမိဖိုလ်စိတ် |
| ၃။ အနာဂါမိမဂ်စိတ် | ၃။ အနာဂါမိဖိုလ်စိတ် |
| ၄။ အရဟတ္တမဂ်စိတ် | ၄။ အရဟတ္တဖိုလ်စိတ် |
| မဂ်(ဝါ)လောကုတ္တရာ ကုသိုလ်စိတ် ၄-ပါး | ဖိုလ်(ဝါ) လောကုတ္တရာ ဝိပါက်စိတ် ၄-ပါး |

**မဂ် ၄-ပါး ပြားရပုံ**

ဣန္ဒြေတို့၏ အနု၊ အရင့်၊ ရင့်သည်ထက်ရင့်၊ အရင့်ဆုံးအမျိုးအစားအား ဖြင့် မဂ်လေးပါး ပြားရသည်။

**မဂ်-ဖိုလ်စိတ် ၄-ပါးပြားပုံ**

- မဂ်လေးပါးပြားခြင်းကြောင့် မဂ်နှင့်ယှဉ်သောစိတ် ၄-ပါး ပြားပါသည်။
- မဂ်စိတ်လေးပါးပြားခြင်းကြောင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်လေးပါး ပြားရပါသည်။

## လောကုတ္တရာစိတ်အကျယ်- ၄၀

အချို့သော ရဟန္တာတို့သည် ဈာန်-အဘိညာဉ် ရကြသည်။ အချို့မှာ မရကြပါ။

ဈာန်-အဘိညာဉ်မရသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ တို့အတွက် လောကုတ္တရာစိတ်သည် အကျဉ်း ၈-ပါးသာ ရှိပါသည်။

ဈာန်-အဘိညာဉ်ရသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ တို့အတွက် လောကုတ္တရာစိတ်သည် အကျယ် ၄၀- ဖြစ်ရပါသည်။

## ဈာန်ရ မဂ်ပုဂ္ဂိုလ်များ

တိဟိတ်ပုဂ္ဂိုလ်တစ်ဦးသည် သမထဖြင့် ရူပါဝစရကုသိုလ်ဈာန်တို့ကို ဦးစွာ ရယူပြီးနောက် ဝိပဿနာဘက်သို့ ဦးလှည့်ကာ ရုပ်နာမ်အဖြစ်အပျက်ကို ရှုမှတ်ပွား များသည်။

ပထမဈာန်ကို ဝင်စားပြီးနောက် ထိုဈာန်မှထကာ ဝိပဿနာရှုမှတ်သဖြင့် သောတာပတ္တိမဂ်ဆိုက်လျှင် ပထမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်ဖြစ်၏။

- ထိုမဂ်စိတ်အကျိုးဖြစ်သော သောတာပတ္တိဖိုလ်စိတ်သည်လည်း ပထမဈာန် နှင့် ယှဉ်၏။

- အလားတူ ဈာန်သမထဖြစ်သော ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမဈာန်ကို အခြေခံပြုပြီး ဝိပဿနာတရားတို့ကို ဆက်လက်အားထုတ်သောသူသည် မဂ်-ဖိုလ်ရသောအခါ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမဈာန်တို့နှင့်ယှဉ်သော မဂ်စိတ်၊ ဖိုလ်စိတ်တို့ကို ရပါသည်။

## သောတာပတ္တိမဂ်၌ ဈာန် ၅-မျိုး ပွားပုံ

၁။ ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ - ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ပထမဈာန်သောတာပတ္တိမဂ်စိတ်တစ်ပါး၊
၂။ ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ - ဈာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဒုတိယဈာန်သောတာပတ္တိမဂ်စိတ်တစ်ပါး၊
၃။ ပီတိ,သုခ,ဧကဂ္ဂတာ - ဈာန်အင်္ဂါသုံးပါးနှင့်ပြည့်စုံသော တတိယဈာန်သောတာပတ္တိမဂ်စိတ်တစ်ပါး၊
၄။ သုခ,ဧကဂ္ဂတာ - ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ်တစ်ပါး၊
၅။ ဥပေက္ခာ,ဧကဂ္ဂတာ - ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ပဥ္စမဈာန်သောတာပတ္တိမဂ်စိတ်တစ်ပါး၊

(အလားတူ-သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၌ ဈာန် ၅-မျိုးစီ ရပါသည်။)
(သောတာပတ္တိဖိုလ်၌ ဈာန် ၅-မျိုးသည် အလားတူပင် ဖြစ်ပါသည်။ မဂ်စိတ်နေရာ-ဖိုလ်စိတ်သာ ပြောင်းပါသည်။)

## လောကုတ္တရာစိတ်အကျယ်- ၄၀

၁။ မဂ်စိတ် ၄-ပါးကို ဈာန်အင်္ဂါ ၅-ပါးဖြင့်မြှောက်သော်
(မဂ် ၄ × ဈာန် ၅ = ၂၀) မဂ်စိတ်အကျယ် - ၂၀

၂။ ဖိုလ်စိတ် ၄-ပါးကို ဈာန်အင်္ဂါ ၅-ပါးဖြင့်မြှောက်သော်
(ဖိုလ် ၄ × ဈာန် ၅ = ၂၀) ဖိုလ်စိတ်အကျယ် -

ဤသို့အားဖြင့် လောကုတ္တရာစိတ်အကျယ် ၄၀ ရပါသည်။

**လောကုတ္တရာစိတ်အကျယ်– ၄၀ သင်္ကေတ**

| သော | သက | အနာ | အရ | | သော | သက | အနာ | အရ |
|---|---|---|---|---|---|---|---|---|
| + | + | + | + | ပ-ဈာန် | + | + | + | + |
| + | + | + | + | ဒု-ဈာန် | + | + | + | + |
| + | + | + | + | တ-ဈာန် | + | + | + | + |
| + | + | + | + | စ-ဈာန် | + | + | + | + |
| — | — | — | — | မ-ဈာန် | — | — | — | — |
| | မဂ်စိတ်= ၂၀ | | | | | ဖိုလ်စိတ် ၂၀ | | |

**ဈာန်စိတ်များ**

| | | | |
|---|---|---|---|
| ပထမဈာန်စိတ် ၁၁-ပါး | = | ပထမရူပဈာန်(ကု-ဝိ-ကြိ) | ၃ |
| | | လောကုတ္တရာပထမမဂ်ဈာန် | ၄ |
| | | လောကုတ္တရာပထမဖိုလ်ဈာန် | ၄ |
| | | စုစုပေါင်း | ၁၁ ပါး |

(ဒုတိယဈာန်-၁၁၊ တတိယဈာန်-၁၁၊ စတုတ္ထဈာန်-၁၁၊ အလားတူပင် ဖြစ်ပါသည်)

| | | | |
|---|---|---|---|
| ပဥ္စမဈာန်စိတ် ၂၃-ပါး | = | ပဥ္စမရူပဈာန်(ကု-ဝိ-ကြိ) | ၃ |
| | | အရူပဈာန် | ၁၂ |
| | | လောကုတ္တရာပဥ္စမမဂ်ဈာန် | ၄ |
| | | လောကုတ္တရာပဥ္စမဖိုလ်ဈာန် | ၄ |
| | | စုစုပေါင်း | ၂၃ ပါး |

| | | | | |
|---|---|---|---|---|
| ဈာန်စိတ် ၆၇ ပါး | = | ပထမဈာန် | - | ၁၁ |
| | | ဒုတိယဈာန် | - | ၁၁ |
| | | တတိယဈာန် | - | ၁၁ |
| | | စတုတ္ထဈာန် | - | ၁၁ |
| | | ပဉ္စမဈာန် | - | ၂၃ |
| | | | | ၆၇ |

## စိတ်အကျဉ်း ၈၉
## (တစ်ခုယုတ် ၉၀)

### စိတ်အကျဉ်း ၈၉ ပါး ဖြစ်ရပုံ

စိတ်သည် အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တစ်မျိုးတည်းဖြစ်သော်လည်း ဘူမိဘေဒ၊ ဇာတိဘေဒ စသည် အပြားအားဖြင့် ပြားသောကြောင့် စိတ်အကျဉ်း ၈၉-ပါး ပြားရပါသည်။

| | | | |
|---|---|---|---|
| (က) ဇာတိဘေဒအားဖြင့် | = | အကုသိုလ်စိတ် | ၁၂-ပါး |
| | | ကုသိုလ်စိတ် | ၂၁-ပါး |
| | | ဝိပါက်စိတ် | ၃၆-ပါး |
| | | ကြိယာစိတ် | ၂၀-ပါး |
| | | | ၈၉-ပါး |

| | | | |
|---|---|---|---|
| (ခ) ဘူမိဘေဒအားဖြင့် | = | ကာမစိတ် | ၅၄-ပါး |
| | | ရူပစိတ် | ၁၅-ပါး |
| | | အရူပစိတ် | ၁၂-ပါး |
| | | လောကုတ္တရာစိတ် | ၈-ပါး |
| | | | ၈၉-ပါး |

| | | | | |
|---|---|---|---|---|
| (ဂ) | အသောဘန,သောဘနအားဖြင့် | = | အသောဘနစိတ် | ၃၀ ပါး |
| | | | သောဘနစိတ် | ၅၉ ပါး |
| | | | | ၈၉-ပါး |

| | | | | |
|---|---|---|---|---|
| (ဃ) | လောကီ၊ လောကုတ္တရာအားဖြင့် | = | လောကီစိတ် | ၈၁-ပါး |
| | | | လောကုတ္တရာစိတ် | ၈-ပါး |
| | | | | ၈၉-ပါး |

ကုသိုလ်စိတ် ၂၁ = ကာမကုသိုလ်-၈ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ လောကုတ္တရာကုသိုလ် ၄ ပါး၊

ဝိပါက်စိတ် ၃၆ = အဟိတ်ဝိပါက်-၁၅ပါး၊ ကာမဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက်-၉ပါး၊ လောကုတ္တရာဝိပါက် ၄-ပါး၊

ကြိယာစိတ် ၂၀ = အဟိတ်ကြိယာ-၃ပါး၊ ကာမကြိယာ-၈ပါး၊ မဟဂ္ဂုတ်ကြိယာ ၉ ပါး၊

## စိတ်အကျယ် ၁၂၁

| | | | | |
|---|---|---|---|---|
| ၁။ **ဇာတိဘေဒအားဖြင့်** | = | အကုသိုလ်စိတ် | ၁၂-ပါး | |
| | | ကုသိုလ်စိတ် | ၃၇-ပါး | * |
| | | ဝိပါက်စိတ် | ၅၂-ပါး | * |
| | | ကြိယာစိတ် | ၂၀-ပါး | |
| | | | ၁၂၁-ပါး | |

* ကုသိုလ်စိတ် - ၃၇ = ကာမကုသိုလ်-၈ပါး၊ မဟဂ္ဂုတ်ကုသိုလ်-၉ပါး၊ လောကုတ္တရာကုသိုလ် - ၂၀ ပါး၊
* ဝိပါက်စိတ် - ၅၂ = အဟိတ်-၁၅ ပါး၊ ကာမဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက်-၉ပါး၊ လောကုတ္တရာဝိပါက်-၂၀ပါး၊

| | | | |
|---|---|---|---|
| **၂။ ဘူမိဘေဒအားဖြင့်** | = | ကာမဘုံဖြစ်စိတ် | ၅၄-ပါး |
| | | ရူပဘုံဖြစ်စိတ် | ၁၅-ပါး |
| | | အရူပဘုံဖြစ်စိတ် | ၁၂-ပါး |
| | | လောကုတ္တရာဘုံ(အဝတ္ထာဘုံ) | ၄၀-ပါး |
| | | | ၁၂၁-ပါး |

**၃။ ယောဂဘေဒအားဖြင့်** = အကုသိုလ်စိတ် ၁၂-ပါး၌

(က) သမ္ပယုတ် ၈

(ခ) ဝိပ္ပယုတ် ၄

ကာမသောဘန ၂၄-ပါး၌

(ဂ) သမ္ပယုတ် ၁၂

(ဃ) ဝိပ္ပယုတ် ၁၂

မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်များသည် ဉာဏ်နှင့်ယှဉ်သောကြောင့် သမ္ပယုတ်စိတ်များ ဖြစ်ကြသည်။

အဟိတ်စိတ်သည် ဒိဋ္ဌိ၊ ပဋိဃ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဉာဏ် ဟူသော စေတသိက်အထူးများနှင့် မယှဉ်သောကြောင့် ဝိပ္ပယုတ်စိတ်များ ဖြစ်ကြသည်။

**၄။ သင်္ခါရဘေဒအားဖြင့်**

အကုသိုလ်လောဘမူ-ဒေါသမူ၌-အသင်္ခါရိက-၅ပါး၊ သသင်္ခါရိက-၅ပါး၊ ကာမသောဘန-၂၄-ပါး၌-အသင်္ခါရိက-၁၂ပါး၊ သသင်္ခါရိက-၁၂ပါး၊ (အချို့ဝါဒများ၌ မောဟမူနှင့် အဟိတ်စိတ်တို့ကို အသင်္ခါရိက ဟု သတ်မှတ်သည်။)

- မဟဂ္ဂုတ်နှင့်လောကုတ္တရာစိတ်တို့ကို သသင်္ခါရိကတို့၌ ထည့်သွင်းရေတွက်ပါသည်။

## ၅။ ဝေဒနာအားဖြင့်


| | | |
|---|---|---|
| သောမနဿ | + | ၆၂-ပါး |
| ဥပေက္ခာ | — | ၅၅-ပါး |
| ဒေါမနဿ | > | ၂-ပါး |
| သုခ | ∧ | ၁-ပါး |
| ဒုက္ခ | ∨ | ၁-ပါး |
| | | ၁၂၁-ပါး |

လောကုတ္တရာစိတ်အကျဉ်း ၈-ပါးသည် ဝေဒနာအားဖြင့် သောမနဿ သဟဂုတ်လည်း ဖြစ်သည်။ ဥပေက္ခာသဟဂုတ်လည်း ဖြစ်သည်။

### စိတ်အကျယ်-၁၂၁ပါး ဇယားအချုပ်

| ဘူမိဘေဒ | ဇာတိဘေဒ | ဝေဒနာဘေဒ | | ဈာနဘေဒ |
|---|---|---|---|---|
| ကာမာဝစရစိတ် ၅၄ | အကု -၁၂ | သုခ- ၁ | သုခ-၆၃ | ပထမဈာန် ၁၁ |
| ရူပါဝစရစိတ် ၁၅ | ကုသိုလ်-၃၇ | သော-၆၂ | | ဒုတိယဈာန် ၁၁ |
| အရူပါဝစရစိတ် ၁၂ | ဝိပါက်-၅၂ | ဒုက္ခ- ၁ | ဒုက္ခ- ၃ | တတိယဈာန် ၁၁ |
| လောကုတ္တရာစိတ် ၄၀ | ကြိယာ-၂၀ | ဒေါမန- ၂ | | စတုတ္ထဈာန် ၁၁ |
| | | ဥပေက္ခာ-၅၅ | ဥပေက္ခာ ၅၅ | ပဉ္စမဈာန် ၂၃ |
| | | | | ဈာန်မဟုတ် ၅၄ |

## စိတ်အကျဉ်း-၈၉ ၊ စိတ်အကျယ်-၁၂၁ ဇယားအချုပ်



## စိတ်ကိုပြင်ပါ

ခေတ်မရိုက်ခင်၊ ကောင်းစွာပြင်မှ
ပုံတွင်ကျန၊ ရုပ်သွင်လှသို့
မုချမှန်စွာ၊ သံသရာ၏
ကမ္ဘာရုပ်ခွင်၊ ခေတ်အပြင်၌
စိတ်စဉ်ကျန၊ ရုပ်သွင်လှ၍
ခေမမြို့နန်း၊ အရောက်လှမ်းဖို့
မြင်စမ်းစေချင်၊ စိတ်အစဉ်ကို
ပြင်ဆင်လေကွဲ့၊ နေ့စဉ်တဲ့။

မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ

စိတ်၏တံထွာ၊ ဓမ္မတာကား
ကြံ့ရာအာရုံ၊ ရမိရုံမျှ
ဖုံဖုံကောင်းဆိုး၊ မကွဲရိုးတည်း
တစ်မျိုးတွဲဖက်၊ စေတသိက်တွက်ကြောင့်
သက်သက်ဆိုးကောင်း၊ အရောင်ပြောင်း၍
မကောင်းလည်းစိတ်၊ ကောင်းလည်းစိတ်ဟု
ခွဲကြိတ်စမြဲ၊ ဥဒါန်းကဲသည်
စိတ်လည်း စေတသိက်ကြောင့်သာကိုး။

မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ

## ၂။ စေတသိက်ပိုင်း

စိတ်၌မှီတွယ်၍ စိတ်ကိုခြယ်လှယ်သော သဘောတရားကို စေတသိက်ဟု ခေါ်ပါသည်။

ကေုပ္ပါဒစသော လက္ခဏာလေးပါးနှင့်ပြည့်စုံ၍ စိတ်နှင့်ယှဉ်လျက် ဖြစ်ကြသော ၅၂-ပါးသော သဘောတရားတို့ကို စေတသိက်ဟု ခေါ်ပါသည်။

စိတ်နှင့်စေတသိက်သည် မြင်းနှင့် မြင်းစီးသူပမာကဲ့သို့ ရှိသည်။

မြင်းစီးသောသူသည် မြင်းကျောပေါ်မှနေ၍ မြင်းကို ကိုယ်လိုရာသို့ ပြေးခိုင်း၏၊ ရပ်ခိုင်း၏။ မြင်းသည် မိမိကျောပေါ်မှ လူ၏ခိုင်းသည်ကိုလိုက်၍ လုပ်ရသည်။

စိတ်သည် မြင်းနှင့်တူသည်။ စေတသိက်သည် မြင်းစီးသူနှင့်တူသည်။

ဖန်ခါးသီးတွင် ဖန်,ချို,ဆိမ့်,ချဉ် အရသာမျိုးစုံပါသလို စိတ်တွင်လည်း စေတသိက်များစွာ ပါဝင်နေပါသည်။

ဖန်ခါးသီးတွင်ပါသော အရသာများနှင့် သရက်သီးတွင်ပါသော အရသာများ မတူညီကြသလို စိတ်ထဲတွင်ပါသော စေတသိက်များ၏စွမ်းရည်မတူကြပါ။ စိတ်တစ်ခုတစ်ခုတွင် စေတသိက်ဓာတ်အားသည် မညီပါ။

## စေတသိက်လက္ခဏာ ၄-ပါး

စေတသိက်တွင်(စေတောယုတ္တလက္ခဏာ) စိတ်ယှဉ်လက္ခဏာ ၄-ပါး ရှိပါသည်။

၁။ ဧကုပ္ပါဒ (ဧက+ဥပ္ပါဒ) စိတ်နှင့်အတူ ဖြစ်ခြင်း၊

၂။ ဧကနိရောဓ (ဧက+နိရောဓ) စိတ်နှင့်အတူ ချုပ်ခြင်း၊

၃။ ဧကာရမ္မဏ (ဧက+အာရမ္မဏ) စိတ်နှင့်အာရုံတူခြင်း၊

၄။ ဧကဝတ္ထုက (ဧက+ဝတ္ထုက) စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း၊

**ဆောင်** - *ဖြစ်,ပျက်,အာ,မှီ၊ တူလေးညီ၊ ခေါ်သည်စေတသိက်၊*
*စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်နှစ်၊ စေတသိက်။*

### စေတသိက် - ၅၂

| အညသမာန်းစေတသိက် ၁၃ | | အကုသိုလ်စေတသိက် ၁၄ | | သောဘနစေတသိက် ၂၅ | |
|---|---|---|---|---|---|
| (က) သဗ္ဗစိတ္တသာဓာရဏ | ၇ | (က) မောစတုက် | ၄ | (က)သောဘနသာဓာရဏ | ၁၉ |
| (ခ) ပကိဏ်း | ၆ | (ခ) လောတြိ | ၃ | (ခ)ဝိရတီ | ၃ |
| | | (ဂ) ဒေါစတုက် | ၄ | (ဂ)အပ္ပမညာ | ၂ |
| | | (ဃ) အဆုံးတြိ | ၃ | (ဃ)ပညိန္ဒြေ | ၁ |

## အညသမာန်း စေတသိက် ၁၃ ပါး

အည + သမာန

အခြားစိတ်နှင့် + တူညီသော

- ကုသိုလ်၊ အကုသိုလ်၊ သောဘန၊ အသောဘနစိတ်တို့နှင့် ယှဉ်တွဲနိုင်သော စေတသိက်များကို အညသမာန်းစေတသိက်ဟု ခေါ်ပါသည်။
- ဆားသည် ဟင်းချက်ရာ စသည်နေရာတိုင်း၌ ပါရသလို အညသမာန်း စေတသိက်သည် အကောင်း-အဆိုးစိတ်တို့၌ ယှဉ်ပါသည်။

**ဆောင်**- *ကောင်းဆိုး,နှစ်တန်၊ ခပ်တိုင်းငန်၊ သမာန်အည တေရသ။*

## (က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး

သဗ္ဗ + စိတ္တ + သာဓာရဏ
အလုံးစုံ + စိတ် + ဆက်ဆံခြင်း

- အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံတတ်၊ ယှဉ်တတ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟု ခေါ်ပါသည်။

### ၁။ ဖဿ

- အာရုံကို တွေ့ထိခြင်းသဘော
- ချဉ်သီးကိုစားသောသူအား မြင်ရိုက် လျှာရည်တို့ ထွက်ကျလာသကဲ့သို့ သဘောဖြစ်ပါသည်။
- စိတ်သည် အာရုံ-ဝတ္ထုတို့နှင့်တွေ့ထိသော် သိတတ်သည်။ ထိုသို့ စိတ်နှင့်အာရုံ တွေ့ထိရန် ဖဿက ပြုလုပ်ပေးသည်။ အာရုံနှင့် စိတ် တွေ့ထိအောင် ဖဿက ပြုလုပ်ပေးသည်။

### ၂။ ဝေဒနာ

- အာရုံ၏အရသာကို ခံစားခြင်းသဘော၊
- ဘောဇဉ်အရသာကို အပြည့်အဝခံစားသော မင်းကဲ့သို့သဘော ဖြစ်သည်။
- ကျင်စက်နှင့်တွေ့သော် ထုံသောအရသာကို ခံစားရ၏။ ထိုကဲ့သို့ပင် အာရုံနှင့်စိတ် ထိတွေ့သော် ကောင်းခြင်း-မကောင်းခြင်း စသည်ခံစားမှုများ ပေါ်ပေါက်လာသည်။ ထိုသို့သောခံစားမှုကို ဝေဒနာက ပြုလုပ်ပေးသည်။

### ၃။ သညာ

- အာရုံကို မှတ်သားခြင်းသဘော၊
- လက်သမား၏ အမှတ်အသားပြုသကဲ့သို့သဘော ဖြစ်သည်။
- စာအုပ်၊ အင်္ကျီ စသော အရာဝတ္ထုများ၊ သက်ရှိသတ္တဝါများရှိကြောင်းကို သိရ၏။
- ထိုသို့သိသော ဓာတ်သဘောသည်ကား သညာဖြစ်သည်။ သညာသည် မှတ်စရာ အားလုံးကို မှတ်သား၏။ အာရုံခံစားမှုကို မှတ်သားသည်။

## ၄။ စေတနာ

- ယှဉ်ဘက်စိတ်,စေတသိက်တို့ကို ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြရန် စေ့ဆော်တိုက်တွန်းခြင်းသဘော၊
- စေတနာသည် စစ်ဗိုလ်ချုပ်ကြီးနှင့်တူသည်။ စစ်ဗိုလ်ချုပ်ကြီးသည် အကောင်း-အဆိုး အမိန့်ကိုပေးနိုင်သည်။ ကိုယ်တိုင်လည်း ကောင်းဆိုးအမှုကို ပြုလုပ်နိုင်သည်။
- စေတနာသည် အကောင်းအဆိုးကိစ္စများ ပြုလုပ်ရန် စေ့ဆော်ပေးသည်။ လှုံ့ဆော်ပေးသည်။

## ၅။ ဧကဂ္ဂတာ

- အာရုံတစ်ခု၌ တည်ကြည်ခြင်းသဘော၊
- လေငြိမ်ရာ၌ ဆီမီးလျှံ၏ တည်ငြိမ်ပုံကဲ့သို့သဘော ဖြစ်သည်။
- အာရုံပေါ်တွင် စိတ်ကို တည်ငြိမ်အောင် ဧကဂ္ဂတာက ပြုလုပ်ပေးသည်။
- စကြာလည်ရာတွင် လျင်မြန်သဖြင့် တည်ငြိမ်နေသည်ဟု ထင်ရသကဲ့သို့ စိတ်သည် မည်ကဲ့သို့ လျင်မြန်ပါစေ၊ တည်ငြိမ်ချက်ရှိသည်။ ထိုတည်ငြိမ်မှုကို ဧကဂ္ဂတာက ပြုလုပ်ပေးသည်။
- တစ်ခုသောအာရုံတွင် စိတ်သည် ထပ်ကာထပ်ကာ တည်ငြိမ်လာသော် ဧကဂ္ဂတာ အားကောင်းလာသည်။ ထိုအခါ စိတ်သည်လည်း အားရှိလာသည်။ အားရှိသောစိတ်နှင့် ဆောင်ရွက်က အမှုကိစ္စများ လွယ်ကူစွာပြီးစီးနိုင်ပါသည်။

## ၆။ ဇီဝိတိန္ဒြေ

- အတူတကွဖြစ်သော နာမ်တရားတို့ကို သက်တမ်းပြည့် တည်တံ့အောင် စောင့်ရှောက်ခြင်းသဘော၊ အစိုးရခြင်းသဘော၊
- ကြာပင်ကိုစောင့်သောရေ၊ နို့ထိန်းအမေ၊ လှေလှော်သူတို့၏ စောင့်ရှောက်ခြင်းသဘောမျိုး ဖြစ်သည်။
- ရုံးတစ်ရုံးတွင် အရာရှိအသီးသီးရှိကြသည်။ အချိန်တူစွာ ရုံးတက်၍ တစ်စု

တစ်ဝေးတည်း အလုပ်,လုပ်ကြသော ထိုအရာရှိအသီးသီးတို့ကို ထိန်းသိမ်းသောသူ ရှိသည်။

- ဇီဝိတိန္ဒြေသည် ထိုထိန်းသူနှင့် တူသည်။

**၇။ မနသိကာရ**

- စိတ်၌ အာရုံပေါ်လာအောင် နှလုံးသွင်းခြင်းသဘော၊
- ရထားထိန်း၏ မြင်းတို့ကို လိုရာသို့ ဖြောင့်တန်းစွာသွားစေသကဲ့သို့ သဘောဖြစ်သည်။
- လှေ၏ပဲ့ရိပ်ကို ကင်မရာထဲသို့ ရောက်သွားအောင် အလင်းရောင်က ဖွင့်ပေးသကဲ့သို့ အာရုံကို စိတ်ထဲရောက်အောင် မနသိကာရက ဖွင့်ပေးသည်။
- မနသိကာရ နှလုံးသွင်းခြင်း ၂-မျိုးရှိသည်။

(၁) ယောနိသောမနသိကာရ - ကောင်းသောနှလုံးသွင်းခြင်း၊ ကောင်းသောနှလုံးသွင်းမှုကြောင့် ကောင်းသောစိတ် ဖြစ်ပေါ်သည်။

(၂) အယောနိသောမနသိကာရ - မကောင်းသောနှလုံးသွင်းခြင်း၊ မကောင်းသောနှလုံးသွင်းမှုကြောင့် မကောင်းသောစိတ် ဖြစ်ပေါ်သည်။

ထို့ကြောင့် မနသိကာရသည် အရေးကြီးပါသည်။

***ဆောင်*** *- ဖဿ,ဝေ,သညာ,စေ၊ ဧ,ဇီ,မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်။*

## (ခ) ပကိဏ်းစေတသိက် ၆-ပါး

**ပကိဏ္ဏက** = အချို့သောစိတ်တို့သာယှဉ်၍ အချို့သောစိတ်တို့နှင့်မယှဉ်ဘဲ ပြိုးပြွမ်း၍ယှဉ်သောကြောင့် ပကိဏ်းစေတသိက်ဟု ခေါ်ပါသည်။

**၁။ ဝိတက်**

- ယှဉ်ဖက် စိတ်,စေတသိက်တို့ကို အာရုံသို့ တင်ပေးခြင်းသဘော၊
- အာရုံသည် အနီး,အဝေး နေရာအနှံ့အပြားတွင် ရှိသည်။ ထိုအာရုံများရှိရာသို့ ပို့ဆောင်ပေးသော အင်အားဓာတ်သည် ဝိတက်စေတသိက်ဖြစ်သည်။

- ပိတုန်းသည် ပန်းချုံရှိရာသို့ ပျံသန်းသွားသကဲ့သို့ စိတ်ထဲမှ စေတသိက်သည်လည်း အာရုံရှိရာသို့ ပို့ပေးလိုက်သည်။
- မိုးပုံးပျံကောင်းကင်တက်ရန် မှိုင်းက ပို့ပေးသကဲ့သို့၊
- မင်းနှင့်ကျွမ်းသူက ကျေးတောသားကို မင်းထံသို့ ပို့ပေးသကဲ့သို့ ဝိတက်က အာရုံရှိရာသို့ ပို့ပေးသည်။
- အာရုံတို့သည် စိတ်,မနောဒွါရနှင့် တိုက်ရိုက်မထိနိုင်ကြသဖြင့် ထိတွေ့ရန် ဝိတက်၏ အကူအညီကို လိုအပ်သည်။
- ဝိတက်သည် စိတ်,စေတသိက်တို့ကို အာရုံအမျိုးမျိုးသို့ တင်ပေးခြင်းဖြင့် စိတ်ကူးအကြံအစည်များစေပါသည်။

**<u>တစ်နည်း</u>**- ဝိတက်စေတသိက်သည် အစဦးစွာမြည်သော ကြေးစည်သံ၊ ခေါင်းလောင်းသံကဲ့သို့၊
- ကောင်းကင်သို့ပျံတက်လိုသော ငှက်၏တောင်ပံခတ်သကဲ့သို့၊
- ပဒုမ္မာကြာဆီသို့ ထိုးဆင်းလာသောပျားပိတုန်းကဲ့သို့သဘော ရှိပါသည်။

## ၂။ ဝိစာရ

- အာရုံကို သုံးသပ်ခြင်း (ထပ်၍ထပ်၍ယူခြင်း)သဘော၊
- ပိတုန်းသည် ပန်းပွင့်ပေါ်တွင် မည်သည့်ဝတ်ရည်ကို သုံးစွဲရမည်နည်းဟု ရွေးချယ်သုံးသပ်ရန် ဝဲနေသကဲ့သို့ အာရုံပေါ်၌ ရစ်ဝဲ၍ စိတ်ကို သုံးသပ်စေသောသဘောသည် ဝိစာရစေတသိက်ဖြစ်ပါသည်။
- ဝိစာရသည် ဝိတက်တင်ပေးလိုက်သည့် အာရုံပေါ်မှ စိတ်,စေတသိက်တို့ကို ချက်ချင်းလျှော့ကျမသွားစေရန် အာရုံကို သုံးသပ်နေစေသည်။

## ၃။ အဓိမောက္ခ

- အာရုံကို ဆုံးဖြတ်ခြင်းသဘော၊
- စိတ်,စေတသိက်တို့ကို အာရုံ၌ ခိုင်မြဲနေအောင် ဆောင်ရွက်ပေးပြီး အာရုံကို ဆုံးဖြတ်ပေးသည်။

- တံခါးခုံသည် ရွာတွင်း-ရွာပြင်ခွဲခြားမှုကိုလည်းကောင်း၊ အတွင်းအပြင်ခွဲခြားမှုကို လည်းကောင်း ဆုံးဖြတ်သည်။
- တရားသူကြီးသည် မကောင်းသည်ကို ကောင်းသည်၊ ကောင်းသည်ကို မကောင်း သည်၊ သို့မဟုတ် ကောင်းသည်ကို ကောင်းသည်၊ မကောင်းသည်ကို မကောင်း သည်ဟု ဆုံးဖြတ်ပေးနိုင်သကဲ့သို့ အဓိမောက္ခသည် ထိုသို့ဆုံးဖြတ်ပေးသည်။

## ၄။ ဝီရိယ

- ယှဉ်ဖက်တရားတို့ကို မဆုတ်မနစ်အောင် အားထုတ်ခြင်းသဘော၊
- စိတ်၊စေတသိက်တို့ကို မဆုတ်မနစ်အောင် ထောက်ပံ့ခြင်း၊ အားထုတ်ခြင်း သဘော ဖြစ်သည်။
- **ဥပမာ**- စစ်တိုက်ရာတွင် တစ်ဘက်ရန်သူများ၍ နောက်ဆုတ်ချင်၏။ သို့ရာတွင် နောက်ကစစ်ကူထပ်ရောက်လာ၍ အတင်းတောင့်ခံစေသကဲ့သို့ စိတ်သည် နောက်သို့ဆုတ်ချင်သော်လည်း ဆုတ်ခွာခွင့်မပေးဘဲ တောင့်တင်းကြိုးစားစေရန် ထောက်ပံ့ခြင်းသဘောသည် ဝီရိယစေတသိက်ဖြစ်သည်။
- ဝီရိယသည် ကောင်းသည်ဘက်၊ မကောင်းသည်ဘက်တို့၌လည်း ထောက်ပံ့ သည်။
- အိမ်အိုကြီးမပြိုလဲအောင် ကျားကန်ပေးသကဲ့သို့သော သဘောသည် ဝီရိယ စေတသိက် ဖြစ်ပါသည်။

## ၅။ ပီတိ

- အာရုံကို နှစ်သက်ခြင်းသဘော၊
- ပိတုန်းသည် ပန်းပွင့်ကိုတွေ့သော် နှစ်သက်သွားသကဲ့သို့ အာရုံပေါ်၌စိတ်ကို နှစ်သက်စေသောသဘောသည် ပီတိ ဖြစ်ပါသည်။
- အာရုံ၌ စိတ်၊စေတသိက်တို့ကို ခိုင်မြဲနေစေရန် ကူညီပေး၏။ စိတ် စေတသိက် တို့ကို ပဒုမ္မာကြာပန်းကဲ့သို့ ပွင့်လန်းတိုးပွားစေ၏။
- ရေငတ်နေသောခရီးသွားသည် ရေကန်ကိုမြင်ရသောအခါ ရွှင်လန်းအားရပြီး

ခွန်အားလန်းသစ်လာသည်။ ဤသို့လန်းသစ်လာခြင်းမှာ ပီတိစွမ်းအားကြောင့် ဖြစ်သည်။

၆။ ဆန္ဒ

- အာရုံကို လိုချင်ကာမျှသဘော၊
- လောဘကဲ့သို့ တပ်မက်မှုမပါ၊ လှုပ်ရှားမှုဟူသမျှတို့သည် ဆန္ဒက စသည်။
- ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ တို့သည် အဓိပတိတပ်သောတရားများ ဖြစ်ကြသည်။ ယှဉ်ဖက်တရားတို့ကို ဦးဆောင်နိုင်သည်။

## လောဘနှင့် ဆန္ဒ အထူး

- ဆန္ဒသည် လက်ဝါးဖြင့် တောင်းခံခြင်းသဘော၊
- လောဘသည် စိတ်ထဲက မလွှတ်နိုင်အောင် လိုချင်ခြင်းသဘော၊
- စက္ကူနှစ်ရွက်ကို တံတွေး၊ ရေဖြင့်ကပ်ခြင်းသည် ဆန္ဒသဘောဖြစ်သည်။ ရေ-တံတွေး ခြောက်သွားသော် ကွာကျသွားနိုင်သည်။ စိတ်နှင့်အာရုံသည် ကွာသွားနိုင်သည်။
- စက္ကူနှစ်ရွက်ကို ကော်ဖြင့်ကပ်ခြင်းသည် လောဘဖြစ်သည်။ စိတ်နှင့်အာရုံကို မကွာအောင် ကပ်ထားသည်။

***ဆောင်*** *- တက်,စာ,ဝီ,တိ၊ ဆန်,အဓိ၊ ပြွမ်းဘိပကိဏ်းခြောက်။*

## အကုသိုလ်စေတသိက် ၁၄ ပါး

### (က) မောဟစတုက္က ခေါ် မောဟအသင်းဝင် ၄-ပါး

၁။ မောဟ

- အာရုံ၏သဘောမှန်ကို မသိခြင်း၊ ဖုံးကွယ်ခြင်းသဘော၊
- အရာဝတ္ထုအစစ်အမှန်ရှိသည်ကို တစ်ခုခုဖြင့် ဖုံးလွှမ်းလိုက်ပါက ကောင်းစွာမမြင်ရတော့သကဲ့သို့ စိတ်ကို မောဟဖုံးလွှမ်းလိုက်ပါက စိတ်သည် ညစ်နွမ်းသွားပေမည်။ မောဟသည် စိတ်ကို အနှောင့်အယှက်ပေးသည်။

## ၂။ အဟိရိက

- ဒုစရိုက်မကောင်းမှုတို့ကို ပြုရန်မရှက်ခြင်းသဘော၊
- ရွာဝက်သည် မစင်စားရသည်ကို မရှက်၊ မြိန်ရှက်စွာစားသောက်ပြီး ဂုဏ်ယူနေသကဲ့သို့ မကောင်းမှုအကုသိုလ်ပြုရမည်ကို မရှက်ခြင်းသည် အဟိရိက စေတသိက် ဖြစ်သည်။
- ယုတ်မာညစ်ညမ်းစွာ ဆဲရေးသူသည် အဟိရိကနှင့်ယှဉ်လာသော် ရှက်ခြင်း မရှိတော့ပေ။

## ၃။ အနောတ္တပ္ပ

- ဒုစရိုက်မကောင်းမှုကို ပြုရန် မကြောက်ခြင်းသဘော။
- ပိုးဖလံကောင်သည် မီးထဲဝင်ရမှာ မကြောက်သကဲ့သို့ အနောတ္တပ္ပစေတသိက်က ဆွပေးသောကြောင့် မကောင်းပြောဆိုလုပ်မှုကို မကြောက်တော့ပေ။

## ၄။ ဥဒ္ဓစ္စ

- အာရုံတစ်ခု၌ မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်းသဘော၊
- ခဲထိသောပြာသည် ပျံ့လွင့်သွားသည်ရှိသော် ကောင်းကင်၌ အမှုန့်ကလေးများ မြူမှုန်ကလေးများနှင့် ပြည့်နှက်နေသောကြောင့် မှုန်မှိုင်းနေသကဲ့သို့ ဥဒ္ဓစ္စရှိလာလျှင် လူ၏စိတ် မပြတ်သားပေ။ မတိကျ မရေရာတော့ပေ။ မြူမှုန်သည် ကောင်းကင်တွင် မကြည်လင်အောင် အနှောင့်အယှက်ပေးသကဲ့သို့ ဥဒ္ဓစ္စသည် စိတ်ကို မကြည်လင်အောင် အနှောင့်အယှက်ပေးသည်။
- စာရေးနေစဉ် စိတ်သည် အိမ်ရောက်သွား၏။ အိမ်သို့မရောက်ခင် ကြားတွင် ရှိသောစိတ်သည် ဥဒ္ဓစ္စဖြစ်၏။ အိမ်သို့ရောက်လျှင် ထိုစိတ်သည် တစ်နေရာတည်းတွင် အခြေစိုက်မိရကား ဥဒ္ဓစ္စ မဖြစ်တော့ချေ။

မောစတုက်သည် အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်ကြ၍ အကုသလသာဓာရဏ (ဝါ)သဗ္ဗာကုသလသာဓာရဏ မည်၏။

မောဟသည် ရုပ်-နာမ်သဘော၊ ကံသဘော၊ သစ္စာသဘောကို မသိအောင် ဖုံးကွယ်ထားပြီး သတ္တဝါတို့ကို အမှောင်တိုက်၌ ကျင်လည်စေပါသည်။

ထိုအမှောင်တိုက်အထောက်အပံ့ဖြင့် မကောင်းမှုကို ပြုလုပ်ဖို့ အဟိရိကက မရှက်မုန်းရန်၊ အနောတ္တပ္ပက မကြောက်ရွံ့ရန် အားပေးမြှောက်၏။ ဥဒ္ဓစ္စက အမှန်သဘော မတွေးမိအောင် စိတ်ကို ပျံ့လွင့်နေစေ၏။

***ဆောင်*** - *မော, ဟိ, နောတ်, ဥဒ်, မောစတုက်။*

## (ခ) လောဘိ ခေါ် လောဘအသင်းဝင် စေတသိက် ၃-ပါး

### ၅။ လောဘ

- ကာမဂုဏ်အာရုံတို့၌ ကပ်ငြိတပ်မက်, လိုချင်သောသဘော၊
- လောဘသည် အလွန်ပြင်းထန်၏။ ကြမ်းတမ်း၏။ ရိုင်းစိုင်း၏။ လောဘ အလွန်ကပ်ငြိပါက နိမ့်ကျပျက်စီးနိုင်၏။
- ဥမ္မာဒန္တီအလှ၌ လောဘကပ်ငြိမှုကြောင့် သိဝိဘုရင် ရူးရသည်။ ပဘာဝတီအပေါ် လောဘကပ်ငြိမှုကြောင့် မင်းကုသသည် အမြင့်ဆုံး ရှင်ဘုရင်ဘဝမှ အနိမ့်ဆုံး အိုးလုပ်၊ ဖျာရက် ကျွန်ဘဝအဖြစ်သို့ ရောက်ရသည်။
- လောဘအရင်းခံသည် သမုဒယသစ္စာဖြစ်သည်။
- လောဘသည် မျောက်နဲ့စေးနှင့်တူသည်၊ မျောက်နဲ့စေးသည် မျောက်၏ လက်, ခြေ, ကိုယ်, ဦးခေါင်းတို့ကို ခွါမရအောင် ကပ်နေသကဲ့သို့ လောဘသည် သတ္တဝါတို့ကို ကာမဂုဏ်အာရုံတို့နှင့် မခွါနိုင်အောင် ကပ်ထားသည်။

### ၆။ ဒိဋ္ဌိ

- လွဲမှားစွာထင်မြင်ယူဆခြင်းသဘော၊
- အရှေ့ကိုအနောက်ထင်၊ အနောက်ကိုအရှေ့ထင် မျက်စိလည်သူနှင့်တူသည်။ အမှားနှင့် အမှန်ကို မခွဲခြားနိုင်ချေ။

၇။မာန

- ထောင်လွှားဝင့်ကြွားခြင်းသဘော၊
- ပို၍လိုချင်ခြင်းဖြစ်သည်။ မာနသည် လောဘနှင့်အမြဲရောနေသည်။ လောဘထဲ၌ ဒိဋ္ဌိ-မာန(တစ်ခုခု) အမြဲပါဝင်နေသည်။
- လိုချင်ခြင်းသည် လောဘစွမ်းရည်ဖြစ်ပြီး ပို၍လိုချင်ခြင်းသည် မာနစွမ်းရည်ဖြစ်သည်။
- မာနသည် တံခွန်အလံနှင့်တူသည်၊ တလူလူဖြစ်နေသည်။

***ဆောင် - လော, မာန်, ဒိဋ္ဌိ, လောတြိ။***

## ပပဉ္စတရား

လောဘ၊ ဒိဋ္ဌိ၊ မာန ဤသုံးပါးသည် သံသရာကိုရှဲ့တတ်သောကြောင့် ပပဉ္စတရားများဟု ခေါ်ပါသည်။

## (ဂ) ဒေါသစတုက္က ခေါ် ဒေါသအသင်းဝင်စေတသိက် ၄-ပါး

၈။ ဒေါသ

- ခက်ထန်ကြမ်းတမ်းခြင်းသဘော၊
  ၁။ တက်ကြွသောကြမ်းတမ်းခြင်း (စိတ်ဆိုးခြင်း)၊
  ၂။ ဆုတ်နစ်သောကြမ်းတမ်းခြင်း (ပူဆွေး,ဝမ်းနည်းခြင်း)၊
- ဒေါသဝင်လာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုး မသိတတ်တော့။ ဒေါသ၌ မောဟ ပါဝင်နေသည်။
- ဒေါသနှင့်တူသော အပြစ်မရှိ။ မြွေပွေး၊ မြွေဟောက်နှင့်တူသည်။ လူကိုအဖျက်ဆီးဆုံးတရားဖြစ်သည်။
- တက်ကြွသောဒေါသကလည်း ဖျက်ဆီးသည်။ ပူဆွေးခြင်း၊ ဝမ်းနည်းခြင်း စသော ဆုတ်နစ်သောဒေါသကလည်း ဖျက်ဆီးသည်။
- မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာမည်။
- ဣဿာ, မစ္ဆရိယကင်းက ချမ်းသာသည်။

၉။ ဣဿာ
- သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို ငြူစူခြင်း၊ မနာလိုခြင်းသဘော၊ ရွှဲကုန်သည် ဇာတ်၌ ဒေဝဒတ်၏မနာလိုမှုကြောင့် ပစ္စည်းပါဆုံးပြီး သွေးအန်သေဆုံးရသည်။

၁၀။မစ္ဆရိယ
- မိမိ၏စည်းစိမ်ချမ်းသာကို လျှို့ဝှက်ခြင်း၊ နှမြောခြင်းသဘော၊
- မဏိကဏ္ဌဇာတ်တွင် ရသေ့ငယ်က နဂါးထံ၌ရှိသော ပတ္တမြားကိုတောင်းသဖြင့် နဂါးသည် မိမိပစ္စည်း၌ နှမြော၍ မပေးလိုသောကြောင့် မလာတော့ပေ။

၁၁။ကုက္ကုစ္စ
- ပြုမိသော ဒုစရိုက်၊ မပြုမိသော သုစရိုက်ကို နောင်တတစ်ဖန် ပူပန်ခြင်းသဘော၊
(ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စသည် ဓမ္မစကြာတရားတော်အရ အတ္တကိလမထ (ကိုယ့်ကိုယ်ကို ညှဉ်းဆဲသောတရား)များ ဖြစ်သည်။)

**ဆောင်** - *ဒေါ, ဣဿ်, မစ်, ကုက်, ဒေါစတုက်။*

**(ဃ)အဆုံးတြိ ခေါ် နောက်ဆုံးအကုသိုလ်စေတသိက် ၃ ပါး**

**၁၂။ ထိန** - စိတ်၏အမှု၌ လေးလံထိုင်းမှိုင်းခြင်း၊ မခံ့ခြင်းသဘော၊
**၁၃။ မိဒ္ဓ** - စေတသိက်တို့၏ အမှု၌ လေးလံထိုင်းမှိုင်းခြင်း၊ မခံ့ခြင်းသဘော၊
**၁၄။ ဝိစိကိစ္ဆာ** - ရတနာသုံးပါး၊ သစ္စာလေးပါး၊ ကံတရား စသည်၌ ယုံမှားသံသယဖြစ်ခြင်းသဘော၊

**ဆောင်** - *ထိ, မိဒ်, ဝိစိ, ဆုံးတြိ*

အကုသိုလ်စေတသိက် ၁၄-လုံးကား ကြောက်စရာအကောင်းဆုံးရန်သူဖြစ်သည်။ **သတိမရှိ**သောစိတ်တွင် ဝင်ချင်သလို ဝင်၏။ စိတ်ကို ပူလောင်ဆင်းရဲစေပြီး အပါယ်သို့ တွန်းချနိုင်သည်။

## သောဘနသာဓာရဏစေတသိက် ၁၉–ပါး

သောဘန + သာဓာရဏ
တင့်တယ်ကောင်းသောစိတ် + ဆက်ဆံခြင်း

ကောင်းသောစိတ်အားလုံးနှင့်ဆက်ဆံသော စေတသိက်များကို သောဘန သာဓာရဏဟု ခေါ်သည်။

### ၁။ သဒ္ဓါ

- ရတနာသုံးပါး စသော ကုသိုလ်အာရုံ၌ ယုံဖက်တရားတို့ကို ကြည်လင်စေခြင်း၊ ယုံကြည်စေခြင်းသဘော၊
- စကြဝတေးမင်း၏ မနောမယ ပတ္တမြားနှင့်တူသည်။ နောက်နေသောရေထဲသို့ ပတ္တမြားထည့်က ကြည်သွားသကဲ့သို့ သဒ္ဓါစေတသိက်ဝင်လာပါက စိတ်သည် ကြည်လင်သွားသည်။

### ၂။ သတိ

- ရတနာသုံးပါး စသော ကုသိုလ်အာရုံ၌ ယုံဖက်တရားတို့ကို အောက်မေ့ အမှတ်ရစေခြင်းသဘော၊
- တစ်ဦးတစ်ယောက်အား မမေ့ခြင်း၊ လွမ်းဆွတ်နေခြင်းသည် သတိမဟုတ်၊ သောက ဖြစ်သည်။ မိမိဆောင်ရွက်လုပ်ကိုင်နေသောအချက်တို့ကို မမေ့ခြင်း၊ အမှန်တည်ရှိနေသည်ကို အောက်မေ့ခြင်းသာ သတိဖြစ်သည်။

### ၃။ ဟိရီ

- မကောင်းမှုဒုစရိုက်ပြုရမှာကို ရှက်မုန်းခြင်းသဘော၊
- မိမိ၏ ဂုဏ်သိက္ခာကို ထောက်ရှု၍ ယုတ်မာစွာ ဆဲရေးခြင်းသည် ကိုယ့်သိက္ခာနှင့်မတန်ဟု ယူဆကာ မလုပ်ဘဲ ရှံ့ခြင်း၊ ရှက်ခြင်းသဘော ဖြစ်သည်။

### ၄။ ဩတ္တပ္ပ

- မကောင်းမှုဒုစရိုက်ပြုရမည်ကို ကြောက်ခြင်းသဘော၊

- ဟိရီရှက်စိတ်သည် မိမိကိုယ်ကို တွေး၍၊ အာရုံပြု၍ မကောင်းမှုကို မပြုလုပ်ရဲခြင်း ဖြစ်သည်။
- ဩတ္တပ္ပကား ပတ်ဝန်းကျင်ကို တွေး၍ အာရုံပြု၍ မကောင်းမှုကို မပြုလုပ်ရဲခြင်း ဖြစ်သည်။
- ဟိရီ ဩတ္တပ္ပနှစ်ပါးကို လောကပါလတရားဟု ခေါ်သည်။ ဤတရားနှစ်ပါးက လောကကို ထိန်းသိမ်းစောင့်ရှောက်သည်။ ဤတရားနှစ်ပါးမရှိသော် လူတို့သည် တိရစ္ဆာန်များနှင့် တူသွားပါမည်။ ဤတရားနှစ်ပါးကို ကမ္ဘာ့ခြံစည်းရိုးတရားဟု ခေါ်ပါသည်။

## ၅။ အလောဘ

- ကာမဂုဏ်အာရုံဘို့ကို မလိုချင်မတပ်မက်သောသဘော၊
- သစ်ပင်၏ရေသောက်မြစ်သည် ရေကိုသောက်၍ အပင်တည်တံ့ခိုင်မြဲအောင် ပင်စည်သို့ ပို့ပေးသည်။
- ထိုသို့ပင် အလောဘ စသည်တို့သည် စည်ကားအောင်၊ ပွားများအောင် လုပ်ပေးတတ်သည်။
- လောဘစည်ကားပွားများလာလျှင် ခိုးချင်လာမည်၊ ဝှက်ချင်လာမည်။
- အလောဘ စည်ကားပွားများလာလျှင် လှူဒါန်းပေးကမ်းချင်လာမည်။

## ၆။ အဒေါသ

- မကြမ်းတမ်း၊ မခက်ထန်ခြင်းသဘော (မေတ္တာ)
- အဒေါသစေတသိက် ရှင်သန်စေရန် မေတ္တာစိတ်ထား ပွားများရမည်။

## ၇။ တတြမဇ္ဈတ္တတာ

- ထိုထိုအာရုံ ကိစ္စတို့၌ အလျော့အတင်း၊ ချစ်မုန်းမရှိ၊ အလယ်အလတ်ရှုခြင်း သဘော (ဥပေက္ခာ)
- တတြမဇ္ဈတ္တတာကား ပုဂ္ဂိုလ်ချင်း ဆက်ဆံရာ၌ အသုံးပြုရသည်။ ပုဂ္ဂိုလ် တစ်ဦးကို အထူးခင်မင်သွားပါက လောဘဖြစ်သွားသည်။ မုန်းတီးသောအခါ

ဒေါသ ဖြစ်သွားသည်။ တတြမဇ္ဈတ္တတာကား မုန်းတီးသည်လည်းမဟုတ်၊ အလွန်ချစ်သည်လည်းမဟုတ်၊ အလယ်အလတ်ထားခြင်း ဖြစ်သည်။

**၈။ ကာယပဿဒ္ဓိ**

- စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော၊

**၉။ စိတ္တပဿဒ္ဓိ**

- စိတ်၏ငြိမ်းအေးခြင်းသဘော၊
- ကောင်းစွာစာရေးနေချိန်တွင် ရဲဖမ်းမည်ကို မကြောက်ရပါ။ အေးချမ်းနေသည်။ စိတ္တပဿဒ္ဓိဝင်နေသည်။
- သူတစ်ပါးပစ္စည်းကို ခိုးယူနေချိန် စိတ်ပူနေရသည်။ စိတ်၏ အေးချမ်းခြင်းကို မရ၊ အဘယ်ကြောင့်ဆိုသော် စိတ္တပဿဒ္ဓိစေတသိက် ဝင်မလာသောကြောင့် ဖြစ်သည်။
- စိတ္တပဿဒ္ဓိဝင်မလာလျှင် ကာယပဿဒ္ဓိစေတသိက်လည်း ဝင်မလာနိုင်ပါ။ စိတ္တပဿဒ္ဓိနှင့် ကာယပဿဒ္ဓိသည် တွဲဖက်နေသည်။ တစ်ခုမလာလျှင် တစ်ခု မလာတော့ပါ။

**၁၀။ ကာယလဟုတာ**

- စေတသိက်အပေါင်း၏ ပေါ့ပါးခြင်းသဘော၊

**၁၁။ စိတ္တလဟုတာ**

- စိတ်၏ပေါ့ပါးခြင်းသဘော၊
- ကောင်းသောကိစ္စ ဆောင်ရွက်နိုင်ခြင်းသည် ပေါ့ပါးခြင်းဖြစ်သည်။ မဆောင်ရွက်နိုင်ခြင်းသည် လေးလံခြင်းဖြစ်သည်။
- စာသင်ခြင်း၊ ပညာကို လေ့လာခြင်းတွင် ကာယလဟုတာ၊ စိတ္တလဟုတာ ပါဝင်သည်။ ထိုအတွက် နောင်အခါ အကျိုးရမည်။ အဆင့်အတန်းမြင့်မည်။

**၁၂။ ကာယမုဒုတာ**

- စေတသိက်အပေါင်း၏ နူးညံ့ခြင်း။

**၁၃။ စိတ္တမုဒုတာ**

- စိတ်၏နူးညံ့ခြင်း၊
- နူးညံ့ခြင်းဆိုသည်မှာ ပျက်စီးရာပျက်စီးကြောင်းကို မလုပ်ခြင်းဖြစ်သည်။ အသက်သေကြောင်းကို မလုပ်ခြင်းဖြစ်သည်။ အသက်သေကျေ ပျက်စီးရန် ပြုလုပ်ခြင်းသည် ကြမ်းတမ်းခြင်းသဘောဖြစ်သည်။
- စာပေသင်ကြားပေးခြင်းသည် သူတစ်ပါးကို မပျက်စီးစေနိုင်။ မိမိကိုယ်တိုင်လည်း မပျက်စီးစေနိုင်သောကြောင့် နူးညံ့သည်။ ကာယမုဒုတာ၊ စိတ္တမုဒုတာ ပါဝင်နေသည်။
- အကျိုးဖြစ်စေသောအကြောင်းတစ်ခုကို လက်သီးလက်မောင်းတန်း၍ ပြောနေခြင်းသည် စိတ္တမုဒုတာစေတသိက်ကြောင့် ဖြစ်သည်။ သူတစ်ပါးကို နှောင့်ယှက်သောလုပ်ငန်းမဟုတ်ပေ။

**၁၄။ ကာယကမ္မညတာ**

- စေတသိက်အပေါင်း၏ ခိုင်ခံ့ခြင်းသဘော၊

**၁၅။ စိတ္တကမ္မညတာ**

- စိတ်၏ခိုင်ခံ့ခြင်းသဘော၊
- အကျိုးရှိရာရှိကြောင်းကို ဆောင်ရွက်ရာတွင် စိတ်နှင့် စေတသိက်အပေါင်း ခိုင်ခံ့စေရန်အတွက် စိတ္တကမ္မညတာ၊ ကာယကမ္မညတာက ဆောင်ရွက်ပေးသည်။
- ကာယကမ္မညတာ စေတသိက်အားနည်းလျှင် အကျိုးရှိသောကိစ္စ ပြီးဆုံးအောင် မလုပ်နိုင်ပေ။ တစ်ဝက်တစ်ပျက်နှင့် ပြီးသွားရသည်။ စာပေသင်ကြားရာ၌ မပြီးဆုံးသောသဘောသည် ကာယကမ္မညတာ ညံ့၍ဖြစ်သည်။
- မပျော့မမာ လျော်ပြီးသောရွှေကို လက်ကောက်လုပ်ရာ၌ ကောင်းမွန်ခံ့ညားသကဲ့သို့ ရှိပါသည်။

## ၁၆။ ကာယပါဂုညတာ

- စေတသိက်အပေါင်း၏ ကျွမ်းကျင်ခြင်းသဘော၊

## ၁၇။ စိတ္တပါဂုညတာ

- စိတ်၏ ကျွမ်းကျင်ခြင်းသဘော၊
- စိတ်သည် ကောင်းသောအလုပ်လုပ်ရာ၌ ကျွမ်းကျင်နေသည်။ ဥပုသ်စောင့်သည်၊ တရားပွားများသည်၊ ဆွမ်းလောင်းသည် စသည်တို့သည် ကာယပါဂုညတာ ပါဝင်နေသောကြောင့် ဖြစ်သည်။
- အကျိုးရှိရာရှိကြောင်းကို လူတိုင်း မလုပ်တတ်ပေ။ လူတိုင်းတွင် လောဘ၊ ဒေါသ စသော မကောင်းသောစိတ်ကသာ များနေတတ်သည်။ စိတ်ကောင်းစေတနာကောင်းရှိဖို့ ဆိုသည်မှာ ကာယ-စိတ္တပါဂုညတာ ရှိမှ ဖြစ်သည်။
- နက်သောရေ၌ ချအပ်သော မိကျောင်းကဲ့သို့ ဖြစ်သည်။

## ၁၈။ ကာယုဇုကတာ

- စေတသိက်အပေါင်း၏ ဖြောင့်တန်းခြင်း၊

## ၁၉။ စိတ္တုဇုကတာ

- စိတ်၏ဖြောင့်တန်းခြင်း၊
- ကောင်းသောရည်မှန်းချက်ပန်းတိုင်သို့ ရောက်စေနိုင်သော လမ်းကောင်းကို လုပ်ခြင်းတွင် စိတ်ဖြောင့်မှုလိုသည်။ ထိုဖြောင့်မတ်မှုအတွက် ဤကာယ-စိတ္တ နှစ်ခု ပါဝင်ရသည်။
- လေးသည်ကျော် ပစ်အပ်သော မြားကဲ့သို့ ဖြစ်ပါသည်။
- စိတ်, စေတသိက်တို့၏ ငြိမ်းအေးခြင်း၊ ပေါ့ပါးသွက်လက်ခြင်း၊ နူးညံ့ပျော့ပျောင်းခြင်း၊ ကုသိုလ်ကောင်းမှု၌ ကောင်းမွန်ခဲ့ညားခြင်း၊ အပြစ်အနာဆာ ကင်းပ၍ ကျွမ်းကျင်စွာ လေ့လာထားခြင်း၊ ဖြောင့်မတ်ခြင်းသဘောတို့သည် ကုသိုလ်ရေးကိစ္စ၌ အလေ့အကျင့်များသူတို့တွင် ပေါ်လွင်ထင်ရှားသည်။ ဝိပဿနာအားထုတ်သဖြင့် အထက်ဉာဏ်သို့ ရောက်နေသူများ၌

သာ၍ ထင်ရှားသည်။
- စိတ်,စေတသိက်တို့ ငြိမ်းအေးပေ့ါပါး ကောင်းမွန်ခံ့ညားနေသောအခါ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည် ငြိမ်းအေးပေ့ါပါး ကောင်းမွန်ခံ့ညားနေပါသည်။
- သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာတို့သည် တစ်ပါးစီသာလျှင် မိမိတို့၏ ဆန့်ကျင်ဘက်တရားတို့ကို ဖယ်ရှားနှိမ်နင်းနိုင်၏။
- ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိ စသော စုံတွဲများက သက်ဆိုင်ရာ အကုသိုလ်တရားတို့ကို ပယ်ရှားရာ၌ နှစ်ပါးစီတွဲ၍သာ ပယ်ရှားနိုင်သည်။

## ဝိရတီ ၃ ပါး

**ဝိရတီ** = ရှောင်ကြဉ်ခြင်း၊
ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသဘောကို ဝိရတီ ဟု ခေါ်သည်။

### ၁။ သမ္မာဝါစာ

- အသက်မွေးဝမ်းကျောင်းနှင့်မဆက်ဆံသော ဝစီဒုစရိုက် ၄-ပါးမှရှောင်ကြဉ်ခြင်း၊
  - (က) မုသာဝါဒါ - လိမ်ညာပြောဆိုခြင်း၊
  - (ခ) ပိသုဏာဝါစာ - ကုန်းချောစကားပြောခြင်း၊
  - (ဂ) ဖရုသဝါစာ - ကြမ်းတမ်းစွာပြောခြင်း၊
  - (ဃ) သမ္ဖပ္ပလာပါ - အကျိုးမရှိ စကားပြောခြင်း။

### ၂။ သမ္မာကမ္မန္တ

- အသက်မွေးဝမ်းကျောင်းနှင့် မဆက်ဆံသော ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း။
  - (က) ပါဏာတိပါတ - သူ့အသက်သတ်ခြင်း၊
  - (ခ) အဒိန္နာဒါန - အရှင်မပေး၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊
  - (ဂ) ကာမေသုမိစ္ဆာစာရ - **သူ့သားအိမ်ရာပြစ်မှားခြင်း။**

### ၃။ သမ္မာအာဇီဝ

- အသက်မွေးဝမ်းကျောင်းနှင့်ဆက်ဆံသော ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း၊
- အရပ်သားများ၊ အဖျင်းစကား ပြက်ရယ်စကားမပြော ရှောင်ခြင်းသည် သမ္မာဝါစာ၊
- လူရှင်တော်များ၊ ပြက်ရယ်စကားမပြောခြင်းသည် သမ္မာအာဇီဝ။
- ရုံးသမားတစ်ယောက် လမ်း၌ ငါးတစ်ကောင်တွေ့၍ မသတ်ဘဲ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တ။
- တံငါသည်တစ်ယောက်က ငါးတစ်ကောင်တွေ့၍ မသတ်ခြင်းသည် သမ္မာအာဇီဝ။

## ဝိရတီ အပြား

(၁) သမာဒါနဝိရတီ - မကောင်းမှုကို သူတစ်ပါးက မကောင်း၍ မလုပ်နှင့်ဟု ပြော၍ မလုပ်ခြင်းသဘော၊
ဥပမာ - ဆရာဝန်က မတည့်၍ မစားနှင့်ဟု ပြော၍ မစားဘဲ ရှောင်ကြဉ်ခြင်းသဘော။

(၂) သမ္ပတ္တဝိရတီ - ရင်ဆိုင်တွေ့ကြုံလာသော် မလုပ်ခြင်းသဘော၊
မတည့်သောအစားအစာများနှင့် တွေ့လာသော် မစားဘဲ ရှောင်ခြင်းသဘော။

(၃) သမုစ္ဆေဒဝိရတီ - အပြီးအပြတ် ရှောင်ကြဉ်ခြင်းသဘော၊
မတည့်သောအစာကို အပြတ်ရွံမုန်းပြီး ရှောင်ကြဉ်ခြင်းသဘော။

ပုထုဇဉ်တို့သည် သမာဒါန၊ သမ္ပတ္တဝိရတီ ကိုသာ ရှောင်နိုင်သည်။ သမုစ္ဆေဒ **ဝိရတီကိုမူ** တစ်မဂ်တစ်ဖိုလ်ရပြီးသူတို့ကသာ လုံးဝရှောင်ကြဉ်နိုင်ကြသည်။

## အပ္ပမညာ ၂-ပါး

**အပ္ပမညာ** - အတိုင်းအရှည်မရှိ- အဆုံးမရှိ

**၁။ ကရုဏာ**

- ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော။

**၂။ မုဒိတာ**

- သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

အခြားသောစေတသိက်များက သတ္တဝါကိုမကြည့်၊ သဘာဝကို ခြုံ၍ ကြည့်သည်။ ကရုဏာ၊ မုဒိတာက သဘာဝကိုမကြည့်၊ သတ္တဝါကိုသာကြည့် သည်။

ရေ၊ မြေ တောတောင်ကား သဘာဝတူညီသည်။ သတ္တဝါကား မတူညီ။ တစ်ယောက်နှင့်တစ်ယောက် မတူ ကွာခြားသည်။

ကမ္ဘာသည် အဆုံးမရှိ၊ အဆုံးမရှိသောသတ္တဝါတို့ကို သနားခြင်း၊ ဝမ်းမြောက်ခြင်းသည်လည်း အဆုံးမရှိပါ။

မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာ ၄ ပါးသည် ဗြဟ္မာတို့၏ မြတ်သော အကျင့်၊ ဗြဟ္မစိုရ်တရားဟူ၍ ခေါ်ပါသည်။ အပ္ပမညာတရားဟူ၍လည်း ခေါ်ပါသည်။

## ပညိန္ဒြေ

ပညာ + ဣန္ဒြေ
အသိဉာဏ် + အုပ်စိုးနိုင်ခြင်း

အုပ်စိုးနိုင်သော အသိဉာဏ်ကို ပညိန္ဒြေဟု ခေါ်ပါသည်။ အလုံးစုံသော စေတသိက် တို့ကို ပညိန္ဒြေက အုပ်စိုးသည်။ မောဟ၏ ဆန့်ကျင်ဘက် ဖြစ်သည်။ အမောဟစေတသိက် ဖြစ်သည်။ ဝိဇ္ဇာဟူ၍လည်း ခေါ်သည်။

ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိခြင်း၊ ကံ-ကံ၏အကျိုးကိုသိခြင်း၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်ကို သိခြင်းသည် ပညာဖြစ်၏။

ချမ်းသာသူများကို တွေ့မြင်က အသိဉာဏ်မရှိသူက ဣဿာဝင်မည်။ အသိဉာဏ်ရှိသူက ဣဿာအပြစ်ကိုသိ၍ မဝင်တော့ဘဲ ဝမ်းမြောက်မည်။ ထို့ကြောင့် အသိဉာဏ်သည် ပညာမည်၏။

## သမ္ပယောဂနည်း– သင်္ဂဟနည်းများ

**သမ္ပယောဂနည်း** - စေတသိက်တစ်လုံးစီက မည်သည့်စိတ်များ၌ ယှဉ်နိုင်သည်ကို ဖော်ပြသောနည်းကို သမ္ပယောဂနည်းဟု ခေါ်ပါသည်။

**သင်္ဂဟနည်း** - စိတ်တစ်မျိုး၌ ယှဉ်ထိုက်သမျှသော စေတသိက်အားလုံးကို ပေါင်းရုံးရေတွက်ပြသောနည်းကို သင်္ဂဟနည်းဟုခေါ်ပါသည်။

| **သမ္ပယောဂနည်း** | | **သင်္ဂဟနည်း** | |
|---|---|---|---|
| ၁။ အညသမာန်းစေတသိက် | ၇-နည်း | ၁။ အကုသိုလ်စိတ် | ၇-နည်း |
| ၂။ အကုသိုလ်စေတသိက် | ၅-နည်း | ၂။ အဟိတ်စိတ် | ၄-နည်း |
| ၃။ သောဘနစေတသိက် | ၄-နည်း | ၃။ ကာမသောဘနစိတ် | ၁၂-နည်း |
| | | ၄။ မဟဂ္ဂုတ်စိတ် | ၅-နည်း |
| | | ၅။ လောကုတ္တရာစိတ် | ၅-နည်း |
| | ၁၆ နည်း | | ၃၃-နည်း |

## အညသမာန်းစေတသိက် သမ္ပယောဂနည်း ၇-နည်း

**(၁) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးသည်-**

အလုံးစုံသော စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁-ပါး၌ ယှဉ်ပါသည်။

| သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|
| **(၂) ဝိတက်** | | | |
| ဒွေးပဉ္စဝိညာဏ် | | | |
| ၁၀ ကြည် ကာမစိတ် | -၄၄ | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| ပထမဈာန် | -၁၁ | ဒုတိယဈာန် | ၁၁ |
| | | တတိယဈာန် | ၁၁ |
| | | စတုတ္ထဈာန် | ၁၁ |
| | | ပဉ္စမဈာန် | ၂၃ |
| | ၅၅ | | ၆၆ |

ဒွေးပဉ္စဝိညာဏ် ၁၀-သည် အာရုံသို့ ပို့ပေးတတ်မှုမရှိသော်လည်း အာရုံနှင့်မှု တွေ့ပါသည်။

အာရုံများသည် သက်ဆိုင်ရာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်များသို့ အသီးသီး လာတိုးသောကြောင့် တွေ့ရပါသည်။

**ဥပမာ-** ကောင်းသောရေမွှေးနံ့သည်လည်းကောင်း၊ မကောင်းသောအပုပ်နံ့သည် လည်းကောင်း နှာခေါင်းသို့ လာတိုးသဖြင့် ဃာနဝိညာဏ်စိတ် ပေါ်ပေါက် ရပါသည်။

ဝိတက်မယှဉ်သောစိတ် ၆၆-ပါးသည်လည်း အာရုံသို့မှု သွားပါသည်။

ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဈာန်တို့မှာ ဝိတက်နှင့်မယှဉ်သော်လည်း ပထမဈာန်မှ ဝိတက်၏အရှိန်ကြောင့် အာရုံသို့ ရောက်သွားနိုင်ပါသည်။

**ဥပမာ-** လက်အနေအထား ၃-ပေအတွင်းမှ ခဲနှင့်ပစ်သော်လည်း ခဲရောက်သော နေရာသည် ၃-ပေမက အရှိန်နှင့် ရောက်သွားသကဲ့သို့ပင် ပထမဈာန်မှာ ရှိသော ဝိတက်၏အရှိန်ကြောင့် အာရုံထံသို့ ရောက်နိုင်သည်။

| | | သမ္ပယောဂ(ယှဉ်) | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|---|
| (၃) ဝိစာရ | | | | |
| ဒွေးပဉ္စဝိညာဏ် ၁၀ ကြဉ် | | | | |
| ကာမစိတ် | | -၄၄ | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| ပထမဈာန် | | -၁၁ | တတိယဈာန် | ၁၁ |
| ဒုတိယဈာန် | | -၁၁ | စတုတ္ထဈာန် | ၁၁ |
| | | | ပဉ္စမဈာန် | ၂၃ |
| | | ၆၆ | | ၅၅ |
| (၄) အဓိမောက္ခ | | | | |
| ဒွေးပဉ္စဝိညာဏ်၁၀၊ | | | | |
| ဝိစိကိစ္ဆာကြဉ် ကာမစိတ် | | - ၄၃ | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| မဟဂ္ဂုတ်စိတ် | | - ၂၇ | ဝိစိကိစ္ဆာ | ၁ |
| လောကုတ္တရာစိတ် | | - ၈ | | |
| | | ၇၈ | | ၁၁ |

## ဝိစိကိစ္ဆာမယှဉ်ပုံ

- အဓိမောက္ခသဘောမှာ ဤသည်မှာ ကောင်းသည်-မကောင်းဟု ဆုံးဖြတ်တတ်သည်။
- ဝိစိကိစ္ဆာသမ္ပယုတ်သည် တွေးတောယုံမှားသည်။ မဆုံးဖြတ်နိုင်သော သဘောရှိ၍ အဓိမောက္ခ၌ မယှဉ်ပါ။

## ဒွေးပဉ္စဝိညာဏ် ၁၀ မယှဉ်နိုင်ပုံ

အသံတစ်ခုနှင့်တစ်ခု ဖြစ်ပေါ်မှုမတူပါ။

**ဥပမာ-** သစ်သားအချင်းချင်း ထိခိုက်သောအသံနှင့် စာအုပ်နှင့်သစ်သား ထိခိုက်

သောအသံတို့သည် တစ်မျိုးနှင့်တစ်မျိုး မတူကြပေ။ နေရာနှင့် အသံဖြစ်ပေါ်မှု ကွဲပြားသလို စိတ်သည်လည်း နေရာကွဲပြား၍ ပေါ်တတ်ပါသည်။

- မျက်စိကပေါ်လာသော အမြင်စိတ်ကို စက္ခုဝိညာဏ်စိတ်၊
- နားကပေါ်လာသော စိတ်ကို သောတဝိညာဏ်စိတ်၊

စသည်ဖြင့် မျက်စိကပေါ်သောစိတ်၊ နားကပေါ်သောစိတ် နေရာအသီးသီးက ကွဲပြားသောစိတ်များ ပေါ်လာနေပါသည်။

စက္ခုဝိညာဏ်စိတ်ဖြစ်ရန် -

(၁) မျက်စိအကြည်ဓာတ်

(၂) အဆင်း

(၃) အလင်းရောင်

(၄) နှလုံးသွင်းခြင်း

ဤလေးချက် ပြည့်စုံပါမှ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်သည်။ တစ်ခုခု ချွတ်ယွင်းနေပါက မဖြစ်ပေါ်လာပါ။

**ဥပမာ-** လူတစ်ယောက်သည် မိမိ၏ နောက်ကျောဘက်မှတစ်ပါး ရှေ့ဘေးအရပ်များကို မြင်နိုင်သည်။ သို့ရာတွင် အားလုံးမမြင်ရပါ။ အရာအားလုံးကို တစ်ပြိုင်တည်း နှလုံးမသွင်းနိုင်သောကြောင့် ဖြစ်ပါသည်။

အရာဝတ္ထုတစ်ခုခုကို စူးစူးစိုက်စိုက် နှလုံးသွင်းသော် ထိုအရာဝတ္ထုပေါ်၌ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာရသည်။ နောက်အရာဝတ္ထုတစ်ခုကို လွှဲပြောင်း၍ အာရုံနှလုံးသွင်းသော် နောက်ထပ်စက္ခုဝိညာဏ်စိတ်အသစ် ထပ်ဖြစ်ရသည်။ နှလုံးသွင်းခြင်း မရှိက အဆင်းကို မမြင်နိုင်။ စက္ခုဝိညာဏ်စိတ် မဖြစ်နိုင်ပါ။

အချက်လေးချက်နှင့်ပြည့်စုံနေပါက အမိမောက္ခက စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်စေဟု အဆုံးအဖြတ်မပေးသော်လည်း သူ့ဘာသာသူ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာမည်။

အချက်လေးချက်တွင် တစ်ချက်ချက် ချွတ်ယွင်းနေပါက အမိမောက္ခက စက္ခုဝိညာဏ်စိတ် ဖြစ်စေဟု နှလုံးသွင်းဆုံးဖြတ်သော်လည်း မပေါ်နိုင်ပါ။

ထို့ကြောင့် ဒွေးပဉ္စဝိညာဏ်၌ အမိမောက္ခယှဉ်ရန်မလိုသောကြောင့် မယှဉ်ပါ။ ကြဉ်ရပါသည်။

| သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|
| **၅။ ဝီရိယ** | | | |
| အကုသိုလ်စိတ် | - ၁၂ | မနောဒွါရာ + ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် | -၁၆ |
| မနောဒွါရာဝဇ္ဇန်း | - ၁ | (ဒွေပဥ္စ ၁၀၊ မနောဓာတ် ၃၊ သန္တီရဏ၃) | |
| ဟသိတုပ္ပါဒ်စိတ် | - ၁ | | |
| ကာမသောဘန | - ၂၄ | | |
| မဟဂ္ဂုတ်စိတ် | - ၂၇ | | |
| လောကုတ္တရာစိတ် | - | | |
| | ၇၃ | | ၁၆ |

## ဒွေပဉ္စဝိညာဏ် -၁၀ မယှဉ်ပုံ

ဝီရိယသည် စိတ်ကို အားတက်လာအောင် နောက်ဆုတ်မသွားအောင် ထောက်ပံ့ ကူညီသော သဘောရှိသည်၊ ထောက်ပံ့အားဖြစ်သည်။

စက္ခုဝိညာဏ်စိတ်ဖြစ်ရန် အကြောင်းလေးပါးညီညွတ်လျှင် ဖြစ်သည်။ ဝီရိယ ကူညီရန် မလိုပါ။

ထို့ကြောင့် ဒွေးပဥ္စဝိညာဏ် ၁၀ ၌ ဝီရိယမယှဉ်ပါ။ ကြဉ်ရပါသည်။

## မနောဓာတ် ၃-ခု နှင့် သန္တီရဏ မယှဉ်ပုံ

ဒွေးပဥ္စဝိညာဏ်မှ စိတ်တစ်ခုခုဖြစ်ပေါ်လာခဲ့သော် ထိုစိတ်၏ရှေ့တွင် ပဥ္စဒွါရာဝဇ္ဇန်း စိတ်သည်လည်းကောင်း၊ နောက်တွင် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏစိတ်များသည် လည်းကောင်း ဖြစ်ပေါ်လာရစမြဲ ဖြစ်ပါသည်။

ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည် ဒွေးပဥ္စဝိညာဏ်-၁၀ ၏ ရှေ့ပြေးဖြစ်၍ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတို့က နောက်လိုက် ဖြစ်သည်။

ဒွေးပဥ္စဝိညာဏ်-၁၀ သည် ဝီရိယနှင့်ယှဉ်ရန်မလိုသော် ယင်း၏ရှေ့ပြေး ပဥ္စဒွါရာ ဝဇ္ဇန်းနှင့် နောက်လိုက် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတို့သည်လည်း ဝီရိယနှင့် ယှဉ်ရန် မလိုကော၍ ကြဉ်ရပါသည်။

## ဒွေးပဉ္စဝိညာဏ် ၁၀ မယှဉ်ပုံ

အကုသလဝိပါက်၊ ကုသလဝိပါက်တို့၌ ဝီရိယ မပါဝင်ပါ။ ဝိပါက်သည် အကျိုးသက်သက်သာ ဖြစ်သည်။ အကျိုးကို တိုက်ရိုက်ဆောင်ရွက်၍ မရပါ။

အကျိုးကိုဖြစ်စေသော အကြောင်းကိုသာ ဝီရိယနှင့် ဆောင်ရွက်ရသော သဘော ရှိပါသည်။

**ဥပမာ-** နှင်းဆီပန်းကို လိုချင်သောသူသည် နှင်းဆီပန်းကိုပွင့်စေသော နှင်းဆီပင်ကို စိုက်ပျိုးရပါမည်။

အကြောင်းနှင့်အကျိုးသည် ဆက်စပ်နေပါသည်။ ကောင်းကျိုးကိုလိုသော် အခြေခံ ဖြစ်သော မဟာကုသိုလ်စိတ်ကို ဆောင်ရွက်ရပါမည်။

ကုသလဝိပါက်အကျိုးကို ရယူလိုသော်လည်း လုပ်ငန်းက အကုသိုလ်ဖြစ်နေပါက အကုသလဝိပါက် မကောင်းကျိုးသာ ရပါမည်။

## အကုသိုလ်-ကုသိုလ်၌ ဝီရိယယှဉ်ပုံ

အကုသိုလ် ၁၂-ပါး၌ ဝီရိယ ယှဉ်ပါသည်။

**ဥပမာ-** လူတစ်ယောက်သည် ပစ္စည်းတစ်ခုကိုမြင်၍ တပ်မက်လာသောလောဘစိတ် ဖြစ်၏။ လောဘစိတ် ပြင်းပြသဖြင့် ခိုးယူလိုသောအကြံအစည်နှင့် ခိုးယူရန် ပြုလုပ်၏။

ထိုသို့ခိုးယူနိုင်အောင် ဝီရိယက မြှောက်ပင့်ပေး၏။ ကြိုးစားပေး၏။

ဥဒ္ဒစ္စသည် ပျံ့လွင့်၏။ ပျံ့လွင့်သောစိတ်ထဲတွင် တွန်းကန်မှုအားရှိသည်။ ထိုအား သည် ဝီရိယစေတသိက်ဖြစ်ပါသည်။

ဝိစိကိစ္ဆာတွင် အပျော့စားဝီရိယ ပါဝင်ပါသည်။

မဟာကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်စိတ်တို့၌ ဝီရိယ ပါဝင်ပါသည်။

ဝီရိယစေတသိက်က စိတ်ကိုခိုင်မာအောင် ပြုလုပ်ပေး၍ ဒါန၊ သီလ၊ ဘာဝနာ၊ နောက်ဆုံးသံသရာက ကျွတ်လွတ်အောင် ကြိုးစားအားထုတ်မှုဖြစ်ရန် အားပေး ကူညီသည်။

| **သမ္ပယောဂ(ယှဉ်)** | | **ဝိပ္ပယောဂ(မယှဉ်)** | |
|---|---|---|---|
| **၆။ ပီတိ** | | | |
| ကာမသောမနဿ | - ၁၈ | ဥပေက္ခာစိတ် | ၅၅ |
| ပထမဈာန် | - ၁၁ | ဒေါသမူ‌ဒွေး | ၂ |
| ဒုတိယဈာန် | - ၁၁ | ကာယဝိညာဏ်ဒွေး | ၂ |
| တတိယဈာန် | - ၁၁ | စတုတ္ထဈာန် | ၁၁ |
| | ၅၁ | | ၇၀ |

ပီတိ၏ သဘောသည် နှစ်သက်သည်။ ဝမ်းမြောက်သည်။ သို့အတွက် သောမနဿနှင့် ယှဉ်ရသည်။

**ပီတိနှင့်သုခ**

- ပီတိစေတသိက်သည် စိတ်ထဲတွင် ရှိသည်။
- သုခကား ကိုယ်ပေါ်၌ ချမ်းသာခြင်း ဖြစ်သည်။
- ထို့ကြောင့် ပီတိ၌ သုခ မယှဉ်နိုင်ပါ။ ပီတိသည် သုခဖြစ်သော ကုသလဝိပါက် ကာယဝိညာဏ်စိတ်၌ မယှဉ်နိုင်ပါ။ ဒုက္ခဖြစ်သော အကုသလဝိပါက် ကာယဝိညာဏ်ကား လုံးဝမယှဉ်နိုင်ပါ။

| **သမ္ပယောဂ(ယှဉ်)** | | **ဝိပ္ပယောဂ(မယှဉ်)** | |
|---|---|---|---|
| **၇။ ဆန္ဒ** | | | |
| လောဘစိတ် | - ၈ | အဟိတ်စိတ် | ၁၈ |
| ဒေါသစိတ် | - ၂ | မောဟမူ | ၂ |
| သောဘနစိတ် | - ၅၉ | | |
| | ၆၉ | | ၂၀ |

**ဆန္ဒနှင့်လောဘ**

ဆန္ဒ = လိုချင်ကာမျှဖြစ်သည်၊ ငြိကပ်ခြင်းမရှိ။
လောဘ = ငြိကပ်သည်၊ အစေးအညှော်ပါသည်။

ဆန္ဒလိုချင်ရုံမျှဖြင့် အပြစ်တစ်စုံတစ်ရာ မပါဝင်ပါ။ အညစ်အစေးမပါသော ဆန္ဒ အလွန်ပြင်းထန်သော်လည်း ဘေးမရောက်ပါ။ အပြစ်မရှိနိုင်ပါ။

ဆန္ဒာဓိပတိနောက်မှ ဝီရိယသည်လိုက်သည်။ ဆန္ဒပြင်းထန်လာလျှင် ဝီရိယ ပြင်းထန်လာသည်။

ပြင်းထန်သော ဆန္ဒရှင်ဖြစ်လာပါက တစ်နည်းနည်းဖြင့် အကျုအညီရပြီး အောင်မြင်နိုင်ပါသည်။ ရည်ရွယ်ချက်ပြင်းထန်ခြင်းသည် ဆန္ဒဖြစ်သည်။

**ဆန္ဒ၌ အဟိတ်စိတ်, မောဟမူ မယှဉ်ပုံ**

အဟိတ်စိတ်တွင် ဟိတ်မရှိ၍ ဆန္ဒမပါဝင်ပါ။

မောဟသည်လည်း တွေဝေမှုများ ဖုံးလွှမ်းနေ၏။ ရည်ရွယ်ချက်မရှိသောကြောင့် ဆန္ဒမပါဝင်ပါ။ မယှဉ်ပါ။

**ဆန္ဒနှင့်ယှဉ်သောစိတ်များ၏သဘော**

- လောဘတွင် ဆန္ဒပါဝင်သည်၊ မကောင်းသောဆန္ဒဖြစ်သည်။
- ဒေါသတွင် ဆန္ဒပါဝင်သည်၊ မကောင်းသောဆန္ဒဖြစ်သည်။
- ကာမ, ရူပ, အရူပ, လောကုတ္တရာစိတ်တို့၌လည်း ဆန္ဒပါဝင်သည်။ အလောဘ, အဒေါသ, အမောဟ ရောထွေးနေပါသည်။

## အကုသိုလ်စေတသိက် သမ္ပယောဂ ဝိပ္ပယောဂနည်း

| | သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|---|
| ၁။ **မောစတုက် ၄ ပါး** | | | | |
| (မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဒစ္စ) | | | | |
| | အကုသိုလ်စိတ် | - ၁၂ | အဟိတ်စိတ် | ၁၈ |
| | | | သောဘနစိတ် | ၅၉ |
| | | ၁၂ -ပါး | | ၇၇-ပါး |

| | သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|---|
| ၂။ လောဘ ၃-ပါး | | | | |
| (က) လောဘ | | | | |
| လောဘမူစိတ် - | ၈ | | ဒေါသမူစိတ် | ၂ |
| | | | မောဟမူစိတ် | ၂ |
| | | | အဟိတ်စိတ် | ၁၈ |
| | | | သောဘနစိတ် | ၅၉ |
| | ၈ -ပါး | | | ၈၁-ပါး |
| (ခ) ဒိဋ္ဌိ | | | | |
| ဒိဋ္ဌိဂတသမ္ပယုတ်စိတ်- | ၄ ပါး | | ဒိဋ္ဌိဂတဝိပ္ပယုတ်-၄ | |
| | | | ဒေါသမူစိတ် | ၂ |
| | | | မောဟမူစိတ် | ၂ |
| | | | အဟိတ်စိတ် | ၁၈ |
| | | | သောဘနစိတ် | ၅၉ |
| | ၄ -ပါး | | | ၈၅-ပါး |
| (ဂ) မာန | | | | |
| ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်- | ၄ ပါး | | ဒိဋ္ဌိဂတသမ္ပယုတ်-၄ | |
| | | | ဒေါသမူစိတ် | ၂ |
| | | | မောဟမူစိတ် | ၂ |
| | | | အဟိတ်စိတ် | ၁၈ |
| | | | သောဘနစိတ် | ၅၉ |
| | ၄ -ပါး | | | ၈၅-ပါး |

| | သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|---|
| ၃။ ဒေါစတုက် ၄-ပါး (ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ) | | | | |
| ဒေါသမူစိတ် | - | ၂ | လောဘစိတ် | ၈ |
| | | | မောဟစိတ် | ၂ |
| | | | အဟိတ်စိတ် | ၁၈ |
| | | | သောဘနစိတ် | ၅၉ |
| | | ၂ -ပါး | | ၈၇-ပါး |
| ၄။ ထိန, မိဒ္ဓ | | | | |
| အကုသလသသင်္ခါရိက | - | ၅ ပါး | လောဘမူအသင်္ခါရိက | ၄ |
| | | | ဒေါသမူအသင်္ခါရိက | ၁ |
| | | | မောဟမူစိတ် | ၂ |
| | | | အဟိတ်စိတ် | ၁၈ |
| | | | သောဘနစိတ် | ၅၉ |
| | | ၅ -ပါး | | ၈၄-ပါး |
| ၅။ ဝိစိကိစ္ဆာ | | | | |
| ဝိစိကိစ္ဆာ | - | ၁ ပါး | လောဘစိတ် | ၈ |
| | | | ဒေါသစိတ် | ၂ |
| | | | ဥဒ္ဓစ္စစိတ် | ၁ |
| | | | အဟိတ်စိတ် | ၁၈ |
| | | | သောဘနစိတ် | ၅၉ |
| | | ၁ -ပါး | | ၈၈-ပါး |

# သောဘနစေတသိက် သမ္ပယောဂ ဝိပ္ပယောဂနည်း

၁။ သောဘနသာဓာရဏ
စေတသိက်-၁၉ ပါး

| သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|
| ကာမစိတ် | ၂၄ | အကုသိုလ်စိတ် | ၁၂ |
| မဟဂ္ဂုတ်စိတ် | ၂၇ | အဟိတ်စိတ် | ၁၈ |
| လောကုတ္တစိတ် (အကျဉ်း) | ၈ | | |
| | ၅၉ -ပါး | အသောဘနစိတ် | ၃၀ |

(လောကုတ္တရာအကျယ်ဆိုက ၉၁-ပါး)

၂။ ဝိရတီစေတသိက်
၃ ပါး

| သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|
| လောကုတ္တရာစိတ် | ၈ | အသောဘနစိတ် | ၃၀ |
| မဟာကုသိုလ်စိတ် | ၈ | မဟာဝိပါက်စိတ် | ၈ |
| | | မဟာကြိယာစိတ် | ၈ |
| | | မဟဂ္ဂုတ်စိတ် | ၂၇ |
| | ၁၆ -ပါး | | ၇၃-ပါး |

၃။ အပ္ပမညာစေတသိက်
၂ ပါး

| သမ္ပယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) | |
|---|---|---|---|
| မဟာကုသိုလ်စိတ် | ၈ | အသောဘနစိတ် | ၃၀ |
| မဟာကြိယာစိတ် | ၈ | မဟာဝိပါက်စိတ် | ၈ |
| ရူပါဝစရသောမနဿ | ၁၂ | မဟဂ္ဂုတ်ပဥ္စမဈာန် | ၁၅ |
| | | လောကုတ္တရာစိတ် | ၈ |
| | ၂၈ | | ၆၁ |

| | | သမ္မယောဂ(ယှဉ်) | | ဝိပ္ပယောဂ(မယှဉ်) |
|---|---|---|---|---|
| **ကေစိဝါဒအရ** | | | | |
| | မဟာကုသိုလ်သောမနဿ | ၄ | အသောဘနစိတ် | ၃၀ |
| | မဟာကြိယာသောမနဿ | ၄ | မဟာကုသိုလ်ဥပေက္ခာ | ၄ |
| | ပထမဈာန် | ၃ | မဟာဝိပါက်စိတ် | ၈ |
| | ဒုတိယဈာန် | ၃ | မဟာကြိယာဥပေက္ခာ | ၄ |
| | တတိယဈာန် | ၃ | မဟဂ္ဂုတ်ပဥ္စမဈာန် | ၁၅ |
| | စတုတ္ထဈာန် | ၃ | လောကုတ္တရာစိတ် | ၈ |
| | | ၂၀ | | ၆၉ |

၄။ **ပညိန္ဒြေစေတသိက်**

| | | | |
|---|---|---|---|
| မဟာကုသိုလ်ဉာဏသမ္ပယုတ် | ၄ | အသောဘနစိတ် | ၃၀ |
| မဟာဝိပါက်ဉာဏသမ္ပယုတ် | ၄ | ကာမာဝစရ | |
| မဟာကြိယာဉာဏသမ္ပယုတ် | ၄ | ဉာဏဝိပ္ပယုတ် | ၁၂ |
| မဟဂ္ဂုတ်စိတ် | ၂၇ | | |
| လောကုတ္တရာစိတ် | ၈ | | |
| | ၄၇ | | ၄၂ |

## ဝိရတီ ၃ ပါး လောကုတ္တရာစိတ်၌ယှဉ်မှုနှင့် မဟာကုသိုလ်စိတ်၌ ယှဉ်မှု

- ဝိရတီ ၃ ပါးသည် ဒုစရိုက်၊ ဒုရာဇီဝ (မကောင်းသောအသက်မွေးမှု)တို့ကို ပယ်ခြင်း၏အစွမ်းဖြင့် လောကုတ္တရာစိတ်၌ အမြဲတစ်ပေါင်းတည်း ယှဉ်သည်။
- မဟာကုသိုလ်စိတ်၌ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ ဒုရာဇီဝတို့မှ ရှောင်ကြဉ်ခိုက်သာယှဉ်၍ ဘုရားဖူး၊ တရားနာ စသော မဟာကုသိုလ်စိတ်များ၌ကား ရှောင်ကြဉ်စရာ ဒုစရိုက်မရှိသောကြောင့် ဝိရတီတို့ မယှဉ်ကြပါ။
- ထိုသို့ ရံခါသာယှဉ်ရာ၌လည်း ၃-ပါးလုံး မယှဉ်မူ၍ သီးခြားသီးခြား တစ်ပါးစီသာ ယှဉ်ကြသည်။

## အပ္ပမညာ၌ ကေစိဝါဒအရ ဥပေက္ခာမယှဉ်ပုံ

ကေစိဝါဒ(အချို့သောဆရာများ အဆို)အရ မဟာကုသိုလ်နှင့် မဟာကြိယာတို့မှ ဥပေက္ခာသဟဂုတ်စိတ်များသည် အပ္ပမညာနှင့် မယှဉ်ဟု ဆိုပါသည်။

လူတစ်ဦးတစ်ယောက် ကောင်းစားသည်ကိုမြင်၍ ဝမ်းသာခြင်း(မုဒိတာ)နှင့် လူတစ်ဦးတစ်ယောက် ဆင်းရဲသည်ကိုမြင်၍ ဝမ်းနည်းခြင်း၊ သနားခြင်း(ကရုဏာ)သည် တစ်ပြိုင်နက်တည်း မဖြစ်နိုင်ပါ။

လူသာမန်တစ်ဦးသည် ဒုက္ခရောက်နေသူကိုမြင်၍ သနားလျှင် မဟာကုသိုလ်စိတ်တစ်မျိုး ဖြစ်နိုင်သည်။ ထိုစိတ်သည် ကောင်းသည်။ ကရုဏာစေတသိက်နှင့်ယှဉ်သည်။

(မုဒိတာလည်း အလားတူ ဖြစ်သည်။)

သူတစ်ပါး ဆင်းရဲရောက်သည်ကိုမြင်၍ ဝမ်းသာခြင်းကား မုဒိတာ မဟုတ်။ သူတစ်ပါးပျက်စီးမှုကို လိုလားသော လောဘမူသောမနဿစိတ် ၄-ခုမှ တစ်ခုခု ဖြစ်နိုင်ပါသည်။

ထိုစိတ်သည် မကောင်း၊ ဒိဋ္ဌိစေတသိက်နှင့် ယှဉ်ပါသည်။

ငါးဈေးကျ၍ ဝမ်းမြောက်ခြင်းသည် ငါးများစွာသေသည်ကို သနားခြင်းမရှိ ဝမ်းမြောက်နေသောကြောင့် အမြင်မှား ဒိဋ္ဌိ ဖြစ်သည်။

ဆင်းရဲဒုက္ခရောက်နေသူကို ဝမ်းမြောက်မိပါက ဒိဋ္ဌိ,မာန သောမနဿစိတ် တစ်ခုခု ဖြစ်နိုင်သည်။ ဖြစ်ကတည်းက အကုသိုလ်တရားဖြစ်၏။

## ပညိန္ဒြေစေတသိက် စိတ်ယှဉ်မှု

စိတ်အားလုံးသည် ဉာဏ်နှင့်ယှဉ်သည်မဟုတ်ပေ။

ကောင်းသောဉာဏ်သည် ပညိန္ဒြေ ဖြစ်သည်။

မကောင်းသောဉာဏ်သည် အဝိဇ္ဇာ(မောဟ)ဖြစ်သည်။

ပညိန္ဒြေနှင့်ယှဉ်သောစိတ်တို့သည် ကာမသောဘနတွင်ပါဝင်သော ဉာဏသမ္ပယုတ်စိတ်များ ဖြစ်ကြပါသည်။

- လောဘ, ဒေါသတွင် ဉာဏ်မပါဝင်ပါ။ အမြင်မှားနှင့်ယှဉ်သော ဒိဋ္ဌိဝိပ္ပယုတ်သာ ရှိပါသည်။
- လောဘ, ဒေါသတွင် အမြင်မှန်ကို ဖုံးလွှမ်းနိုင်သော မောဟ ပါဝင်နေပါသည်။
- အစားအစာကို အလွန်အမင်း အကောင်းကြိုက်သော စိတ်သည်လည်းကောင်း၊ အဝတ်အစားကို ကြိုက်သောစိတ်သည်လည်းကောင်း လောဘစိတ်ဖြစ်သည်။ ဉာဏ်မပါဝင်က ပညိန္ဒြေစေတသိက်နှင့် မယှဉ်ပါ။ ဒိဋ္ဌိနှင့် မောဟစေတသိက်သာ ပါဝင်ပါသည်။
- ဓမ္မစကြာတရားတော်အရ ကာမသုခလ္လိကာနုယောဂ လမ်းဘက်သို့ ရောက်နေပါသည်။
- တစ်ဦးတစ်ယောက်အပေါ် သည်းမခံနိုင်ခြင်း၊ ဒေါသဖြစ်တတ်ခြင်းသည် ဉာဏ်မပါဝင်သော ဒေါသစိတ်သာ ဖြစ်သည်။ မောဟ ပါဝင်နေသည်။
- ဓမ္မစကြာတရားတော်အရ အတ္တကိလမထာနုယောဂလမ်းသို့ ရောက်နေပါသည်။
- ပညာကိုလေ့လာလိုက်စားသူသည် မသေခင်က ပညိန္ဒြေကောင်းသောကြောင့် သေသော် တိရစ္ဆာန်မဖြစ်နိုင်ပါ။

**ဥပမာ-** လူတစ်ယောက်မျက်စိ၌ အမြင်အာရုံနည်းပါးသော် အရာဝတ္ထု အဆင်းအာရုံများကို မမြင်နိုင်ပါ။ မျက်စိကို ပါဝါမျက်မှန်တပ်လိုက်ပါက အဆင်းအာရုံများကို ထင်ရှားပြတ်သားစွာ မြင်နိုင်သည်။

မျက်စိအာရုံနည်းမှုသည် မောဟနှင့်တူပါသည်။

ပါဝါမျက်မှန်သည် ပညိန္ဒြေစေတသိက်နှင့်တူပါသည်။

မျက်စိမြင်အာရုံနည်းသကဲ့သို့ စိတ်ကို မောဟဖုံးထား၍ အာရုံနှင့်တူသော အမှန်တရားကို မမြင်နိုင်ကြခြင်း ဖြစ်သည်။

## နိယတယောဂီနှင့် အနိယတယောဂီ

(က) နိယတယောဂီ = နိယတ + ယောဂီ

နိုင်မြဲ + ယှဉ်ခြင်း

- မိမိတို့၏ယုဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်ကြသော စေတသိက်များကို နိယတယောဂီဟု ခေါ်သည်။

(ခ) အနိယတယောဂီ = အနိယတ + ယောဂီ

မခိုင်မြဲ + ယှဉ်ခြင်း

- မိမိတို့၏ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ ယှဉ်သင့်သည့်အခါ၌သာ ယှဉ်ကြသော စေတသိက်များကို အနိယတယောဂီဟု ခေါ်သည်။

**အနိယတယောဂီ ၁၁ ပါး**

| | | |
|---|---|---|
| (က) | ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, မာန (အကုသိုလ်စေတသိက်) | ၆ |
| (ခ) | ဝိရတီ | ၃ |
| (ဂ) | အပ္ပမညာ | ၂ |
| | | ၁၁ |

**နိယတယောဂီ-၄၁ ပါး**

အနိယတ ၁၁-ပါးမှကြွင်းသော စေတသိက် ၄၁-လုံးသည် နိယတယောဂီ စေတသိက်များ ဖြစ်ကြပါသည်။

## အနိယတယှဉ်ပုံ

**(က) အသီးသီး (နာနာ)ယှဉ်ပုံ**

- ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ဒေါသမူစိတ်ဖြစ်တိုင်းလည်း မယှဉ်ပါ။
- ဣဿာသည် သူတစ်ပါးစည်းစိမ်ချမ်းသာမှု စသည်ကို ငြူစူခိုက်သာ ယှဉ်သည်။ ထိုအချိန်၌ မစ္ဆရိယ, ကုက္ကုစ္စတို့ မယှဉ်ပါ။
- မစ္ဆရိယသည် မိမိ၏စည်းစိမ် စသည်ကို ဝန်တိုမှသာ ယှဉ်သည်။ ထိုအချိန်၌ ဣဿာ, ကုက္ကုစ္စတို့ မယှဉ်ပါ။
- ကုက္ကုစ္စသည် ပြုပြီးသောဒုစရိုက်၊ မပြုမိလိုက်ရသော သုစရိုက်တို့ကို

အာရုံပြု၍ နှလုံးမသာယာဖြစ်မှသာ ယှဉ်သည်။ ထိုအချိန်၌ ဣဿာ, မစ္ဆရိယ မယှဉ်ပါ။

- ထိုသို့မဟုတ်ဘဲ သာမန်ဒေါသစိတ်များ၌မူ မယှဉ်ကြပါ။
- ထိုသို့ယှဉ်ရာတွင် ၃-ပါးစုံ ပြိုင်တူမယှဉ်ဘဲ တစ်ပါးယှဉ်ခိုက် ကျန် ၂-ပါးမယှဉ်ဘဲ သီးခြားစီသာ ယှဉ်ကြသည်။

ဤသည်မှာ အသီးသီး(နာနာ)ယှဉ်ပုံဖြစ်ပါသည်။

## (ခ) ရံခါ (ကဒါစိ)ယှဉ်ပုံ

- ဣဿာသည် သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ယှဉ်သည်။ မငြူစူ သောအခါ မယှဉ်။
- မစ္ဆရိယသည် မိမိ၏စည်းစိမ်ချမ်းသာဝန်တိုသောအခါ ယှဉ်သည်။ ဝန်မတို သောအခါ မယှဉ်။
- ကုက္ကုစ္စသည် ပြုပြီးသောဒုစရိုက်၊ မပြုလုပ်ရသော သုစရိုက်တို့ကို အာရုံပြု၍ နှလုံးမသာမယာဖြစ်သောအခါ ယှဉ်သည်။ မဖြစ်သောအခါ မယှဉ်။

ဤသို့ ဆိုင်ရာအကြောင်းညီညွတ်ပါမှ စေတသိက်ယှဉ်လာခြင်းကို ရံခါ(ကဒါစိ) နည်းဖြင့် ယှဉ်သည်ဟု ခေါ်ပါသည်။

**မာန** သည် - လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်သည်ဆိုသော်လည်း ထောင်လွှားဝင့်ကြွားသောအခါ၌သာ ယှဉ်သည်။ မထောင်လွှား မဝင့်ကြွားသည့်အခါ၌ မယှဉ်ပါ။

**ထိနမိဒ္ဓ** သည် - အကုသလ သသင်္ခါရိက ၅-ပါး၌ ယှဉ်သည်ဆိုသော်လည်း စိတ်, စေတသိက်တို့ ပျင်းရိထိုင်းမှိုင်းသောအခါ၌သာ တစ်ပေါင်းတည်း ယှဉ်သည်။ စိတ်,စေတသိက်တို့ လန်းဆန်းနေသောအခါ မယှဉ်ပါ။

**ဝိရတီ ၃ ပါး**သည်- မဟာကုသိုလ်စိတ် ၈-ပါး၌ မမြဲမယှဉ်ပါ။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ ဒုရာဇီဝ (မကောင်းသောအသက်မွေးမှု)တို့ ရှောင်ကြဉ်ခိုက်သာ ယှဉ်သည်။

- ဘုရားဖူး တရားနာစသော မဟာကုသိုလ်စိတ်များ၌ကား ရှောင်ကြဉ်စရာ ဒုစရိုက်မရှိသောကြောင့် ဝိရတီတို့ မယှဉ်ကြပါ။
- ထိုသို့ ရံခါသာယှဉ်ရာ၌ ၃-ပါးစုံမယှဉ်မူ၍ နာနာ-ကဒါစိ သီးခြား တစ်ပါးစီ နည်းဖြင့် ယှဉ်ကြပါသည်။

**အပ္ပမညာဒွေး**သည် - ယှဉ်ဖက်စိတ်များ၌ အမြဲမယှဉ်ပါ။

ကရုဏာသည် - ဆင်းရဲသောသတ္တဝါကို အာရုံပြု၍ သနားကြင်နာစိတ် ဖြစ်သည့်အခါ၌သာ ယှဉ်သည်။

မုဒိတာသည် - ချမ်းသာသောသတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်သော အခါ၌သာ ယှဉ်သည်။

ဤသို့ သီးခြားတစ်ပါးစီ (နာနာ-ကဒါစိ)နည်းဖြင့် ယှဉ်ကြပါသည်။

## လက်တွေ့သဘာဝအားဖြင့်ဆန်းစစ်နည်း

၁။ တစ်ခုခုကို မကျေနပ်ဖြစ်ကာ စိတ်တိုနေသူ၌-
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်နေသည်။
ထိုစိတ်၌-

| | | |
|---|---|---|
| ပီတိကြဉ်သော အညသမာန်းစေတသိက် | | ၁၂ |
| | - မောစတုက် | ၄ |
| | - ဒေါသ | ၁ |
| | စေတသိက် | ၁၇-ပါးသာ ယှဉ်သည်။ |

ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့မယှဉ်ပါ။

၂။ မိမိ၏ လုပ်ဖော်ကိုင်ဖက်တစ်ဦး ရာထူးတိုး၍(သို့မဟုတ်) ငွေကြေးချမ်းသာလာ၍ မနာလို ငြူစူသောသူ၌-
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်သည်။
ထိုအခါ အထက်ကစိတ် ၁၇-ပါးအပြင် ဣဿာ ပါ ယှဉ်လာ၍ ၁၈-ပါး ယှဉ်လာရပါသည်။

၃။ မပေးမကမ်းမလှူလိုသောသူ၌ အထက်ပါ ဒေါသမူစိတ် ဖြစ်ပါသည်။
ဤနေရာ၌ မစ္ဆရိယ, ဝင်လာ၍ ၁၈-ပါးပင် ယှဉ်သည်။

၄။ ဘုရားရှေ့၌ ကံ-ကံ၏အကျိုးကိုယုံကြည်ပြီး ဝမ်းမြောက်ဝမ်းသာ ဆီမီးပူဇော် ဘုရားရှိခိုးနေသူ၌-
သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်သည်။

| | | |
|---|---|---|
| ထိုစိတ်၌ - | အညသမာန်းစေတသိက် | ၁၃ |
| | သောဘနသာဓာရဏစေတသိက် | ၁၉ |
| | ပညိန္ဒြေစေတသိက် | ၁ |
| | စေတသိက် | ၃၃- ယှဉ်သည်။ |

**သို့သော်** ဝိရတီ ၃-ပါးနှင့် အပ္ပမညာဒွေးတို့ မယှဉ်ပါ။

၅။ ငွေစာရင်းလိမ်ပြီး ငွေယူလိုက်ကြောင်းကို လိမ်ညာပြောဆိုလျှင် အပြစ်ရှိကြောင်း သိ၍ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ ဝန်ခံသည့်သဘောဖြင့် ဆိတ်ဆိတ်နေသူ၌-
ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်ဖြစ်၏။
ဤစိတ်တွင် -

| | | |
|---|---|---|
| ပီတိကြဉ်သော | အညသမာန်းစေတသိက် | ၁၂ |
| | သောဘနသာဓာရဏစေတသိက် | ၁၉ |
| | ပညိန္ဒြေ | ၁ |
| | စေတသိက် | ၃၂- ယှဉ်သည်။ |

၆။ ကားတိုက်ခံရသော ခွေးတစ်ကောင်ကိုမြင်၍ သနားကြင်နာနေသော ကလေးသူငယ်၌ ဝမ်းမြောက်ရွှင်လန်းခြင်းမရှိရာ၌-
ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် မဟာကုသိုလ်စိတ် ဖြစ်၏။

| | | |
|---|---|---|
| ဤစိတ်၌- | ပီတိကြဉ်သော အညသမာန်းစေတသိက် | ၁၂ |
| | သောဘနသာဓာရဏစေတသိက် | ၁၉ |
| | ကရုဏာစေတသိက် | ၁ |
| | စေတသိက် | ၃၂ -ပါး |
| | | ယှဉ်သည်။ |

(ကလေးဖြစ်နေ၍ ကံ-ကံ၏အကျိုးကို သိသော ဉာဏ်မရှိသေးဟု ယူဆပါသည်။)

၇။ သူငယ်ချင်းသိန်းဆုပေါက်သည်ကို ကံ-ကံ၏အကျိုးကို မစဉ်းစားမိသော်လည်း ရိုးသားစွာ ဝမ်းမြောက်ဝမ်းသာဖြစ်နေသူ၌ -
သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်သည်။

| | | |
|---|---|---|
| ဤစိတ်၌ - | အညသမာန်းစေတသိက် | ၁၃ |
| | သောဘနသာဓာရဏစေတသိက် | ၁၉ |
| | မုဒိတာ | ၁ |
| | စေတသိက် | ၃၃ ပါး |
| | | ယှဉ်သည်။ |

၈။ ကသိုဏ်းနိမိတ်ကို အာရုံပြု၍ စတုတ္ထဈာန်ဝင်စားနေသူ၌ ရူပါဝစရစတုတ္ထဈာန် စိတ် ဖြစ်သည်။
ထိုစိတ်၌-

| | |
|---|---|
| ဝိတက်,ဝိစာရ,ပီတိ ကြဉ်သောအညသမာန်းစေတသိက် | ၁၀ |
| ဝိရတီ,အပ္ပမညာကြဉ်သော သောဘနစေတသိက် | ၂၀ |
| စေတသိက် | ၃၀ |
| | ယှဉ်သည်။ |

၈။ **နိဗ္ဗာန်ကို** အာရုံပြု၍ သောတာပတ္တိဖိုလ်ဝင်စားနေသော ဈာန်မရသော သောတာပန်၌-

လောကုတ္တရာဝိပါက်ဖြစ်သော သောတာပတ္တိဖိုလ်စိတ် ဖြစ်၏။

| | | |
|---|---|---|
| ထိုစိတ်၌ - | အညသမာန်းစေတသိက် | ၁၃ |
| | အပ္ပမညာကြဉ်သော သောဘနစေတသိက် | ၂၃ |
| | စေတသိက် | ၃၆ |
| | | ယှဉ်သည်။ |

## သင်္ဂဟနည်း

စိတ်တစ်မျိုးစီ၌ ယှဉ်ထိုက်သမျှသော စေတသိက်အားလုံးကို ပေါင်းရုံးရေတွက်သောနည်းကို သင်္ဂဟနည်းဟု ခေါ်သည်။

## သင်္ဂဟနည်း ၃၃ နည်း

| | |
|---|---|
| ၁။ အကုသိုလ်စိတ်၌ | ၇-နည်း |
| ၂။ အဟိတ်စိတ်၌ | ၄-နည်း |
| ၃။ ကာမာဝစရသောဘနစိတ်၌ | ၁၂-နည်း |
| ၄။ မဟဂ္ဂုတ်စိတ်၌ | ၅-နည်း |
| ၅။ လောကုတ္တရာစိတ်၌ | ၅-နည်း |
| စုစုပေါင်း | ၃၃-နည်း |

# အကုသိုလ်စိတ် သင်္ဂဟနည်း ၇ နည်း

| စဉ် | အကုသိုလ်စိတ် | | အညသမာန်း | အကုသိုလ်စေတသိက် |
|---|---|---|---|---|
| ၁ | လော-သော-ဒိ-သံ အသင်္ခါရိက | ၁၉ | ၁၃ | မောစတုက် ၄+ လောဘ+ဒိဋ္ဌိ |
| ၂ | လော-သော-ဒိ-သံ သသင်္ခါရိက | ၂၁ | ၁၃ | မောစတုက် ၄+ လောဘ+ဒိဋ္ဌိ+ထိန+မိဒ္ဓ |
| ၃ | လော-သော-ဒိ-ဝိပ် အသင်္ခါရိက | ၁၉ | ၁၃ | မောစတုက် ၄+ လောဘ+မာန |
| ၄ | လော-သော-ဒိ-ဝိပ် သသင်္ခါရိက | ၂၁ | ၁၃ | မောစတုက် ၄+ လောဘ+မာန+ထိန+မိဒ္ဓ |
| ၅ | လော-ဥ-ဒိ-သံ အသင်္ခါရိက | ၁၈ | ပီတိကြဉ်-၁၂ | မောစတုက် ၄+ လောဘ+ဒိဋ္ဌိ |
| ၆ | လော-ဥ-ဒိ-သံ သသင်္ခါရိက | ၂၀ | ပီတိကြဉ်-၁၂ | မောစတုက် ၄+ လောဘ+ဒိဋ္ဌိ+ထိန+မိဒ္ဓ |
| ၇ | လော-ဥ-ဒိ-ဝိပ် အသင်္ခါရိက | ၁၈ | ပီတိကြဉ်-၁၂ | မောစတုက် ၄+ လောဘ+မာန |
| ၈ | လော-ဥ-ဒိ-ဝိပ် သသင်္ခါရိက | ၂၀ | ပီတိကြဉ်-၁၂ | မောစတုက် ၄+ လောဘ+မာန+ထိန+မိဒ္ဓ |
| ၉ | ဒေါ-ပဋိသံ အသင်္ခါရိက | ၂၀ | ပီတိကြဉ်-၁၂ | မောစတုက် ၄+ ဒေါစတုက်၄ |
| ၁၀ | ဒေါ-ပဋိသံ သသင်္ခါရိက | ၂၂ | ပီတိကြဉ်-၁၂ | မောစတုက် ၄+ ဒေါစတုက်၄+ထိန+မိဒ္ဓ |
| ၁၁ | မော-ဥ-ဝိစိသံ | ၁၅ | ဆန္ဒ၊ ပီတိ၊ အဓိကြဉ်-၁၀ | မောစတုက် ၄+ ဝိစိကိစ္ဆာ |
| ၁၂ | မော-ဥ-ဥဒ္ဓစ္စသံ | ၁၅ | ဆန္ဒ၊ ပီတိကြဉ်-၁၁ | မောစတုက် ၄ |
| | အကုသိုလ်စိတ် | ၁၂ | ၁၃ | ၁၄ |

* မောစတုက် ၄ = မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ
* ဒေါစတုက် ၄ = ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ
* ဆန္ဒ၊ ပီတိ၊ အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် ၁၀-ပါးနှင့် မောစတုက်၄-ပါးသည် အကုသိုလ်စိတ်တိုင်းနှင့် ယှဉ်သောကြောင့် အကုသလ ယောဂီ(ဝါ) သဗ္ဗာကုသလယောဂီစေတသိက်ဟူ၍ ခေါ်ပါသည်။

## အဟိတ်စိတ်သင်္ဂဟနည်း ၄-နည်း

| | စိတ် | | စေ,ပေါင်း | ယှဉ်သောစေတသိက်များ | |
|---|---|---|---|---|---|
| ၁။ | ဟသိတုပ္ပါဒ် | ၁ | ၁၂ | ဆန္ဒကြဉ် အညသမာန်း | ၁၂ |
| ၂။ | မနောဒွါရာဝဇ္ဇန်း၊ | ၁ | ၁၁ | ဆန္ဒ,ပီတိကြဉ်အညသမာန်း | ၁၁ |
| | သောမနဿသန္တီရဏ | ၁ | ၁၁ | ဆန္ဒ,ဝီရိယကြဉ်အညသမာန်း | ၁၁ |
| ၃။ | မနောဓာတ် | ၃ | ၁၀ | ဆန္ဒ,ပီတိ,ဝီရိယကြဉ်အညသမာန်း | ၁၀ |
| | ဥပေက္ခာသန္တီရဏ | ၂ | | | |
| ၄။ | ဒွေးပဉ္စဝိညာဏ် | ၁၀ | ၇ | သဗ္ဗစိတ္တသာဓာရဏ | ၇ |
| | အဟိတ်စိတ် | ၁၈ | ၁၂ | ဆန္ဒကြဉ် အညသမာန်း | ၁၂ |

## ကာမာဝစရသောဘနစိတ် သင်္ဂဟနည်း ၁၂ နည်း

## မဟာကုသိုလ်စိတ် ၈-ပါး

| စဉ် | မဟာကုသိုလ် စိတ် ၈ | | အညသမာန်း | | သောဘန | ဝိရတီ | အပ္ပမညာ | ပညိန္ဒြေ |
|---|---|---|---|---|---|---|---|---|
| ၁။ | ပထမဒွေး | ၃၈ | | ၁၃ | ၁၉ | ၃ | ၂ | ၁ |
| ၂။ | ဒုတိယဒွေး | ၃၇ | | ၁၃ | ၁၉ | ၃ | ၂ | - |
| ၃။ | တတိယဒွေး | ၃၇ | ပီတိကြဉ် | ၁၂ | ၁၉ | ၃ | ၂ | ၁ |
| ၄။ | စတုတ္ထဒွေး | ၃၆ | ပီတိကြဉ် | ၁၂ | ၁၉ | ၃ | ၂ | - |
| | | ၃၈ | | ၁၃ | ၁၉ | ၃ | ၂ | ၁ |

✱ **ဝိရတီ၊** အပ္ပမညာ ၅-ပါးတို့သည် ပြိုင်မဖြစ်ပါ။
**သီးခြား-သီးခြားတစ်ပါးစီသာ** ဖြစ်ပါသည်။

## မဟာဝိပါက်စိတ် ၈-ပါး

| စဉ် | မဟာဝိပါက် စိတ် ၈ | | အညသမာန်း | | သောဘန | ဝိရတီ | အပ္ပမညာ | ပညိန္ဒြေ |
|---|---|---|---|---|---|---|---|---|
| ၁။ | ပထမဒွေး | ၃၃ | | ၁၃ | ၁၉ | - | - | ၁ |
| ၂။ | ဒုတိယဒွေး | ၃၂ | | ၁၃ | ၁၉ | - | - | - |
| ၃။ | တတိယဒွေး | ၃၂ | ပီတိကြဉ် | ၁၂ | ၁၉ | - | - | ၁ |
| ၄။ | စတုတ္ထဒွေး | ၃၁ | ပီတိကြဉ် | ၁၂ | ၁၉ | - | - | - |
| | | ၃၃ | | ၁၃ | ၁၉ | - | - | ၁ |

## မဟာကြိယာစိတ် ၈-ပါး

| စဉ် | မဟာကြိယာ စိတ် ၈ | | အညသမာန်း | | သောဘန | ဝိရတီ | အပ္ပမညာ | ပညိန္ဒြေ |
|---|---|---|---|---|---|---|---|---|
| ၁။ | ပထမဒွေး | ၃၅ | | ၁၃ | ၁၉ | - | ၂ | ၁ |
| ၂။ | ဒုတိယဒွေး | ၃၄ | | ၁၃ | ၁၉ | - | ၂ | - |
| ၃။ | တတိယဒွေး | ၃၄ | ပီတိကြဉ် | ၁၂ | ၁၉ | - | ၂ | ၁ |
| ၄။ | စတုတ္ထဒွေး | ၃၃ | ပီတိကြဉ် | ၁၂ | ၁၉ | - | ၂ | - |
| | | ၃၅ | | ၁၃ | ၁၉ | - | ၂ | ၁ |

## ဝိပါက်- ကြိယာတို့၌ ဝိရတီ မယှဉ်ပုံ

လောကီဝိရတီမှန်လျှင် ဧကန်ကုသိုလ်သာဘောရှိသောကြောင့် အဗျာကတဓာတ် ဖြစ်သော ဝိပါက်-ကြိယာတို့၌ ဝိရတီမယှဉ်ပါ။

## ကာမဝိပါက်၌ အပ္ပမညာမယှဉ်ပုံ

ကာမဝိပါက်မှန်လျှင် ပရိတ္တ ခေါ်သော ကာမတရားကို ဧကန် အာရုံပြု သောကြောင့် သတ္တဝါပညတ်ကို အာရုံပြုသော အပ္ပမညာမယှဉ်ပါ။

## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅-နည်း

| စဉ် | မဟဂ္ဂုတ်စိတ် | | | အညသမာန်း | | သောဘန | ဝိရတီ | အပ္ပမညာ | ပညိန္ဒြေ |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ပထမဈာန် | ၃ | ၃၅ | | ၁၃ | ၁၉ | - | ၂ | ၁ |
| ၂။ | ဒုတိယဈာန် | ၃ | ၃၄ | ဝိတက်ကြဉ် | ၁၂ | ၁၉ | - | ၂ | ၁ |
| ၃။ | တတိယဈာန် | ၃ | ၃၃ | တက်-စာကြဉ် | ၁၁ | ၁၉ | - | ၂ | ၁ |
| ၄။ | စတုတ္ထဈာန် | ၃ | ၃၂ | တက်-စာ-ပီကြဉ် | ၁၀ | ၁၉ | - | ၂ | ၁ |
| ၅။ | ပဥ္စမဈာန် | ၁၅ | ၃၀ | တက်-စာ-ပီကြဉ် | ၁၀ | ၁၉ | - | - | ၁ |
| | | | ၃၅ | | ၁၃ | ၁၉ | - | ၂ | ၁ |

## ပဥ္စမဈာန်၌ အပ္ပမညာမယှဉ်ပုံ

ပဥ္စမဈာန်သည် ဥပေက္ခာဝေဒနာနှင့်ယှဉ်သောကြောင့် ငြိမ်သက်သော သဘော ရှိသည်။

အပ္ပမညာ၏ သနားခြင်း၊ ဝမ်းမြောက်ခြင်းသဘောများကား မငြိမ်သက်ပေ။ ထို့ကြောင့် မငြိမ်သက်သော အပ္ပမညာသည် ငြိမ်သက်သော ဥပေက္ခာ၌ မယှဉ်ပါ။

## မဟဂ္ဂုတ်၌ ဝိရတီ မယှဉ်ခြင်း

မဟဂ္ဂုတ်ဈာန်ရပုဂ္ဂိုလ်တို့သည် သီလဝိသုဒ္ဓိဖြစ်ပြီးရာ ဒုစရိုက် ဒုရာဇီဝဟူသမျှ တို့ကို (ဝိက္ခမ္ဘနပဟာန်အားဖြင့်) ပယ်ခဲ့ပြီးဖြစ်၍ သီးခြားဖယ်ရှားဖို့ရန် ဒုစရိုက်၊ ဒုရာဇီဝမရှိတော့သဖြင့် ဝိရတီမယှဉ်တော့ပါ။

## လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅-နည်း

| စဉ် | မဂ်-ဖိုလ် | | အညသမာန်း | သောဘန | ဝိရတီ | အပ္ပ | ပညိန္ဒြေ |
|---|---|---|---|---|---|---|---|
| ၁။ | ပထမဈာန် ၈ | ၃၆ | ၁၃ | ၁၉ | ၃ | - | ၁ |
| ၂။ | ဒုတိယဈာန် ၈ | ၃၅ | ဝိတက်ကြဉ် -၁၂ | ၁၉ | ၃ | - | ၁ |
| ၃။ | တတိယဈာန် ၈ | ၃၄ | တက်-စာကြဉ် -၁၁ | ၁၉ | ၃ | - | ၁ |
| ၄။ | စတုတ္ထဈာန် ၈ | ၃၃ | တက်-စာ-ပီကြဉ်-၁၀ | ၁၉ | ၃ | - | ၁ |
| ၅။ | ပဉ္စမဈာန် ၈ | ၃၃ | တက်-စာ-ပီကြဉ်-၁၀ | ၁၉ | ၃ | - | ၁ |
| | | ၃၆ | ၁၃ | ၁၉ | ၃ | - | ၁ |

## လောကုတ္တရာစိတ်၌ ဝိရတီယှဉ်ခြင်း

လောကုတ္တရာစိတ်ဖြစ်ခိုက် ဒုစရိုက် ဒုရာဇီဝဟူသမျှတို့ကို သမုစ္ဆေဒပဟာန် (အကြွင်းမဲ့ ပယ်ဖြတ်သတ်)အားဖြင့် အမြစ်ပြတ်ပယ်လိုသောအစွမ်းဖြင့် ဝိရတီအမြဲယှဉ်ရပါသည်။ ထိုသို့ယှဉ်ရာ၌ သုံးပါးစုံတစ်ပြိုင်တည်းသာယှဉ်ပါသည်။

ဖိုလ်စိတ်သည် ပယ်တတ်သောသဘောမရှိသော်လည်း ဝိရတီသည် ဖိုလ်စိတ်၌ မဂ်အားလျော်သည်၏အစွမ်းဖြင့် အမြဲတစ်ပေါင်းတည်းယှဉ်ပါသည်။

## လောကုတ္တရာစိတ်၌ အပ္ပမညာမယှဉ်ခြင်း

လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို ဧကန်အာရုံပြုသည်။ အပ္ပမညာသည် သတ္တဝါပညတ်ကိုသာ အာရုံပြုသည်။ ထို့ကြောင့် အပ္ပမညာသည် လောကုတ္တရာ၌ မယှဉ်ပါ။

## စိတ်ချွင်းထူးအောင်ပြုသော ဝိသေသက စေတသိက်များ

| | |
|---|---|
| ၁။ ဝိတက်,ဝိစာရ,ပီတိ,သုခ (ဈာန်တရား) | ၄ |
| ၂။ အပ္ပမညာဒွေး | ၂ |
| ၃။ ဝိရတီ | ၃ |
| ၄။ ဉာဏ်(ပညိန္ဒြေ) | ၁ |
| | ၁၀-ပါး |

ဤ ၁၀-ပါးသော စေတသိက်တို့သည် စိတ်ချွင်းထူးအောင်ပြုသော ဝိသေသက စေတသိက်များဟု ခေါ်သည်။

-ဝိတက်,ဝိစာရ,ပီတိ,သုခ,ဈာန်တရားစေတသိက်တို့သည် လောကုတ္တ**ရာစိတ်**ကို ထူးခြားကွဲပြားစေပါသည်။

-ဝိတက်,ဝိစာရ,ပီတိ,သုခ,ဈာန်စေတသိက်နှင့် အပ္ပမညာဒွေး**တို့**သည် မဟဂ္ဂုတ်စိတ်ကို ထူးခြားကွဲပြားစေပါသည်။

-ပီတိ,ဝိရတီ,အပ္ပမညာဒွေး၊ ဉာဏ်(ပညိန္ဒြေ)စေတသိက်တို့သည် ကာမ**သောဘာ**နစိတ်ကို ထူးခြားကွဲပြားစေပါသည်။

## သင်္ဂဟနည်းအကျဉ်းချုပ်ဇယားသင်္ကေတ

| အကျဉ်း ၅ | အကျယ် ၃၃ | စိတ်တို့၌ စေတသိက်များ ယှဉ်ကြပုံ |
|---|---|---|
| ၁ | အကုသိုလ်စိတ် ၇-နည်း<br>(၁၉-၂၁-၁၈-၂၀-၂၀-၂၂-၁၅) | ၁၉ ၁၉ ၁၈ ၁၈ ၂၀ ၁၅ ၁၅<br>+ + - - > - -<br>၂၁ ၂၁ ၂၀ ၂၀ ၂၂<br>+ + - - > |
| ၂ | အဟိတ်စိတ် ၇-နည်း<br>(၇-၁၀-၁၁-၁၂) | ၇ ၇ ၇ ၇ ၇ ၁၀ ၁၀<br>- - - - ∨ - -<br>၇ ၇ ၇ ၇ ၇ ၁၀ ၁၁ ၁၀<br>- - - - ∧ - + -<br>၁၀ ၁၁ ၁၂<br>- - + |
| ၃ | ကာမသောဘနစိတ်<br>၁၂-နည်း | + + - -<br>၃၈ ၃၇ ၃၇ ၃၆<br>+ + - -<br>+ + - -<br>၃၃ ၃၂ ၃၂ ၃၁<br>+ + - -<br>+ + - -<br>၃၅ ၃၄ ၃၄ ၃၃<br>+ + - - |
| ၄ | မဟဂ္ဂုတ်စိတ် ၅ နည်း | ၃၅ + + +<br>၃၄ + + +<br>၃၃ + + +<br>၃၂ + + +<br>၃၀ - - - - - -<br>- - -<br>- - -<br>- - - |
| ၅ | လောကုတ္တရာစိတ်<br>၅-နည်း | + + + + ၃၆ + + + +<br>+ + + + ၃၅ + + + +<br>+ + + + ၃၄ + + + +<br>+ + + + ၃၃ + + + +<br>- - - - ၃၃ - - - - |

# ၃။ ပကိဏ်းပိုင်း

## (ပကိဏ္ဏက = ရောပြွမ်းခြင်း)

**နာမ်တေပညာသ**

စိတ်တို့သည် အကျဉ်းအားဖြင့် ၈၉-ပါး၊ အကျယ်အားဖြင့် ၁၂၁-ပါးရှိရာတွင် အာရုံကိုသိခြင်းသဘောလက္ခဏာ (အာရမ္မဏဝိဇာနနလက္ခဏာ)အားဖြင့် တစ်ပါးသာ ရပါသည်။

၅၂-ပါးသောစေတသိက်တို့သည် မိမိတို့၏လက္ခဏာ၊ ကိစ္စအားဖြင့် တစ်မျိုးစီ သီးသန့်ရှိနေကြသောကြောင့် ၅၂-ပါး သီးသန့်ရှိနေရသည်။ ထို့ကြောင့်-

| | |
|---|---|
| စိတ် | ၁ |
| စေတသိက် | ၅၂ |
| စုစုပေါင်း | ၅၃ |

ယင်း ၅၃-ပါးသော စိတ်,စေတသိက်တရားတို့ကို နာမ်တရား-၅၃(နာမ်တေပညာသ) ဟူ၍ ခေါ်ဆိုပါသည်။

**ပကိဏ္ဏကသင်္ဂဟ**

ထို ၅၃-ပါးသော နာမ်တရားတို့ကို ၆-ပါးသောဝေဒနာသင်္ဂဟစသော သင်္ဂဟ ၆-မျိုးတို့ဖြင့် ရောပြွမ်း၍ပြသောအပိုင်း ဖြစ်သည်။

**သင်္ဂဟ ၆-နည်း**

၁။ ဝေဒနာသင်္ဂဟ - ဝေဒနာအမျိုးအစားအလိုက် စိတ်,စေတသိက်တို့ကို ပေါင်း၍ ရေတွက်ပြခြင်း၊
၂။ ဟေတုသင်္ဂဟ - လောဘစသောဟိတ် ၆-ပါးဖြင့် စိတ်,စေတသိက်တို့ကို တွဲစပ်ပေါင်းရုံးရေတွက်ပြခြင်း၊
၃။ ကိစ္စသင်္ဂဟ - စိတ်,စေတသိက်တို့၏ ပြုဖွယ်ကိစ္စအလိုက် တွဲစပ်ပေါင်းရုံးရေတွက်ပြခြင်း၊
၄။ ဒွါရသင်္ဂဟ - အာရုံဝင်ရာတံခါး (ဒွါရ)အလိုက် စိတ်,စေတသိက်တို့ကို တွဲစပ်ပေါင်းရုံးရေတွက်ပြခြင်း၊
၅။ အာရမ္မဏသင်္ဂဟ - အာရုံအလိုက် စိတ်,စေတသိက်တို့ကို တွဲစပ်ပေါင်းရုံးရေတွက်ပြခြင်း၊
၆။ ဝတ္ထုသင်္ဂဟ - မှီရာဝတ္ထုအလိုက် စိတ်,စေတသိက်တို့ကို တွဲစပ်ပေါင်းရုံးရေတွက်ပြခြင်း။

## (၁) ဝေဒနာသင်္ဂဟ

ဝေဒနာစေတသိက်သည် အညသမာန်းစေတသိက်တွင်ရှိသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်တွင်ပါဝင်သော ဒုတိယမြောက်စေတသိက်ဖြစ်သည်။

ဝေဒနာသင်္ဂဟတွင် သုခ-ချမ်းသာခြင်း၊ ဒုက္ခ-ဆင်းရဲခြင်း၊ ဥပေက္ခာ-အလယ်အလတ်ရှိခြင်းဟူ၍ အနုဘဝန(ခံစားခြင်းသဘော)အားဖြင့် ခွဲခြားထားပါသည်။

ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ အလယ်အလတ်ခံစားခြင်းတို့ကို စိတ်ကသာ ခံစားသည်။ စိတ်ထဲတွင်ရှိသော ဝေဒနာစေတသိက်ကသာ ခံစားခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။

ဥပမာ-သိမ်မွေ့နူးညံ့ကောင်းမွန်သော အဝတ်အစားအတွေ့အထိကို ဝတ်ဆင်တွေ့ထိရာ၌ ကိုယ်ခန္ဓာကြီးတွင် ချမ်းသာသော အတွေ့အထိကျရောက်သည်ဟု မှတ်ထင်ကြသည်။ စင်စစ်ကား မဟုတ်ချေ။ ကိုယ်ခန္ဓာက ချမ်းသာခြင်း၊ ဆင်းရဲခြင်းစသည်ကို ခံစားနိုင်သည် မဟုတ်ပါ။ ဝေဒနာစေတသိက်ကသာ ခံစားနိုင်သည်။

ထို့ကြောင့် ဝေဒနာစေတသိက်တည်ရှိသော စိတ်ကပင်လျှင် ခံစားသိရှိနိုင်သည်ဟု ယေဘုယျအားဖြင့် ပြောဆိုနေကြသည်။

သေဆုံးပြီးသော လူသေကောင်တစ်ယောက်သည် ချမ်းသာ၊ ဆင်းရဲမခံစားနိုင်သည်က ထင်ရှားသောသာဓကပင် ဖြစ်ပါသည်။ လူသေကောင်တွင် ဝေဒနာစေတသိက်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း မရှိသောကြောင့် ဖြစ်ပါသည်။

မောင်ဖြူ စိတ်ချမ်းသာသည်၊ မောင်မဲ စိတ်ဆင်းရဲသည်ဟု ဆိုခြင်းသည် အဘိဓမ္မာသဘောအရ အဖျားပိုင်းမျှသာဖြစ်သည်။ ဝေဒနာစေတသိက်က ချမ်းသာခြင်း၊ ဆင်းရဲခြင်းသာ ဖြစ်သည်။

ကိုယ်ခန္ဓာတစ်ခုလုံး ကိုက်ခဲနာကျင်နေသော လူနာတစ်ယောက်သည် ဒုက္ခဝေဒနာကို ခံစားနေရမည်။ ကိုယ်ခန္ဓာကြီးတွင် ပါဝင်နေသော ရုပ်အစိတ်အပိုင်းများက ကိုက်ခဲနာကျင်နေသည်မဟုတ်ပါ။ ရေထဲတွင် ရေပွက်များ ထနေသကဲ့သို့ ဝေဒနာများ ထကြွနေခြင်းမျှသာ ဖြစ်ပါသည်။

(က) ၆၃-ပါးသော သုခစိတ်နှင့်ယှဉ်သော ဝေဒနာစေတသိက်သည် ချမ်းသာသော ခံစားခြင်းကို ဆောင်ရွက်သည်။
(ခ) ၃-ပါးသော ဒုက္ခစိတ်နှင့်ယှဉ်သောစေတသိက်သည် ဆင်းရဲသောခံစားခြင်းကို ဆောင်ရွက်သည်။
(ဂ) ၅၅-ပါးသော ဥပေက္ခာနှင့် ယှဉ်သောစေတသိက်သည် အလယ်အလတ်ခံစားခြင်းကို ဆောင်ရွက်သည်။

- လူတို့ကိုယ်ကာယ ရွှင်လန်းအောင် သုခဝေဒနာက အုပ်ချုပ်သည်။
- ကိုယ်ကာယညှိုးနွမ်းအောင် ဒုက္ခဝေဒနာက အုပ်ချုပ်သည်။
- အုပ်ချုပ်သူက ဝေဒနာစေတသိက်၊
- အဖျားပိုင်းအုပ်ချုပ်သူ ကိုယ်ကာယ၊
- အရင်းပိုင်းအုပ်ချုပ်သူ ယှဉ်ဖက်စိတ်နှင့် စေတသိက်၊
- ဝေဒနာစေတသိက် ၁
- ယှဉ်ဖက်စေတသိက် ၆
- ယှဉ်ဖက်စိတ် ကာယဝိညာဉ်စိတ်၊

အကုသိုလ်စိတ်နှင့် မဟာကုသိုလ်စိတ်များတွင် သောမနဿဝေဒနာများ ပါဝင်သည်။ ပျော်ရွှင်နေသော ခံစားခြင်းကိုသာ ဆောင်ရွက်ကြသော်လည်း စိတ်ချင်းအားဖြင့် အကုသိုလ်စိတ်နှင့် ကုသိုလ်စိတ် ကွဲပြားကြသည်။

အကုသိုလ်စိတ်မှ လောဘမူစိတ် ၄-ပါးသည် သောမနဿဖြစ်သည်။ အကုသိုလ်ဖြစ်သော်လည်း ပျော်ရွှင်သောအရသာကို ခံစားသည်။

ဥပမာ-ပွဲကြည့်၍ ပျော်ရွှင်ခြင်းမျိုးဖြစ်သည်။ ပွဲကြည့်ခြင်းသည် လောဘအရင်းခံသော အကုသိုလ်စိတ်ဖြစ်သည်။

မဟာကုသိုလ်စိတ်သည်လည်း ပျော်ရွှင်နေသော အရသာကို ခံစားရသည်။ ဥပမာ- အလှူပြု၍ စာသင်နေရ၍ ပျော်ရွှင်နေခြင်းမျိုး ဖြစ်သည်။

လူလောကထဲတွင် ပျော်ရွှင်ခြင်း ၂-မျိုး ရှိသည်-

(က) အပြစ်ရှိသော ပျော်ရွှင်ခြင်း - လောဘအရင်းခံ၍ ပွဲကြည့်ခြင်းမျိုး၊
(ခ) အပြစ်ကင်းသောပျော်ရွှင်ခြင်း - မဟာကုသိုလ်စိတ်ဖြစ်သော ပျော်ရွှင်ခြင်းမျိုး၊ ဥပမာ-အလှူပြုခြင်း၊ စာသင်ကြားပေးခြင်း၊

ထို ၂ မျိုးတွင် အပြစ်ကင်းသော ပျော်ရွှင်ခြင်းမျိုးသာ ကြိုးစားရပါမည်။

**၁။ ဣန္ဒြိယဘေဒနည်း -**

ဣန္ဒြေအစဉ်အားဖြင့် ရေတွက်သောနည်းဖြစ်သည်။

ဤနည်းအရ ဝေဒနာ ၅ မျိုး ရှိသည်။

(က) သုခဝေဒနာ - ကိုယ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊
(ခ) ဒုက္ခဝေဒနာ - ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊
(ဂ) သောမနဿဝေဒနာ - စိတ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊
(ဃ) ဒေါမနဿဝေဒနာ - စိတ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊
(င) ဥပေက္ခာဝေဒနာ - ချမ်းသာဆင်းရဲမဟုတ် အလယ်အလတ်ဖြစ်သော ခံစားခြင်းသဘော။

**၂။ အာရမ္မဏာနုဘဝနနည်း -**

အာရုံခံစားမှုအလိုက် ရေတွက်သောနည်းဖြစ်သည်။

ဤနည်းအရ ဝေဒနာ ၃-မျိုးရှိသည်-

(က) သုခဝေဒနာ - အလိုရှိအပ်, ကောင်းမြတ်သောအာရုံ(ဣဋ္ဌာရုံ) နှင့် တွေ့ဆုံသောအခါ ချမ်းသာသောခံစားမှု၊

(ခ) ဒုက္ခဝေဒနာ - အလိုမရှိအပ်, မကောင်းမြတ်သောအာရုံ(အနိဋ္ဌာရုံ) နှင့် တွေ့ဆုံသောအခါ ဆင်းရဲသောခံစားမှု၊

(ဂ) ဥပေက္ခာဝေဒနာ - မကောင်း၊ မဆိုး၊ အလယ်အလတ်ရိုးရိုးဖြစ်သော (ဣဋ္ဌမဇ္ဈတ္တာရုံ)နှင့် တွေ့ဆုံသည့်အခါ ချမ်းသာသည်လည်း မဟုတ် ဆင်းရဲသည်လည်း မဟုတ်၊ လျစ်လျူရှုသောအနေဖြင့် ခံစားမှု၊

## အကုသိုလ်စိတ် -၁၂ ပါး ဝေဒနာသင်္ဂဟ

| | ဝေဒနာ | ပေါင်း | စိတ် | |
|---|---|---|---|---|
| ၁ | သောမနဿ | ၄ | လောဘမူသောမနဿ | ၄-ပါး |
| ၂ | ဒေါမနဿ | ၂ | ဒေါသမူစိတ် | ၂-ပါး |
| ၃ | ဥပေက္ခာ | ၆ | လောဘမူဥပေက္ခာ | ၄-ပါး |
| | | | မောဟမူဥပေက္ခာ | ၂-ပါး |
| | စုစုပေါင်း | ၁၂ | အကုသိုလ်စိတ် | ၁၂-ပါး |

## အဟိတ်စိတ် -၁၈ ပါး၌ ဝေဒနာသင်္ဂဟ

| | ဝေဒနာ | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | သုခ | ၁ | သုခသဟဂုတ် ကုသလဝိပါက် ကာယဝိညာဏ်စိတ် |
| ၂ | ဒုက္ခ | ၁ | ဒုက္ခသဟဂုတ် အကုသလဝိပါက် ကာယဝိညာဏ်စိတ် |
| ၃ | သောမနဿ | ၂ | (က) သောမနဿသဟဂုတ် ကုသလဝိပါက်သန္တီရဏစိတ်<br>(ခ) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် |
| ၄ | ဥပေက္ခာ | ၁၄ | ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှာဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊ ဥပေက္ခာသန္တီရဏ ၂-ပါး၊ မနောဒွါရာဝဇ္ဇန်း |
| | စုစုပေါင်း | ၁၈ | အဟိတ်စိတ် ၁၈-ပါး |

## ကာမာဝစရသောဘနစိတ် ၂၄- ပါး ဝေဒနာသင်္ဂဟ

| | ဝေဒနာ | ပေါင်း | စိတ် | |
|---|---|---|---|---|
| ၁ | သောမနဿ | ၁၂ | မဟာကုသိုလ်သောမနဿ | ၄ |
| | | | မဟာဝိပါက်သောမနဿ | ၄ |
| | | | မဟာကြိယာသောမနဿ | ၄ |
| ၂ | ဥပေက္ခာ | ၁၂ | မဟာကုသိုလ်ဥပေက္ခာ | ၄ |
| | | | မဟာဝိပါက်ဥပေက္ခာ | ၄ |
| | | | မဟာကြိယာဥပေက္ခာ | ၄ |
| | စုစုပေါင်း | ၂၄ | ကာမာဝစရသောဘနစိတ် | ၅၄ |

## ကာမာဝစရစိတ် ၅၄- ပါး ဝေဒနာသင်္ဂဟ

| | ဝေဒနာ | ပေါင်း | စိတ် | |
|---|---|---|---|---|
| ၁ | သုခ | ၁ | သုခသဟဂုတ် ကုသလဝိပါက် ကာယဝိညာဏ် | |
| ၂ | ဒုက္ခ | ၁ | ဒုက္ခသဟဂုတ် အကုသလဝိပါက် ကာယဝိညာဏ် | |
| ၃ | သောမနဿ | ၁၈ | (က) လောဘမူသောမနဿ | ၄ |
| | | | (ခ) အဟိတ်သောမနဿ | ၂ |
| | | | (ဂ) ကာမသောဘနသောမနဿ | ၁၂ |
| ၄ | ဒေါမနဿ | ၂ | ဒေါသမူစိတ် | ၂ |
| ၅ | ဥပေက္ခာ | ၃၂ | အကုသိုလ်ဥပေက္ခာ | ၆ |
| | | | အဟိတ်ဥပေက္ခာ | ၁၄ |
| | | | ကာမသောဘနဥပေက္ခာ | ၁၂ |
| | စုစုပေါင်း | ၅၄ | ကာမာဝစရစိတ် | ၅၄ |

## မဟဂ္ဂုတ်စိတ် ဝေဒနာသင်္ဂဟ

| | ဝေဒနာ | ပေါင်း | စိတ် | |
|---|---|---|---|---|
| ၁ | သောမနဿ | ၁၂ | မဟဂ္ဂုတ်ပဌမဈာန် | ၃ |
| | | | မဟဂ္ဂုတ်ဒုတိယဈာန် | ၃ |
| | | | မဟဂ္ဂုတ်တတိယဈာန် | ၃ |
| | | | မဟဂ္ဂုတ်စတုတ္ထဈာန် | ၃ |
| ၂ | ဥပေက္ခာ | ၁၅ | မဟဂ္ဂုတ်ပဉ္စမဈာန် (ရူပပဉ္စမဈာန်-၃+အရူပဈာန်-၁၂) | ၁၅ |
| | စုစုပေါင်း | ၂၇ | မဟဂ္ဂုတ်စိတ် | ၂၇ |

## လောကုတ္တရာစိတ် ဝေဒနာသင်္ဂဟ

| | ဝေဒနာ | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | သောမနဿ | ၃၂ | လောကုတ္တရာ ပဌမဈာန်-၈<br>ဒုတိယဈာန် ၈ ၊ တတိယဈာန် -၈<br>စတုတ္ထဈာန် -၈ |
| ၂ | ဥပေက္ခာ | ၈ | လောကုတ္တရာ ပဉ္စမဈာန်-၈ |
| | စုစုပေါင်း | ၄၀ | လောကုတ္တရာစိတ် ၄၀ |

## စိတ်အကျယ် ၁၂၁– ဝေဒနာသင်္ဂဟ

| | ဝေဒနာ | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | သုခ | ၁ | သုခသဟဂုတ် ကုသလဝိပါက် ကာယဝိညာဏ် |
| ၂ | ဒုက္ခ | ၁ | ဒုက္ခသဟဂုတ် အကုသလဝိပါက် ကာယဝိညာဏ် |
| ၃ | သောမနဿ | ၆၂ | ကာမသောမနဿ-၁၈၊ မဟဂ္ဂုတ်သောမနဿ-၁၂၊<br>လောကုတ္တရာသောမနဿ- ၃၂ |
| ၄ | ဒေါမနဿ | ၂ | ဒေါသမူစိတ် - ၂ |
| ၅ | ဥပေက္ခာ | ၅၅ | ကာမာဝစရဥပေက္ခာ-၃၂၊ မဟဂ္ဂုတ်ဥပေက္ခာ-၁၅၊<br>လောကုတ္တရာဥပေက္ခာ-၈ |
| | စုစုပေါင်း | ၁၂၁ | စိတ်အကျယ် ၁၂၁ |

## (က) ဣန္ဒြိယဘေဒနည်း ဝေဒနာသင်္ဂဟ

| စဉ် | ဣန္ဒြေအပြား | ဝေဒနာ | ရနိုင်သောစိတ် |
|---|---|---|---|
| ၁ | သောမနဿိန္ဒြေ | သောမနဿ | ၆၂ |
| ၂ | ဒေါမနဿိန္ဒြေ | ဒေါမနဿ | ၂ |
| ၃ | သုခိန္ဒြေ | သုခ | ၁ |
| ၄ | ဒုက္ခိန္ဒြေ | ဒုက္ခ | ၁ |
| ၅ | ဥပေက္ခိန္ဒြေ | ဥပေက္ခာ | ၅၅ |

## (ခ) အာရမ္မဏာနုဘဝနနည်း ဝေဒနာသင်္ဂဟ

| စဉ် | အာရုံအပြား | ဝေဒနာ | ရနိုင်သောစိတ် |
|---|---|---|---|
| ၁ | ဣဋ္ဌာရုံ-အလိုရှိအပ်၊ ကောင်းမြတ်သောအာရုံ | သုခဝေဒနာ (သောမနဿ-၆၂၊ သုခ-၁) | ၆၃ |
| ၂ | အနိဋ္ဌာရုံ-အလိုမရှိအပ် မကောင်းမြတ်သောအာရုံ | ဒုက္ခဝေဒနာ (ဒေါမနဿ-၂၊ ဒုက္ခ-၁) | ၃ |
| ၃ | ဣဋ္ဌမဇ္ဈတ္တာရုံ-အလယ်အလတ် အလိုရှိအပ်သောအာရုံ | အဒုက္ခ မသုခ ဝေဒနာ ဥပေက္ခာ | ၅၅ |

# (၂) ဟေတုသင်္ဂဟ

### ဟေတု = ဟိတ် = အကြောင်းရင်း၊ အမြစ်၊ အရင်း

"ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ"

ကုသိုလ်-အကုသိုလ်ဖြစ်ရာ၌ ရေသောက်မြစ်ကဲ့သို့ဖြစ်သော တရားများဖြစ်သည်။

ရေသောက်မြစ်သည် သစ်ပင်ကို ကြံ့ကြံ့တည်ရန် ကျေးဇူးပြုသကဲ့သို့ အလားတူ ယှဉ်ဖက်ဖြစ်သော စိတ်၊ စေတသိက်တို့အား အာရုံ၌ ကြံ့ကြံ့တည်တံ့နိုင်နိုင်ရန် ကျေးဇူးပြုတတ်သောကြောင့် ဟိတ် ၆-ပါးကို မူလ= ဟေတု ဟူ၍ ခေါ်ပါသည်။

ဟေတုသင်္ဂဟ၌ ဟိတ်တရားတို့သည် ဇာတိအားဖြင့်-

- အကုသိုလ်ဟိတ် ၃-ပါး (လောဘ-ဒေါသ-မောဟ)
- ကုသိုလ်ဟိတ် ၃-ပါး (အလောဘ-အဒေါသ-အမောဟ)
- အဗျာကတဟိတ် ၃-ပါး (အလောဘ-အဒေါသ-အမောဟ)

ဤ ၉-ပါးသော ဟိတ်တရားတွင် တရားကိုယ်အားဖြင့် ၆-ပါးသာ ရပါသည်။

လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ် = မကောင်း

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် = ကောင်း

သစ်ပင်၏အမြစ်သည် သစ်ပင်ကို ခိုင်မြဲအောင်၊ စည်ကားအောင် ပြုလုပ်ပေး၏။ ဦးခေါင်းမှ ဆံပင်အမြစ်သည် ဆံပင်ကို ခိုင်မာစေ၏၊ ရှည်စေ၏။ သို့အတွက် အမြစ်သည် အရေးကြီးပါသည်။

စိတ်-စေတသိက်တို့တွင် အမြစ်ရှိသည်။ သို့သော် သစ်ပင်အမြစ်၊ ဆံပင်အမြစ်များကဲ့သို့မဟုတ်။ စိတ်-စေတသိက်တို့၏အမြစ်သည် နူးညံ့သည်၊ သိမ်မွေ့သည်၊ သာမန်မျက်စိဖြင့် မမြင်နိုင်ပါ။

အကုသိုလ်စိတ် ၁၂-ပါးတွင် လောဘမူစိတ် ၈-ပါး၌-

- လောဘမြစ်၊ မောဟမြစ်၊ အမြစ် ၂-ချောင်း ရှိသည်။
- ဒေါသမူစိတ် ၂-ပါး၌ ဒေါသမြစ်၊ မောဟမြစ်၊ အမြစ် ၂-ချောင်း ရှိသည်။
- မောဟမူစိတ်၌ မောဟမြစ် ၁-ချောင်းသာ ရှိသည်။

အာရုံတစ်ခုသည် မျက်စိအကြည်ဓာတ်နှင့် တိုက်ဆိုင်လာသော် မြင်သောစိတ်သည် ဖြစ်ပေါ်လာသည်။ ထိုသို့မြင်ပြီးနောက် လိုချင်စရာပစ္စည်းဖြစ်လျှင် လိုချင်လာ၏။

မြင်သောစိတ်သည် မြင်စရာအာရုံပျောက်သွားသော် ပျောက်သွားနိုင်သည်။ မျက်စိအကြည်ဓာတ်နှင့် အာရုံ မထိတွေ့တော့သောကြောင့် မြင်သောစိတ် မလာတော့ပေ။

သို့ရာတွင် လိုချင်သောစိတ်သည်ကား မြင်စရာအာရုံပျောက်သွားသော်လည်း ဖြစ်ပေါ်လျက်ပင် ကျန်ရှိနေသေးသည်။

ဤကဲ့သို့ လိုချင်သောစိတ်သည်ကား စွဲမြဲခိုင်ခံ့လျက်ရှိခြင်းမှာ လိုချင်သော လောဘစိတ်တွင် အမြစ်ရှိသောကြောင့် ဖြစ်ပါသည်။ လောဘတွင် လောဘ၊ မောဟအမြစ် ၂-ခုရှိသည့်အတွက် ခိုင်မြဲသည်။ ပျောက်ကွယ်ခြင်း မရှိပေ။

လူတစ်ဦးတစ်ယောက်က မိမိအကြောင်း မကောင်းပြောသည်ကို ကြား၏။ အကုသလဝိပါက် သောတဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်။ မကောင်းကြောင်း ကြားရ၍ စိတ်ဆိုး၏။

မိမိအကြောင်း မကောင်းပြောဆို ဆုံးမသံကို မကြားရသောအခါ အကုသလဝိပါက် သောတဝိညာဏ်စိတ်သည် ပျောက်သွားသည်။

သို့ရာတွင် စိတ်ဆိုးခြင်းဟူသော ဒေါသအမြစ်က ကျန်ရစ်ခဲ့သည်။ ဒေါသစိတ်တွင် ဒေါသ၊ မောဟ၊ အမြစ်နှစ်ပါး ရှိသည့်အတွက် ခိုင်မြဲသည်။ ပျောက်ကွယ်ခြင်းမရှိပေ။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်တို့သည် အဟိတ်စိတ်ဖြစ်၍ ပျောက်ပျက်လွယ်သည်။

စိတ်ညစ်ခြင်းတွင် ဒေါသမြစ်၊ မောဟမြစ် ၂-ခု ပါဝင်နေ၍ ထိုစိတ်ညစ်ခြင်းသည် ချက်ချင်းသော်လည်းကောင်း၊ တစ်နာရီ၊ တစ်ရက်၊ တစ်ပတ်သော်လည်းကောင်း မပျောက်သွားပေ။ အမြစ်တွယ်နေသည်။ မောဟမြစ်ဝင်လာသော် အာရုံကို ဖုံးလွှမ်း၏။ အမြင်မှောက်မှားသွားသော် အမှန်ကို မသိနိုင်တော့ပေ။ ကောင်းကျိုး-ဆိုးကျိုး မဝေခွဲနိုင်တော့။ ဒေါသမြစ်ဝင်လာလျှင် စူးရှ၏။ မနေနိုင်အောင် ပူလောင်တတ်သည်။

လောဘအမြစ် စည်ကားလာလျှင် မကောင်းသော အပြစ်ရှိသောလုပ်ငန်းများ၊ ဒုစရိုက်အမှုများကို ဆောင်ရွက်ပေမည်။ အကုသိုလ်စိတ်များ ပွားများလာပါမည်။

သစ်ပင်တို့တွင် အမြစ်စည်ကားလာလျှင် အပင်၊ အရွက်၊ အကိုင်းအခက်များ စည်ကားလာပြီး နောက်ဆုံးတွင် အပွင့် အသီးများ ဖြစ်ပေါ်လာမည်။

ထိုအပွင့်အသီးတွင် အချို့သည် လူကို အကျိုးဖြစ်စေနိုင်သည်။ အချို့သည် လူကို ဘေးဖြစ်စေနိုင်သည်။

အလားတူ စိတ်၏အပွင့်အသီးသည် ကောင်းသောအပွင့် အသီး၊ မကောင်းသော အပွင့် အသီး ဟူ၍ ၂-မျိုး ရှိပါသည်။

အကုသိုလ်စိတ်မှဖြစ်ပွားလာသော အပွင့် အသီးအကျိုးများသည် အကုသလဝိပါက် အကျိုးသာဖြစ်ပါမည်။

မဟာကုသိုလ်စိတ်မှ ဖြစ်ပွားလာသော အပွင့်အသီးအကျိုးများသည် ကုသလဝိပါက်အကျိုးသာ ဖြစ်ပါမည်။

## အကုသိုလ်စိတ် ပေါတုသင်္ဂဟာ

| စဥ် | ဟိတ် | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | ဧကဟိတ် | ၂ | မောဟမူစိတ် ၂ |
| ၂ | ဒွိဟိတ် | ၁၀ | လောဘမူ-၈၊ ဒေါသမူ-၂ |
| | စုစုပေါင်း | ၁၂ | အကုသိုလ်စိတ် ၁၂ |

## အဟိတ်စိတ် ပေါတုသင်္ဂဟာ

| စဥ် | ဟိတ် | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | အဟိတ် | ၁၈ | အဟိတ်ကုသလဝိပါက်စိတ် - ၇<br>အဟိတ်ကုသလဝိပါက်စိတ် - ၈<br>အဟိတ်ကြိယာစိတ် - ၃ |
| | စုစုပေါင်း | ၁၈ | အဟိတ်စိတ် - ၁၈ |

## ကာမာဝစရသောဘနစိတ် ပေါတုသင်္ဂဟာ

| စဥ် | ဟိတ် | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | ဒွိဟိတ် | ၁၂ | မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် - ၄<br>မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် - ၄<br>မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် - ၄ |
| ၂ | တိဟိတ် | ၁၂ | မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် - ၄<br>မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် - ၄<br>မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် - ၄ |
| | စုစုပေါင်း | ၂၄ | ကာမာဝစရသောဘနစိတ် - ၂၄ |

## မဟာဂ္ဂုတ်စိတ် ဟောတုသင်္ဂဟ

| စဉ် | ဟိတ် | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | တိဟိတ် | ၂၇ | ရူပါဝစရစိတ် - ၁၅<br>အရူပါဝစရစိတ် - ၁၂ |
| | စုစုပေါင်း | ၂၇ | မဟာဂ္ဂုတ်စိတ် - ၂၇ |

## လောကုတ္တရာစိတ် ဟောတုသင်္ဂဟ

| စဉ် | ဟိတ် | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | တိဟိတ် | ၈ | မဂ်စိတ်-၄၊ ဖိုလ်စိတ်-၄ |
| | စုစုပေါင်း | ၈ | လောကုတ္တရာစိတ် -၈ |

## စိတ် ၈၉- ဟောတုသင်္ဂဟ

| စဉ် | ဟိတ် | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | အဟိတ် | ၁၈ | အဟိတ်ကုသလဝိပါက်စိတ် - ၇<br>အဟိတ်ကုသလဝိပါက်စိတ် - ၈<br>အဟိတ်ကြိယာစိတ် - ၃ |
| ၂ | ဧကဟိတ် | ၂ | မောဟမူစိတ် - ၂ |
| ၃ | ဒွိဟိတ် | ၂၂ | လောဘမူ-၈၊ ဒေါသမူ-၂<br>မဟာကုသိုလ်၊ ဝိပါက်၊ ကြိယာ<br>ဉာဏဝိပ္ပယုတ် - ၁၂ |
| ၄ | တိဟိတ် | ၄၇ | မဟာကုသိုလ်၊ ဝိပါက်၊ ကြိယာ<br>ဉာဏသမ္ပယုတ် - ၁၂<br>မဟဂ္ဂုတ် - ၂၇<br>လောကုတ္တရာ - ၈ |
| | စုစုပေါင်း | ၈၉ | စိတ်ပေါင်း - ၈၉ |

## အဟိတ်– သဟိတ် သင်္ဂဟ

| စဉ် | ဟိတ် | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | အဟိတ်စိတ်<br>(ဟိတ်မရှိစိတ်) | ၁၈ | အဟိတ်အကုသလဝိပါက်စိတ် - ၇<br>အဟိတ်ကုသလဝိပါက်စိတ် - ၈<br>အဟိတ်ကြိယာစိတ် - ၃ |
| ၂ | သဟိတ်စိတ်<br>(ဟိတ်ရှိစိတ်) | ၇၁ | အကုသိုလ်စိတ် - ၁၂<br>ကာမာဝစရသောဘနစိတ် - ၂၄<br>မဟဂ္ဂုတ်စိတ် - ၂၇<br>လောကုတ္တရာစိတ် - ၈ |

# (၃) ကိစ္စသင်္ဂဟ

လူတို့၏ အမှုလုပ်ငန်းကို ကိစ္စ ဟု ခေါ်သည်။ ထိုလုပ်ငန်းပြုလုပ်ရာ အလုပ်ရုံကို ဌာန ဟု ခေါ်သကဲ့သို့ စိတ်တို့၏ အမှုလုပ်ငန်းကို ကိစ္စ၊ ထိုကိစ္စပြုလုပ်ရာစိတ်ဒြပ်ကို ဌာနဟုခေါ်သည်။

ကိစ္စ ၁၄-ပါးသည် စိတ်၊ စေတသိက်တို့၏ အလုပ် ၁၄-မျိုး ဖြစ်သည်။ ဌာန ၁၀-ပါးသည် စိတ်၊ စေတသိက်တို့၏ အလုပ် လုပ်ရာနေရာဖြစ်သည်။

ဥပမာအားဖြင့် ပဋိသန္ဓေကိစ္စသည် ဘဝဟောင်းနှင့်အသစ်ကို ဆက်စပ်ပေးခြင်းဟူသော အမှုလုပ်ငန်း(ကိစ္စ)ဖြစ်၍ ပဋိသန္ဓေဌာနသည် ထိုကိစ္စပြုလုပ်ရာ (ရှေ့စိတ်-နောက်စိတ် နှစ်ခုတို့အကြား) စိတ်တစ်ခုဖြစ်လောက်ရာ အခါကာလကို ခေါ်ဆိုပါသည်။

ကိစ္စ ၁၄-ရပ် ရှိပါသည်။ ဤကိစ္စ ၁၄-ရပ် အစဉ်သည်ကား တစ်ဘဝ၌ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့၏ကိစ္စ အစဉ်တိုင်း ဖြစ်ပါသည်။ စိတ်၊ စေတသိက်တို့သည် ဤကိစ္စ ၁၄-ထက် ပိုလွန်၍ မဖြစ်ကြပါ။ ယုတ်လျော့၍လည်း မဖြစ်ကြပါ။

**ကိစ္စ ၁၄-ပါး**

**၁။ ပဋိသန္ဓေကိစ္စ** - ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းကိစ္စ၊

ပဋိ + သန္ဓေ

တစ်ဖန် + ဆက်စပ်ပေးခြင်း

- လူတစ်ယောက်သေပြီးနောက် မပြီးသေးပါ။ တစ်ဖန် ဆက်စပ်၍ ပဋိသန္ဓေ ထပ်ဖြစ်ရသည်။ နိဗ္ဗာန်မရောက်မချင်း ဘဝတစ်ခုပြီးတစ်ခုဖြစ်အောင် စိတ်က လုပ်ပေးနေသည်။
- စိတ်၏သဘာဝကို မမြင်သူတို့က ဘဝတစ်ဖန်မရှိဟု ပြောကြသည်။
- စိတ်၏သဘောကို သိသူက ဘဝတစ်ခု ထပ်ဖြစ်ပေးသည် ဟုပြောကြသည်။
- ဘုရား၊ ရဟန္တာတို့က သိကြသည်။

**၂။ ဘဝင်ကိစ္စ** - လက်ရှိဘဝ၌ဖြစ်နေသောခန္ဓာအစဉ်ကို အသက်ထက်ဆုံး မပြတ်မလပ်ရအောင် ဖြစ်စေခြင်းကိစ္စ၊

- အိပ်ပျော်နေစဉ် ဘဝင်စိတ်ရှိသည်။ မသေသွားအောင် ဘဝင်စိတ်က စောင့်ရှောက်သည်။
- ပဋိသန္ဓေကိစ္စက မွေးအမေနှင့်တူသည်၊ ဘဝင်ကိစ္စက ကျွေးအမေနှင့်တူသည်။

၃။ **အာဝဇ္ဇန်းကိစ္စ** - အာရုံခြောက်ပါးကိုလှည့်၍ ဆင်ခြင်သောအလုပ်ကိစ္စ၊

၄။ **ဒဿနကိစ္စ** - အဆင်းမြင်ခြင်းအလုပ်ကိစ္စ၊

၅။ **သဝနကိစ္စ** - အသံကိုကြားခြင်းအလုပ်ကိစ္စ၊

၆။ **ဃာယနကိစ္စ** - အနံ့ကိုနံခြင်းအလုပ်ကိစ္စ၊

၇။ **သာယနကိစ္စ** - အရသာကိုသိခြင်းအလုပ်ကိစ္စ၊

၈။ **ဖုသနကိစ္စ** - အတွေ့အထိသိခြင်းအလုပ်ကိစ္စ၊

၉။ **သမ္ပဋိစ္ဆန်းကိစ္စ** - အာရုံကိုလက်ခံထိန်းသိမ်းခြင်းအလုပ်ကိစ္စ၊

၁၀။ **သန္တီရဏကိစ္စ** - အာရုံကိုစုံစမ်းခြင်းအလုပ်ကိစ္စ၊

၁၁။ **ဝုဋ္ဌောကိစ္စ** - အာရုံကိုဆုံးဖြတ်ခြင်းအလုပ်ကိစ္စ၊

၁၂။ **ဇောကိစ္စ** - အာရုံ၏အရသာကို အရှိန်အဟုန်ဖြင့် ခံစားခြင်း အလုပ်ကိစ္စ၊

၁၃။ **တဒါရုံကိစ္စ** - ဇောအဟုန်နောက်သို့လိုက်ကာ ဇောယူပြီးသော အာရုံကို ဆက်ယူခြင်းအလုပ်ကိစ္စ၊
(ဥပမာ- ပြေးသောသူသည် ရုတ်တရက် တန်း၍ရပ်မရ၊ ရှေ့တစ်လှမ်း နှစ်လှမ်းသွားပြီးမှ ရပ်ရသကဲ့သို့သဘော ဖြစ်သည်။)

၁၄။ **စုတိကိစ္စ** - ဖြစ်ဆဲပစ္စုပ္ပန်ဘဝ၏ ချုပ်ဆုံးသေလွန်ခြင်း(ဝါ)ရွေ့လျားခြင်း အလုပ်ကိစ္စ၊

- အပါယ်လေးဘုံသားတို့၏ ပဋိသန္ဓေကိစ္စကို အကုသလဝိပါက် ဥပေက္ခာ သန္တီရဏက ဆောင်ရွက်သည်။
- အမိဝမ်းမှစ၍အကန်း၊ အပင်း၊ ချည့်နဲ့၊ ကျား-မ မဟုတ်၊ ကျား-ရော မ-ရော မဟုတ်သောသူများ၊ တစ္ဆေသရဲဟုခေါ်သော အောက်တန်း စတုမဟာရာဇ်နတ်များ၏ ပဋိသန္ဓေကိစ္စကို အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်က ဆောင်ရွက်သည်။
- ပဋိသန္ဓေမှစ၍ ဉာဏ်ထိုင်းသောသူများနှင့် နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ထိုင်း သောနတ်များ၏ ပဋိသန္ဓေကိစ္စကို မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးက ဆောင်ရွက်သည်။
- ပဋိသန္ဓေမှစ၍ ဉာဏ်ကောင်းသောသူများနှင့် နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ကောင်းသောနတ်များ၏ ပဋိသန္ဓေကိစ္စကို မဟာဝိပါက်ဉာဏသမ္ပယုတ် စိတ် ၄-ပါးက ဆောင်ရွက်သည်။
- ရူပဗြဟ္မာများ၏ ပဋိသန္ဓေကိစ္စကို ရူပါဝစရဝိပါက်စိတ် ၅-ပါးက ဆောင်ရွက်သည်။
- အရူပဗြဟ္မာများ၏ ပဋိသန္ဓေကိစ္စကို အရူပါဝစရဝိပါက်စိတ် ၄-ပါးက ဆောင်ရွက်သည်။
- မြတ်စွာဘုရား၏ ပဋိသန္ဓေစိတ်သည် မဟာဝိပါက် **သောမနဿ** ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်သည်။

ပဋိသန္ဓေလုပ်ငန်းကို ဆောင်ရွက်သောစိတ်များသည် ဘဝ၏အလယ်ပိုင်း၌ တစ်သက်လုံး ဘဝင်လုပ်ငန်းကို ဆောင်ရွက်ကြသည်။ ယင်းစိတ်များသည်ပင် ဘဝ၏ အဆုံး၌ စုတိလုပ်ငန်းကို ဆောင်ရွက်သည်။

**ဥပမာ** - တိရစ္ဆာန်တစ်ကောင်သည် အကုသလဝိပါက် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေပြီး ထိုစိတ်ဖြင့်ပင် အသက်ရှည်ကာ ထိုစိတ်ဖြင့်ပင် သေဆုံးရသည်။

- အလားတူ ဉာဏ်ထိုင်းသူသည် မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးဖြင့် ပဋိသန္ဓေနေပြီး ထိုစိတ်ဖြင့်ပင်အသက်ရှည်ကာ ထိုစိတ်ဖြင့်ပင်သေဆုံးရသည်။
- မနောဒွါရာဝဇ္ဇန်းစိတ်သည် မနောဒွါရ၌ ဖြစ်သောအခါ အာဝဇ္ဇန်းကိစ္စကိုသာ ဆောင်ရွက်သည်။ ပဉ္စဒွါရ၌ဖြစ်သောအခါ ဝုဋ္ဌောကိစ္စကို ဆောင်ရွက်သည်။
- ပဋိသန္ဓေတည်စဉ် စိတ်နှင့်ပါလာသောရုပ်သည် ပရမာဏုမြူရုပ်နှင့်ညီမျှသော မျက်စိနှင့် မမြင်နိုင်အောင် သေးငယ်သည်။ မှန်ဘီလူးနှင့်လည်း မမြင်နိုင်ပါ။
- အသိအလွန်နုံးညံ့သိမ်မွေ့သောစိတ် ဖြစ်သည်။ ကာယကံရှင်ပင် မသိနိုင်သော စိတ်ဖြစ်သည်။ အိပ်မောကျနေစဉ် ဖြစ်သောစိတ်မျိုး ဖြစ်သည်။ နုံးညံ့သောကြောင့် ကိုယ်တိုင်မသိနိုင်သော်လည်း ဘုရား၊ ရဟန္တာများကမူ သိနိုင်ပါသည်။
- တစ်ဘဝမှစုတေ၍ နောက်ဘဝတွင် ပဋိသန္ဓေနေရာ၌ ကြားကာလဟူ၍ မရှိပါ။ စုတေပြီးလျှင်ပြီးချင်း ပဋိသန္ဓေ ဆက်ဖြစ်ပါသည်။ ကြားကာလ ၇-ရက် အိမ်ကပ်နေသည်ဆိုသည်မှာ မမှန်ပါ။

လူတိုင်းသည်လည်းကောင်း၊ လူတို့၏ခန္ဓာအစိတ်အပိုင်းများသည်လည်းကောင်း ကိစ္စအနည်းအများကို ဆောင်ရွက်ကြရသလို လူတို့၏စိတ်သည်လည်း ကိစ္စအသီးသီးကို ဆောင်ရွက်ကြရသည်။

**ဇောစိတ်- ၅၅ ပါး**

| | | | |
|---|---|---|---|
| (က) ကာမဇော- ၂၉ | | - အကုသိုလ် | - ၁၂ |
| (ကု-အကုဇော) | | - မဟာကုသိုလ် | - ၈ |
| | | - မဟာကြိယာ | - ၈ |
| | | - ဟသိတုပ္ပါဒ် | - ၁ |

(ခ) အပ္ပနာဇော- ၂၆ - မဟဂ္ဂုတ်ကုသိုလ် - ၉
(ဈာန်-မဂ်-ဖိုလ်) - မဟဂ္ဂုတ်ကြိယာ - ၉
- မဂ် - ၄
- ဖိုလ် - ၄

## အကုသိုလ်စိတ် ကိစ္စသင်္ဂဟ

| စဉ် | စိတ် | ကိစ္စပေါင်း | ကိစ္စ |
|---|---|---|---|
| ၁ | လောဘမူ ၈<br>ဒေါသမူ ၂ - ၁၂<br>မောဟမူ ၂ | ၁ | ဇောကိစ္စ |

## အဟိတ်စိတ် ကိစ္စသင်္ဂဟ

| စဉ် | စိတ် | ကိစ္စပေါင်း | ကိစ္စ |
|---|---|---|---|
| ၁ | စက္ခုဝိညာဏ်ဒွေး | ၁ | ဒဿနကိစ္စ |
| ၂ | သောတဝိညာဏ်ဒွေး | ၁ | သဝနကိစ္စ |
| ၃ | ဃာနဝိညာဏ်ဒွေး | ၁ | ဃာယနကိစ္စ |
| ၄ | ဇိဝှါဝိညာဏ်ဒွေး | ၁ | သာယနကိစ္စ |
| ၅ | ကာယဝိညာဏ်ဒွေး | ၁ | ဖုသနကိစ္စ |
| ၆ | ပဉ္စဒွါရာဝဇ္ဇန်း | ၁ | အာဝဇ္ဇန်းကိစ္စ |
| ၇ | သမ္ပဋိစ္ဆိုင်းဒွေး | ၁ | သမ္ပဋိစ္ဆိုင်းကိစ္စ |
| ၈ | သောမနဿသန္တီရဏ | ၂ | တဒါရုံကိစ္စ၊ သန္တီရဏကိစ္စ |
| ၉ | ဥပေက္ခာသန္တီရဏ-၂ | ၅ | ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ<br>တဒါရုံကိစ္စ၊ သန္တီရဏကိစ္စ |
| ၁၀ | မနောဒွါရာဝဇ္ဇန်း | ၂ | ဝုဋ္ဌောကိစ္စ၊ အာဝဇ္ဇန်းကိစ္စ |
| ၁၁ | ဟသိတုပ္ပါဒ် | ၁ | ဇောကိစ္စ |
| | | ၁၄ | ကိစ္စပေါင်း - ၁၄ ပါး |

## ကာမာဝစရသောဘနစိတ် ကိစ္စသင်္ဂဟ

| စဉ် | စိတ် | ကိစ္စပေါင်း | ကိစ္စ |
|---|---|---|---|
| ၁ | မဟာကုသိုလ်စိတ် - ၈ပါး | ၁ | ဇောကိစ္စ |
| ၂ | မဟာဝိပါက်စိတ် - ၈ပါး | ၄ | ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ |
| ၃ | မဟာကြိယာစိတ် - ၈ပါး | ၁ | ဇောကိစ္စ |
| | | ၆ | ကိစ္စပေါင်း ၅- ပါး |

## မဟဂ္ဂုတ်စိတ် ကိစ္စသင်္ဂဟ

| စဉ် | စိတ် | ကိစ္စပေါင်း | ကိစ္စ |
|---|---|---|---|
| ၁ | မဟဂ္ဂုတ်ကုသိုလ်စိတ် - ၉ | ၁ | ဇောကိစ္စ |
| ၂ | မဟဂ္ဂုတ်ဝိပါက်စိတ် - ၉ | ၃ | ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ |
| ၃ | မဟဂ္ဂုတ်ကြိယာစိတ် - ၉ | ၁ | ဇောကိစ္စ |
| | | ၅ | ကိစ္စပေါင်း ၄- ပါး |

## လောကုတ္တရာစိတ် ကိစ္စသင်္ဂဟ

| စဉ် | စိတ် | ကိစ္စပေါင်း | ကိစ္စ |
|---|---|---|---|
| ၁ | မဂ်စိတ် - ၄<br>ဖိုလ်စိတ် - ၄ | ၁ | ဇောကိစ္စ |

## ကိစ္စနှင့် စိတ် ၈၉-ပါး တပ်ပုံ

| စဉ် | ကိစ္စ | စိတ်ပေါင်း | စိတ်သရုပ် |
|---|---|---|---|
| ၁ | ပဋိသန္ဓေကိစ္စ | ၁၉ | ကာမပဋိသန္ဓေ ၁၉-ဟုခေါ်သော (ဥပေက္ခာသန္တီရဏ-၂၊ မဟာဝိပါက်-၈၊ မဟဂ္ဂုတ်ဝိပါက်-၉) |
| ၂ | ဘဝင်ကိစ္စ | ၁၉ | အထက်ပါ ၁၉ ပါး |
| ၃ | အာဝဇ္ဇန်းကိစ္စ | ၂ | ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း |
| ၄ | ဒဿနကိစ္စ | ၂ | စက္ခုဝိညာဏ်ခွေး |
| ၅ | သဝနကိစ္စ | ၂ | သောတဝိညာဏ်ခွေး |
| ၆ | ဃာယနကိစ္စ | ၂ | ဃာနဝိညာဏ်ခွေး |
| ၇ | သာယနကိစ္စ | ၂ | ဇိဝှာဝိညာဏ်ခွေး |
| ၈ | ဖုသနကိစ္စ | ၂ | ကာယဝိညာဏ်ခွေး |
| ၉ | သမ္ပဋိစ္ဆိုင်းကိစ္စ | ၂ | သမ္ပဋိစ္ဆိုင်းခွေး |
| ၁၀ | သန္တီရဏကိစ္စ | ၃ | သောမနဿ သန္တီရဏ-၁၊ ဥပေက္ခာသန္တီရဏ-၂ |
| ၁၁ | ဝုဋ္ဌောကိစ္စ | ၁ | မနောဒွါရာဝဇ္ဇန်း -၁ |
| ၁၂ | ဇောကိစ္စ | ၅၅ | ကာမဇော-၂၉၊ အပ္ပနာဇော-၂၆ |
| ၁၃ | တဒါရုံကိစ္စ | ၁၁ | သန္တီရဏ-၃၊ မဟာဝိပါက်စိတ်- ၈ |
| ၁၄ | စုတိကိစ္စ | ၁၉ | ဥပေက္ခာသန္တီရဏ-၂၊ မဟာဝိပါက်-၈၊ မဟဂ္ဂုတ်ဝိပါက်-၉ |

# ဌာန

ကိစ္စအားလျော်စွာ ဌာန ၁၀-ခု ရှိပါသည်။

| စဉ် | ဌာနများ | တည်ရာဌာန |
|---|---|---|
| ၁ | ပဋိသန္ဓေဌာန | စုတိနှင့် ဘဝင်အကြား |
| ၂ | ဘဝင်ဌာန | (က) ပဋိသန္ဓေနှင့် အာဝဇ္ဇန်းအကြား |
| | | ( ခ) တဒါရုံနှင့် အာဝဇ္ဇန်းအကြား |
| | | ( ဂ) ဇောနှင့် အာဝဇ္ဇန်းအကြား |
| | | (ဃ) ဝုဋ္ဌောနှင့် အာဝဇ္ဇန်းအကြား |
| | | ( င) တဒါရုံနှင့် စုတိအကြား |
| | | ( စ) ဇောနှင့် စုတိအကြား |
| ၃ | အာဝဇ္ဇန်းဌာန | (က) ဘဝင်နှင့် ပဉ္စဝိညာဏ်အကြား |
| | | ( ခ) ဘဝင်နှင့် ဇောအကြား |
| ၄ | ပဉ္စဝိညာဏ်ဌာန | အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းအကြား |
| ၅ | သမ္ပဋိစ္ဆိုင်းဌာန | ပဉ္စဝိညာဏ်နှင့် သန္တီရဏအကြား |
| ၆ | သန္တီရဏဌာန | သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောအကြား |
| ၇ | ဝုဋ္ဌောဌာန | (က) သန္တီရဏနှင့် ဇောအကြား |
| | | ( ခ) သန္တီရဏနှင့် ဘဝင်အကြား |
| ၈ | ဇောဌာန | (က) ဝုဋ္ဌောနှင့် တဒါရုံအကြား |
| | | ( ခ) ဝုဋ္ဌောနှင့် ဘဝင်အကြား |
| | | ( ဂ) ဝုဋ္ဌောနှင့် စုတိအကြား |
| | | (ဃ) အာဝဇ္ဇန်းနှင့် တဒါရုံအကြား |
| | | ( င) အာဝဇ္ဇန်းနှင့် ဘဝင်အကြား |
| | | ( စ) အာဝဇ္ဇန်းနှင့် စုတိအကြား |
| ၉ | တဒါရုံဌာန | (က) ဇောနှင့်ဘဝင်အကြား |
| | | ( ခ) ဇောနှင့်စုတိအကြား |
| ၁၀ | စုတိဌာန | (က) တဒါရုံနှင့် ပဋိသန္ဓေအကြား |
| | | ( ခ) ဇောနှင့် ပဋိသန္ဓေအကြား |
| | | ( ဂ) ဘဝင်နှင့် ပဋိသန္ဓေအကြား |

# ကိစ္စ၊ ဌာနနှင့် စိတ်ယှဉ် အကျဉ်းချုပ်

| စဉ် | ကိစ္စ-၁၄ | ဌာန-၁၀ | ယှဉ်စိတ်ပေါင်း | စိတ်သရုပ် |
|---|---|---|---|---|
| ၁ | ပဋိသန္ဓေကိစ္စ | ပဋိသန္ဓေဌာန | ၁၉ | ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက်-၈၊ မဟဂ္ဂုတ်ဝိပါက်-၉ |
| ၂ | ဘဝင်ကိစ္စ | ဘဝင်ဌာန | ၁၉ | ॥ |
| ၃ | အာဝဇ္ဇန်းကိစ္စ | အာဝဇ္ဇန်းဌာန | ၂ | ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း |
| ၄ | ဒဿနကိစ္စ | ပဉ္စဝိညာဏဌာန | ၂ | စက္ခုဝိညာဏ်ဒွေး |
| ၅ | သဝနကိစ္စ | | ၂ | သောတဝိညာဏ်ဒွေး |
| ၆ | ဃာယနကိစ္စ | | ၂ | ဃာနဝိညာဏ်ဒွေး |
| ၇ | သာယနကိစ္စ | | ၂ | ဇိဝှာဝိညာဏ်ဒွေး |
| ၈ | ဖုသနကိစ္စ | | ၂ | ကာယဝိညာဏ်ဒွေး |
| ၉ | သမ္ပဋိစ္ဆိုင်းကိစ္စ | သမ္ပဋိစ္ဆိုင်းဌာန | ၂ | သမ္ပဋိစ္ဆိုင်းဒွေး |
| ၁၀ | သန္တီရဏကိစ္စ | သန္တီရဏဌာန | ၃ | သန္တီရဏ-၃ |
| ၁၁ | ဝုဋ္ဌောကိစ္စ | ဝုဋ္ဌောဌာန | ၁ | မနောဒွါရာဝဇ္ဇန်း |
| ၁၂ | ဇောကိစ္စ | ဇောဌာန | ၅၅ | ကာမဇော-၂၉၊ အပ္ပနာဇော-၂၆ |
| ၁၃ | တဒါရုံကိစ္စ | တဒါရုံဌာန | ၁၁ | မဟာဝိပါက်စိတ်-၈၊ သန္တီရဏ-၃ |
| ၁၄ | စုတိကိစ္စ | စုတိဌာန | ၁၉ | ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက်-၈၊ မဟဂ္ဂုတ်ဝိပါက်-၉ |

## ကိစ္စ၊ ဌာနနှင့် တပ်သောစိတ်များ

| စဉ် | ကိစ္စ-ဌာန | စိတ်ပေါင်း | စိတ်သရုပ် |
|---|---|---|---|
| ၁ | ၁-ကိစ္စ၊ ၁-ဌာန | ၆၈ | ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ်-၃(ပဉ္စဒွါရာဝဇ္ဇန်း+ သမ္ပဋိစ္ဆိုင်းဒွေး)၊ ဇောစိတ်-၅၅ |
| ၂ | ၂-ကိစ္စ၊ ၂-ဌာန (သန္တီရဏ၊ တဒါရုံ) (ဝုဋ္ဌော၊ အာဝဇ္ဇန်း) | ၂ | သောမနဿသန္တီရဏ-၁၊ မနောဒွါရာဝဇ္ဇန်း-၁ |
| ၃ | ၃-ကိစ္စ၊ ၃-ဌာန (ပဋိသန္ဓေ၊ ဘဝင်၊ စုတိ) | ၉ | မဟဂ္ဂုတ်ဝိပါက်စိတ်-၉ |
| ၄ | ၄-ကိစ္စ၊ ၄ ဌာန (ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ) | ၈ | မဟာဝိပါက်စိတ်-၈ |
| ၅ | ၅-ကိစ္စ၊ ၅-ဌာန (ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ၊ သန္တီရဏ) | ၂ | ဥပေက္ခာသန္တီရဏစိတ်-၂ |

## (၄) ဒွါရသင်္ဂဟ

(ဒွါရအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ရေတွက်ရာသင်္ဂဟ)

ဒွါရ = ဒွိ + အရ

၂-မျိုး + သွားစရာ

ဝင်ခြင်း၊ ထွက်ခြင်း + ဆောင်ရွက်ပြုလုပ်ရာဌာန

ကိစ္စ ၂-မျိုး တံခါးပေါက်

ပကတိတံခါးပေါက်သည် လူတို့ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့ စက္ခုပသာဒ စသော တံခါးပေါက်များသည်လည်း စက္ခုဒွါရိကဝီထိ စသည်တို့ဝင်ရောက်သည့်ပမာ ဖြစ်၍ ဒွါရမည်ပါသည်။

လူတစ်ယောက်တွင် စိတ်ထွက်စရာ တံခါးပေါက် ၆-ခုရှိသည်။ စိတ်သည် ရုပ်တံခါး ၅-ပေါက်မှလည်းကောင်း၊ နာမ်တံခါးပေါက် ၁-ပေါက်မှလည်းကောင်း ထွက်သည်။

မျက်စိတံခါးပေါက်ထဲသို့ အဆင်းဝင်၏။ ဥပမာ-ပန်းတစ်ပွင့်၊ စာအုပ်တစ်အုပ်ကို မြင်သည်ဆိုရာ၌ ပန်း၊ စာအုပ်များ မျက်စိထဲဝင်သည်မဟုတ်၊ ပန်း၊ စာအုပ်တွင်ရှိသော အရောင်အဆင်းများကသာလျှင် မျက်စိထဲဝင်ခြင်းဖြစ်သည်။

မျက်စိတံခါးပေါက်ထဲမှ အဆင်းကိုသိသောစိတ်သည် ပြန်ထွက်သည်။

ထိုကဲ့သို့ပင် နားတံခါးပေါက်ထဲသို့ အသံဝင်၏။ နားတံခါးပေါက်ထဲမှ အသံကို သိသောစိတ်သည် ပြန်ထွက်သည်။

အလားတူ -နှာခေါင်းတံခါးပေါက်ထဲသို့ အနံ့သည်လည်းကောင်း၊
-လျှာတံခါးပေါက်ထဲသို့ အရသာသည်လည်းကောင်း၊
-ကိုယ်တံခါးပေါက်ထဲသို့ အတွေ့အထိသည်လည်းကောင်း ဝင်ကြ၍ ထိုတံခါးပေါက်အသီးသီးမှ သိသောစိတ်များ အသီးသီးပြန်ထွက်ကြပါသည်။

ရုပ်တံခါးပေါက်များထဲသို့ သက်ဆိုင်ရာ အာရုံတစ်ခုစီသာ ဝင်၍ရသည်။

မမြင်-မကြားဘဲ စိတ်နှင့် တွေ့သိသောအာရုံတို့သည် စိတ်ထဲသို့ ဝင်လာကြသည်။ စိတ်ထဲမှ ထိုအာရုံတို့ကို သိသောစိတ်သည် ပြန်ထွက်သည်။

စိတ်ထဲ၌ အာရုံအားလုံးတို့ကို တွေးတောစဉ်းစားကြည့်၍ရသည်။

## ဒွါရ–၆ ပါး

| စဉ် | ဒွါရ | | တရားကိုယ် |
|---|---|---|---|
| ၁ | စက္ခုဒွါရ | အဆင်းအာရုံဝင်ရောက်ရာ မျက်စိအကြည်ဓာတ် | စက္ခုပသာဒ |
| ၂ | သောတဒွါရ | အသံအာရုံဝင်ရောက်ရာ နားအကြည်ဓာတ် | သောတပသာဒ |
| ၃ | ဃာနဒွါရ | အနံ့အာရုံဝင်ရောက်ရာ နှာအကြည်ဓာတ် | ဃာနပသာဒ |
| ၄ | ဇိဝှါဒွါရ | အရသာဝင်ရောက်ရာ လျှာအကြည်ဓာတ် | ဇိဝှါပသာဒ |
| ၅ | ကာယဒွါရ | အထိအတွေ့ဝင်ရောက်ရာ ကိုယ်အကြည်ဓာတ် | ကာယပသာဒ |
| ၆ | မနောဒွါရ | စိတ်ကူးအာရုံစသောအာရုံ ၆-ပါး ဝင်ရောက်ရာစိတ်တံခါးပေါက် | * ဘဝင်္ဂပစ္ဆေဒ ၁၉ (ဟဒယဝတ္ထု) |

* ဘဝင်စိတ် ၁၉ (ဉပေက္ခာ သန္တီရဏ ၂၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉)

## အကုသိုလ်စိတ် ဒွါရသင်္ဂဟ

| စဉ် | စိတ် | ပေါင်း | ဒွါရများ |
|---|---|---|---|
| ၁ | လောဘမူစိတ်-၈ ဒေါသမူစိတ်-၂ မောဟမူစိတ်-၂ | ၆ | စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ၊ |

## အဟိတ်စိတ် ဒွါရသင်္ဂဟ

| စဉ် | စိတ် | ပေါင်း | ဒွါရများ |
|---|---|---|---|
| ၁ | စက္ခုဝိညာဏ်ဒွေး | ၁ | စက္ခုဒွါရ |
| ၂ | သောတဝိညာဏ်ဒွေး | ၁ | သောတဒွါရ |
| ၃ | ဃာနဝိညာဏ်ဒွေး | ၁ | ဃာနဒွါရ |
| ၄ | ဇိဝှါဝိညာဏ်ဒွေး | ၁ | ဇိဝှါဒွါရ |
| ၅ | ကာယဝိညာဏ်ဒွေး | ၁ | ကာယဒွါရ |
| ၆ | မနောဓာတ် ၃-ပါး | ၅ | စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ |
| ၇ | သောမနဿသန္တီရဏ | ၆ | စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဒွါရ၊ |
| ၈ | ဥပေက္ခာသန္တီရဏ-၂ပါး | ၆ | (အနေကန်) ရံခါ ၆-ဒွါရဖြစ်၍ ရံခါ ၆-ဒွါရမှ လွတ်၊ |
| ၉ | မနောဒွါရာဝဇ္ဇန်း | ၆ | စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဒွါရ၊ |
| ၁၀ | ဟသိတုပ္ပါဒ် | ၆ | စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဒွါရ၊ |

## ကာမာဝစရ သောဘနစိတ် ဒွါရသင်္ဂဟ

| စဉ် | စိတ် | ပေါင်း | ဒွါရများ |
|---|---|---|---|
| ၁ | မဟာကုသိုလ်စိတ်-၈ | ၆ | စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊မနောဒွါရ၊ |
| ၂ | မဟာဝိပါက်စိတ်-၈ | ၆ | (အနေကန်) ရံခါ ၆-ဒွါရဖြစ်၍ ရံခါ ၆-ဒွါရမှ လွတ်၊ |
| ၃ | မဟာကြိယာစိတ်-၈ | ၆ | စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ မနောဒွါရ၊ |

## မဟဂ္ဂုတ်စိတ် ဒွါရသင်္ဂဟ

| စဉ် | စိတ် | | ပေါင်း | ဒွါရများ |
|---|---|---|---|---|
| ၁ | မဟဂ္ဂုတ်ကုသိုလ် | ၉ | ၁ | မနောဒွါရ |
| ၂ | မဟဂ္ဂုတ်ဝိပါက် | ၉ | | ၆-ဒွါရမှလုံးဝလွတ်၊ |
| ၃ | မဟဂ္ဂုတ်ကြိယာစိတ် | ၉ | ၁ | မနောဒွါရ |

## လောကုတ္တရာစိတ် ဒွါရသင်္ဂဟ

| စဉ် | စိတ် | ပေါင်း | ဒွါရများ |
|---|---|---|---|
| ၁ | မဂ်စိတ်-၄<br>ဖိုလ်စိတ်-၄ | ၁ | မနောဒွါရ |

## စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး

တီ -န -ဒ -ပ -စ -သံ -ဏ - ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ

၁ -၂ -၂ - ၃ - ၁ ကာမဇော-၂၉ ၈

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ------ | ၁ |
| စက္ခုဝိညာဏ် | ------ | ၂ |
| သမ္ပဋိစ္ဆိုင်း | ------ | ၂ |
| သန္တီရဏ | ------ | ၃ |
| ဝုဋ္ဌော | ------ | ၁ |
| ကာမဇော | ------ | ၂၉ |
| တဒါရုံ | ------ | ၈ |

စက္ခုဒွါရသို့ အဆင်းအာရုံသည် ဝင်၍ စက္ခုဒွါရမှစိတ် ၄၆-ခု ထွက်သည်။ စက္ခုဒွါရမှ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ခုထွက်သည်။ ထို့ပြင် အဆင်းအာရုံကိုသိရာ စက္ခုဝိညာဏ်စိတ်သည်လည်း ဖြစ်ပေါ်လာ၏။

မျက်စိမှ ကြားသော၊ နံသော၊ စားသောအလုပ်များ မထွက်နိုင်ပါ။ မြင်သော အလုပ်သာ ထွက်ပါမည်။ မျက်စိသည် မြင်သောအလုပ်တစ်ခုကိုသာ လုပ်နိုင်သည်။ မြင်ခြင်းအလုပ်ကို ဆောင်ရွက်ရာတွင်လည်း-

(က) ကောင်းသောအကျိုး-ကုသလဝိပါက်စက္ခုဝိညာဏ်စိတ်

(ခ) မကောင်းသောအကျိုး-အကုသလဝိပါက်စက္ခုဝိညာဏ်စိတ်ဟူ၍ နှစ်မျိုးရှိသည်။

အဆင်းကိုလက်ခံသော သမ္ပဋိစ္ဆိုင်းစိတ်သည်လည်း မျက်စိထဲက ထွက်မည်။ စုံစမ်းသောသန္တီရဏစိတ်သည်လည်း မျက်စိထဲကထွက်သည်။ ကောင်းသည်ဆိုးသည်၊ ပျော်ဖွယ်ရာဖြစ်သည်၊ စိတ်ညစ်စရာဖြစ်သည် ဟူ၍ စုံစမ်းစစ်ဆေးပေးသည်။

- ဆုံးဖြတ်မှုပေးသော ဝုဋ္ဌောစိတ်တစ်ခုသည်လည်း မျက်စိပေါက်ကထွက်သည်။
- ကာမဇော ၂၉-သည် မျက်စိတံခါးပေါက်ကထွက်သည်။
- ကောင်းသောအဆင်းဝင်လာသော် လောဘစိတ် ပြန်ထွက်သည်။
- မကောင်းသောအဆင်းဝင်လာသော် ဒေါသစိတ် ပြန်ထွက်သည်။
- ကာမဇောထဲတွင် လောဘ၊ ဒေါသ၊ မောဟစိတ်များ ပါဝင်သည်။

**ဥပမာ** - လူတစ်ယောက်သည် လှပသောအရာတစ်ခုကိုမြင်သော် လိုချင်လာသည်။ ခိုးယူသည်။ ထိုသူသည် လောဘအရင်းခံသော အကုသိုလ်ကို ဆောင်ရွက်ပြီးဖြစ်သည်။

- အရောင်အဆင်းအာရုံမကောင်းသည်ကိုမြင်လျှင်မူကား အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်ပင် ဖြစ်ပေါ်သည်။
- ဟသိတုပ္ပါဒ်၊ မဟာကြိယာစိတ်များသည် ရိုးရိုးသာမန်လူတို့မျက်စိက မထွက်ပါ။ ဘုရား၊ ရဟန္တာတို့မျက်စိမှသာ ထွက်သည်။
- မဟာဝိပါက်စိတ်သည် မျက်စိတံခါးပေါက်မှ တဒါရုံကိစ္စနှင့်ထွက်သည်။

- ရိုးရိုးသာမန်လူတို့၏ မျက်စိတံခါးပေါက်မှ စိတ်-၃၇ သာ ထွက်သည်။

| | | |
|---|---|---|
| စက္ခုဒွါရ၌ဖြစ်သောစိတ် | ၄၆ | |
| ဟသိတုပ္ပါဒ်+မဟာကြိယာဇော | ၉ | ကို နုတ်သော် |
| | ၃၇ | ကျန်မည် |

စက္ခုဒွါရမှ စိတ် ၄၆-ပါး ထွက်သလို သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဒွါရတို့မှလည်း ၄၆-ပါးသောစိတ်များ ထွက်သည်။

## စိတ် -၈၉ ပါး ဒွါရသင်္ဂဟ

| စဉ် | ဒွါရ | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | စက္ခုဒွါရ | ၄၆ | ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်း ဒွေး၊ သန္တီရဏ-၃၊ ဝုဋ္ဌော၊ ကာမဇော-၂၉၊ တဒါရုံ(မဟာဝိပါက်-၈) |
| ၂ | သောတဒွါရ | ၄၆ | သောတဝိညာဏ်ဒွေးပြောင်းယူ |
| ၃ | ဃာနဒွါရ | ၄၆ | ဃာနဝိညာဏ်ဒွေးပြောင်းယူ |
| ၄ | ဇိဝှါဒွါရ | ၄၆ | ဇိဝှါဝိညာဏ်ဒွေးပြောင်းယူ |
| ၅ | ကာယဒွါရ | ၄၆ | ကာယဝိညာဏ်ဒွေးပြောင်းယူ |
| ၆ | မနောဒွါရ | ၆၇ | မနောဒွါရာဝဇ္ဇန်း၊ ဇော-၅၅၊ တဒါရုံ -၁၁ |

* ဇော ၅၅ = ကာမဇော - ၂၉ + အပ္ပနာဇော - ၂၆

* တဒါရုံ - ၁၁ = သန္တီရဏ - ၃ + မဟာဝိပါက်စိတ် - ၈

## ၁–ဒွါရစသည်ဖြစ်သောစိတ် –၈၉ ပါး

| စဉ် | ဒွါရ | ပေါင်း | စိတ် |
|---|---|---|---|
| ၁ | ၁-ဒွါရဖြစ် | ၃၆ | ဒွေးပဉ္စဝိညာဏ်-၁၀၊ အပ္ပနာဇော-၂၆ |
| ၂ | ၅-ဒွါရဖြစ် | ၃ | ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး၊ |
| ၃ | ၆-ဒွါရဖြစ် | ၃၁ | သောမနဿသန္တီရဏ-၁၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉ |
| ၄ | ရံခါ ၆-ဒွါရဖြစ်<br>ရံခါ ၆-ဒွါရမှလွတ် | ၁၀ | ကာမပဋိသန္ဓေ-၁၀<br>(ဥပေက္ခာသန္တီရဏ-၂၊ မဟာဝိပါက်-၈) |
| ၅ | အချင်းခပ်သိမ်း<br>၆ ဒွါရမှလွတ် | ၉ | မဟဂ္ဂုတ်ဝိပါက်စိတ်-၉ |

## ဒွါရဝိမုတ်စိတ်

- ဥပေက္ခာသန္တီရဏ-၂၊ မဟာဝိပါက်-၈၊ မဟဂ္ဂုတ်ဝိပါက်စိတ်-၉ ဟူသော ဘဝင်စိတ် ၁၉-ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်ကြသော စိတ်များ ဖြစ်ကြသည်။
- ထိုစိတ် ၁၉-ပါးသည် ဇနကကံ(အတိတ်ကံ)အဟုန်သက်သက်ကြောင့်သာဖြစ်၍ ဒွါရ ၆-ပါးမှလွတ်သည်။ ထို့ကြောင့် ဒွါရဝိမုတ်စိတ် ဟုခေါ်သည်။
- ထိုစိတ်များသည် လွန်ခဲ့သောဘဝ မရဏာသန္နဇော၏အာရုံဖြစ်သော ကံ-ကမ္မနိမိတ် စသည်တို့ကိုသာ အာရုံပြုသည်။

## ဒွါရမှ အမြဲလွတ်ပုံ

မဟဂ္ဂုတ်ဝိပါက် ၉-ပါးကား ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စမှတစ်ပါး အခြား ကိစ္စမတပ်သောကြောင့် ၆-ဒွါရမှ လွတ်ပါသည်။

## ၆–ဒွါရ ရုံခါဖြစ်၍ ရုံခါလွတ်ပုံ

- မဟာဝိပါက်စိတ် ၈ ပါးသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်ခိုက် ၆-ဒွါရမှ လွတ်၍ တဒါရုံကိစ္စတပ်ခိုက် ၆-ဒွါရ၌ ဖြစ်သည်။
- ဥပေက္ခာသန္တီရဏ ၂-ပါးသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်ခိုက် ၆-ဒွါရမှ လွတ်၍ တဒါရုံနှင့် သန္တီရဏကိစ္စတပ်ခိုက် ၆-ဒွါရ၌ ဖြစ်သည်။

## စေတသိက်ရေတွက်ပြခြင်း

- အပ္ပမညာဒွေးသည် သတ္တဝါပညတ်တရားကိုသာ အာရုံပြုသည်။
- စက္ခုဒွါရ စသော ၅-ဒွါရတို့ကား ရူပါရုံစသော ပရမတ်တရားတို့ကို အာရုံပြုသော စိတ်၊ စေတသိက်များ ဖြစ်ပါသည်။
- ထို့ကြောင့် အပ္ပမညာဒွေးသည် စက္ခုစသော ၅-ဒွါရ၌ မဖြစ်ထိုက်၊ မနောဒွါရ၌သာ ဖြစ်ထိုက်သည်။
- ကျန်စေတသိက် ၅၀-ကား ၆-ဒွါရလုံး၌ ဖြစ်ထိုက်သည်။

# (၅) အာရမ္မဏသင်္ဂဟ

## (အာရုံတို့ကိုမှုတည်၍ စိတ်၊ စေတသိက်တို့ကို ပေါင်းစုရေတွက်ပြခြင်း)

အာရမ္မဏ = အာ + ရမ္မဏ

လာ၍ + မွေ့လျော်ရာ

စိတ်၊ စေတသိက်တို့လာ၍မွေ့လျော်ရာ၊ သိရာကို အာရုံခေါ်သည်။

**အာရမ္မဏ**

- ဥယျာဉ် ပန်းမန်တို့သည် လူတို့၏မွေ့လျော်ရာဖြစ်သကဲ့သို့ ရူပ၊ သဒ္ဒစသော ၆-ပါးသောတရားအစုတို့သည်လည်း စိတ်၊ စေတသိက်တို့၏ မွေ့လျော်ရာဖြစ်ကြ၍ အာရမ္မဏ(အာရုံ) ဖြစ်ပါသည်။

**အာလမ္ဗန**

- တောင်ဝှေး၊ ကြိုးတန်းသည် မသန်စွမ်းသူတို့အား ဆွဲကိုင်မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပ၊ သဒ္ဒစသော ၆-ပါးသောတရားအစုတို့သည်လည်း စိတ်၊ စေတသိက်တို့၏ မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာလမ္ဗန မည်ပါသည်။

တောင်ဝှေး,ကြိုးတန်းသည် မသန်စွမ်းသူအား ဆွဲကိုင်ရာ တည်ရာအဖြစ် ကျေးဇူးပြုသကဲ့သို့ ဤရူပါရုံစသော အာရုံ ၆-ပါးတရားစုသည် စိတ်,စေတသိက်တို့၏ ဆွဲကိုင်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာရုံမည်ပါသည်။

စိတ်သည်အာရုံကို သိရုံသာသိသည်။ စေတသိက်နှင့်ရောၡ၍သာ (၈၉/၁၂၁) ဖြစ်ရသည်။

**ဥပမာ-** မိုးရေသည် ပကတိအဖြူဖြစ်သည်။ ဆေးရောင်ဆိုး၍ အရောင်ပြောင်းလဲသွားရသည်။ အထည်အဝတ်ဆေးဆိုးရာ၌ အထည်ဝတ်၌ဆေးသာစွဲကျန်ရစ်သည်။ ရေကခြောက်သွေ့သွားသည်။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ပသာဒရုပ်-၅ပါး၊ သုခုမရုပ်-၁၆၊ စိတ်-၁ (၈၉)၊ စေတသိက် ၅၂-ဟူသော သိမ်မွေ့သောဓမ္မာရုံနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်-ပညတ်တို့ကိုပါ သိနိုင်သည်။

**နိဗ္ဗာန်** = ငြိမ်းအေးခြင်း

(စိတ်ထဲကိုယ်ထဲ၌ ငြိမ်းအေးခြင်းရှိမှု)

**ဥပမာ -** ၁၀-တန်းအောင်ပြီးသူသည် ၁၀-တန်းဆိုင်ရာစာများကို ကျက်မှတ်ရန် ငြိမ်းအေးသွားသကဲ့သို့ ဖြစ်သည်။

လူတိုင်းသည် တစ်ဒင်္ဂငြိမ်းအေးမှု နိဗ္ဗာန်ကို ရနိုင်ပါသည်။

- ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်တွင်မပါသော်လည်း အမှန်ရှိပါသည်။
- **ဖိုလ်စိတ်**ကို ဆက်ကာဆက်ကာ ဝင်စားနေပြီး ဖိုလ်ဝင်စားနေသူကိုခေါ်၍ မရ၊ **ထိနိုက်သော်လည်း** မသိ၊ နိဗ္ဗာန်ကိုသာမြင်ပြီး အာရုံပြုနေသောကြောင့် အခြားမည်သည့်အာရုံမှုမရှိ ငြိမ်းအေးနေပါသည်။

ပညတ် = ပစ္စုပ္ပန်,အတိတ်,အနာဂတ်တွင် မဖြစ်ပေါ်သည့်နည်းတူ စင်စစ် လည်းမရှိပါ။

**ဥပမာ** - မြေဖြူခဲ-မောင်ဘစသည်တို့သည် အမှန်စင်စစ်မရှိ-ပညတ်ထားမှုကို ပြောခြင်း ဖြစ်သည်။

ဈာန်စိတ် = ပညတ်ကိုသာသိသည်။ အခြားဘာမျှမသိ။ အဆင်း၊ အသံ စသည် ကို မသိ။ ဈာန်ဝင်စားနေ၍ ခေါ်သောအသံကို မကြားရ။

ဘဝင်စိတ် = ဘေးကပြောသောစကားကို ကြားရန် အာရုံမပြု။ ဘဝင်စိတ်သည် သေခါနီး(သို့မဟုတ်) အတိတ်ကပြုလုပ်ခဲ့သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်ခုခုကို မြင်၍ အာရုံပြုသည်။
အိပ်ပျော်နေစဉ်-ဘဝင်စိတ်ဖြစ်၏။

# အာရုံ–အာရမ္မဏိက–တရားကိုယ်ဇယား

| စဉ် | အာရမ္မဏိကတရားမျိုး | | အာရုံများ | တရားကိုယ် | |
|---|---|---|---|---|---|
| ၁။ | စက္ခုဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် ရူပါရုံ | ဝဏ္ဏ | |
| ၂။ | သောတဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် သဒ္ဒါရုံ | သဒ္ဒ | |
| ၃။ | ဃာနဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် ဂန္ဓာရုံ | ဂန္ဓ | |
| ၄။ | ဇိဝှါဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် ရသာရုံ | ရသ | |
| ၅။ | ကာယဒွါရိကစိတ် | ၄၆ | ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ | (ပထဝီ၊တေဇော၊ ဝါယော) | |
| ၆။ | မနောဒွါရိကစိတ် (မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၅၅၊ တဒါရုံ ၁၁) | ၆၇ | ပစ္စုပ္ပန်၊အတိတ်၊ အနာဂါတ်ဖြစ်သော ရူပါရုံစသောအာရုံငါးပါး နှင့် ကာလသုံးပါး၊ | **ဓမ္မာရုံတရား ကိုယ်(၇၆)ပါး** | |
| | | | ကာလဝိမုတ်ဖြစ် | ပသာဒရုပ် | ၅ |
| | | | သောဓမ္မာရုံ - | သုခုမရုပ် | ၁၆ |
| | | | | စိတ်(၈၉) | ၁ |
| | | | | စေတသိက် | ၅၂ |
| | | | ကာလဝိမုတ် { | နိဗ္ဗာန် | ၁ |
| | | | | ပညတ် | ၁ |
| | | | | | ၇၆ |

## အာရုံ ၆-ပါး

| စဉ် | အာရုံများ | အာရုံ၏သဘာဝများ |
|---|---|---|
| ၁။ | ရူပါရုံ | မျက်စိဖြင့် မြင်ကောင်းသောအဆင်း |
| ၂။ | သဒ္ဒါရုံ | နားဖြင့် ကြားကောင်းသောအသံ |
| ၃။ | ဂန္ဓာရုံ | နှာခေါင်းဖြင့် နံကောင်း၊ မွှေးကောင်းသောအနံ့ |
| ၄။ | ရသာရုံ | လျှာဖြင့် သိကောင်းသောအရသာ |
| ၅။ | ဖောဋ္ဌဗ္ဗာရုံ | ကိုယ်ဖြင့် သိကောင်းသောအတွေ့အထိ |
| ၆။ | ဓမ္မာရုံ | ပသာဒရုပ်-၅ပါး၊သုခုမရုပ်-၁၆၊စိတ်-၈၉၊ စေတသိက်-၅၂၊နိဗ္ဗာန်၊ပညတ် |

တစ်နည်း အာရမ္မဏ(အာရုံ) ၄-ပါးရှိသည် -

| စဉ် | အာရုံ | စိတ်၊ စေတသိက်၊ ရုပ် | |
|---|---|---|---|
| ၁။ | ကာမအာရုံ | ကာမာဝစရစိတ် | ၅၄ |
| | | စေတသိက် | ၅၂ |
| | | ရုပ် | ၂၈ |
| ၂။ | မဟဂ္ဂုတ်အာရုံ | မဟဂ္ဂုတ်စိတ် | ၂၇ |
| | | စေတသိက် | ၃၅ |
| ၃။ | ပညတ်အာရုံ | ပညတ်တရားများ (ကသိုဏ်း ၁၀၊အသုဘ ၁၀ပါး၊ ၃၂ကောဋ္ဌာသဟုဆိုသော ကာယပညတ်တစ်ပါး၊အာနာပါနပညတ်၊ သတ္တဝါပညတ်၊ ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ်) | |
| ၄။ | အပ္ပမာဏအာရုံ (လောကုတ္တရာအာရုံ) | လောကုတ္တရာစိတ် | ၈ |
| | | စေတသိက် | ၃၆ |
| | | နိဗ္ဗာန် | ၁ |

## ဒွါရဝိမုတ်စိတ် ၁၉ ပါး-၏အာရုံ

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော-

- ဥပေက္ခာ သန္တီရဏစိတ် ၂
- မဟာဝိပါက်စိတ် ၈
- မဟဂ္ဂုတ်ဝိပါက်စိတ် ၉

------
၁၉
------

ဤ ၁၉-ပါးသည် ခြောက်ပါးသောဒွါရတို့မှာ မဖြစ်၍ ဒွါရဝိမုတ်စိတ် ဟု ခေါ်ပါသည်။

ထိုဒွါရဝိမုတ်စိတ် ၁၉-ပါးသည် များသောအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးစ ဘဝဟောင်းမှ မရဏာသန္နဇော၏အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို ထိုက်သလို အာရုံပြု၏။

ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ဟူသည်ကား အချို့ပစ္စုပ္ပန်၊ အချို့အတိတ်၊ အချို့ကလည်း ကာလဝိမုတ်ပညတ်တရားများဖြစ်ကြသော အာရုံ ၆-ပါးတို့ပင် ဖြစ်ပါသည်။

## စေတသိက်ရေတွက်ခြင်း

အပ္ပမညာသည် ရူပါရုံအစရှိသော အာရုံငါးပါးကို အာရုံမပြု၊ ပညတ်ဓမ္မာရုံ ကိုသာ အာရုံပြုသည်။

ထို့ကြောင့် ရူပါရုံစသော အာရုံငါးပါးစီ၌ အာရုံပြုသောစေတသိက် ၅၀၊ ဓမ္မာရုံကို အာရုံပြုသော စေတသိက် ၅၂ပါး။

## အကုသိုလ်စိတ် အာရမ္မဏ သင်္ဂဟ

| စဉ် | စိတ် | ကာလ | အာရုံ |
|---|---|---|---|
| ၁ | လောဘမူစိတ် ၈-ပါး | ကာလ ၃-ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ |
| ၂ | ဒေါသမူစိတ် ၂-ပါး | | |
| ၃ | မောဟမူ ၂-ပါး | ကာလဝိမုတ် | ပညတ်အာရုံ |
| | အကုသိုလ်စိတ် ၁၂ | ကာလ ၃-ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ |

## အဟိတ်စိတ် အာရမ္မဏ သင်္ဂဟ

| စဉ် | စိတ် | ကာလ | အာရုံ |
|---|---|---|---|
| ၁ | စက္ခုဝိညာဏ်ဒွေး | ပစ္စုပ္ပန် | ရူပါရုံ |
| ၂ | သောတဝိညာဏ်ဒွေး | ပစ္စုပ္ပန် | သဒ္ဒါရုံ |
| ၃ | ဃာနဝိညာဏ်ဒွေး | ပစ္စုပ္ပန် | ဂန္ဓာရုံ |
| ၄ | ဇိဝှါဝိညာဏ်ဒွေး | ပစ္စုပ္ပန် | ရသာရုံ |
| ၅ | ကာယဝိညာဏ်ဒွေး | ပစ္စုပ္ပန် | ဖောဋ္ဌဗ္ဗာရုံ |
| ၆ | မနောဓာတ် ၃-ပါး | ပစ္စုပ္ပန် | အာရုံငါးပါးလုံး |
| ၇ | သန္တီရဏစိတ် ၃ ပါး | ကာလ ၃-ပါး | အာရုံငါးပါး<br>ကာမဓမ္မာရုံ |
| ၈ | မနောဒွါရာဝဇ္ဇန်း | ကာလ ၃ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ<br>လောကုတ္တရာအာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ<br>နိဗ္ဗာန်အာရုံ |
| ၉ | ဟသိတုပ္ပါဒ် | ကာလ ၃-ပါး | အာရုံငါးပါး<br>ကာမဓမ္မာရုံ |
| | အဟိတ်စိတ် -၁၈ | ကာလ ၃-ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ<br>လောကုတ္တရာအာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ<br>နိဗ္ဗာန်အာရုံ |

# ကာမာဝစရသောဘနစိတ် အာရမ္မဏ သင်္ဂဟ

| စဉ် | စိတ် | ကာလ | အာရုံ |
|---|---|---|---|
| ၁ | မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ | ကာလ ၃-ပါး | ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ (အရဟတ္တမဂ်-အရဟတ္တဖိုလ်ကြဉ်) လောကုတ္တရာအာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ၊ နိဗ္ဗာန်အာရုံ |
| ၂ | မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄ | ကာလ ၃-ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ |
| ၃ | မဟာဝိပါက်စိတ် ၈ပါး | ကာလ ၃-ပါး | ကာမအာရုံ |
| ၄ | မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ | ကာလ ၃-ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ<br>လောကုတ္တရာအာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ<br>နိဗ္ဗာန်အာရုံ |
| ၅ | မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄ | ကာလ ၃-ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ |
| | ကာမာဝစရစိတ် -၂၄ | ကာလ ၃-ပါး | ကာမအာရုံ<br>မဟဂ္ဂုတ်အာရုံ<br>လောကုတ္တရာအာရုံ |
| | | ကာလဝိမုတ် | ပညတ်အာရုံ<br>နိဗ္ဗာန်အာရုံ |

## မဟဂ္ဂုတ်စိတ် အာရမ္မဏ သင်္ဂဟ

| စဉ် | စိတ် | ကာလ | အာရုံ |
|---|---|---|---|
| ၁ | အဘိညာဉ်ဒွေးကြဉ်<br>ရူပါဝစရစိတ် ၁၅ | ကာလဝိမုတ် | ပညတ်အာရုံ |
| ၂ | အာကာသနဉ္စာယတနစိတ် ၃-ပါး<br>အာကိဉ္စညာယတန စိတ် ၃-ပါး<br>=ပေါင်း ၆-ပါး | ကာလဝိမုတ် | ပညတ်အာရုံ |
| ၃ | ဝိညာဏဉ္စာယတန စိတ် ၃-ပါး<br>နေဝသညာနာသညာယတန<br>စိတ် ၃-ပါး=ပေါင်း ၆-ပါး | အတိတ် | မဟဂ္ဂုတ်အာရုံ |
| | မဟဂ္ဂုတ် ၂၇ | အတိတ်<br>ကာလဝိမုတ် | မဟဂ္ဂုတ်အာရုံ<br>ပညတ်အာရုံ |

## အဘိညာဉ်ဒွေး အာရမ္မဏ သင်္ဂဟ

| စဉ် | စိတ် | ကာလ | အာရုံ |
|---|---|---|---|
| ၁ | ရူပါဝစရကုသိုလ်<br>ပဥ္စမဈာန် အဘိညာဉ် | ကာလ ၃-ပါး<br><br><br>ကာလဝိမုတ် | ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊<br>(အရဟတ္တမဂ်-အရဟတ္တဖိုလ်<br>ကြဉ်)လောကုတ္တရာအာရုံ<br>ပညတ်အာရုံ၊ နိဗ္ဗာန်အာရုံ |
| ၂ | ရူပါဝစရကြိယာ<br>ပဥ္စမဈာန်အဘိညာဉ် | ကာလ ၃-ပါး<br><br>ကာလဝိမုတ် | ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊<br>လောကုတ္တရာအာရုံ<br>ပညတ်အာရုံ၊ နိဗ္ဗာန်အာရုံ |
| | အဘိညာဉ်ဒွေး | ကာလ ၃-ပါး<br>ကာလဝိမုတ် | ကာမ၊ မဟဂ္ဂုတ်၊ လောကုတ္တရာ<br>ပညတ်၊ နိဗ္ဗာန်၊ |

## လောကုတ္တရာစိတ် အာရမ္မဏ သင်္ဂဟ

| စဉ် | စိတ် | ကာလ | အာရုံ |
|---|---|---|---|
| | လောကုတ္တရာစိတ်<br>၈ -ပါး | ကာလဝိမုတ် | နိဗ္ဗာန်အာရုံ |

**ဖောဋ္ဌဗ္ဗာရုံ၌ အာပေါဓာတ်မရပုံ**

အာပေါဓာတ်သည် အလွန်သိမ်မွေ့သောကြောင့် ဖောဋ္ဌဗ္ဗ မမည်ထိုက်သောကြောင့် ဖောဋ္ဌဗ္ဗာရုံ၌ အာပေါဓာတ်မရပါ။

**နိဗ္ဗာန်နှင့်ပညတ်သည် ကာလဝိမုတ် (ကာလ ၃-ပါးမှ လွတ်မှု)**

- နိဗ္ဗာန်သည် မပျက်မစီး၊ အမြဲတည်၍ ကာလသုံးပါးအားဖြင့် ခွဲဝေ၍မရကောင်းသောကြောင့် ကာလဝိမုတ် မည်ပါသည်။
- ပညတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် အထင်အရှား မရှိ၍ ကာလသုံးပါးအားဖြင့် ခွဲဝေမရကောင်းသောကြောင့် ကာလဝိမုတ်မည်ပါသည်။

## စိတ် -၈၉ အာရမ္မဏသင်္ဂဟ

| စဉ် | အာရုံ | စိတ်ပေါင်း | ဧကန်-အနေကန် | စိတ်သရုပ် | |
|---|---|---|---|---|---|
| ၁ | ကာမ အာရုံ | ၅၆ | ဧကန် ၂၅-ပါး | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| | | | | ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| | | | | သမ္ပဋိစ္ဆိုင်းဒွေး | ၂ |
| | | | | သန္တီရဏ | ၃ |
| | | | | ဟသိတုပ္ပါဒ် | ၁ |
| | | | | မဟာဝိပါက်စိတ် | ၈ |
| | | | | | ၂၅ |
| | | | အနေကန် အာရုံပြု ၃၁ ပါး | အကုသိုလ်စိတ် | ၁၂ |
| | | | | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | မဟာကုသိုလ်စိတ် | ၈ |
| | | | | မဟာကြိယာစိတ် | ၈ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၃၁ |

| | | | | | |
|---|---|---|---|---|---|
| ၂ | | ၃၇ | ဇောနက်အာရုံပြု | ဝိညာဏဉ္စာယတနစိတ် | ၃ |
| | | | ၆-ပါး | နေဝသညာနာသညာ | |
| | | | | ယတနစိတ် | ၃ |
| | | | | | ၆ |
| | မဟဂ္ဂုတ် | | အနေကန် | အကုသိုလ်စိတ် | ၁၂ |
| | အာရုံ | | အာရုံပြု ၃၁ ပါး | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | မဟာကုသိုလ်စိတ် | ၈ |
| | | | | မဟာကြိယာစိတ် | ၈ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၃၁ |
| ၃ | | ၅၂ | ဇောနက်အာရုံပြု | အဘိညာဉ်ဒွေးကြဉ် | |
| | | | ၂၁ ပါး | ရူပါဝစရစိတ် | ၁၅ |
| | | | | အာကာသာနဉ္စာယတနစိတ် | ၃ |
| | | | | အကိဉ္စညာယတနစိတ် | ၃ |
| | ပညတ် | | | | ၂၁ |
| | အာရုံ | | အနေကန် | အကုသိုလ်စိတ် | ၁၂ |
| | | | အာရုံပြု ၃၁ ပါး | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | မဟာကုသိုလ်စိတ် | ၈ |
| | | | | မဟာကြိယာစိတ် | ၈ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၃၁ |

| | | | | | |
|---|---|---|---|---|---|
| ၄ | | ၁၉ | ဇောကန်အာရုံပြု ၈-ပါး | လောကုတ္တရာစိတ် | ၈ |
| | လောကုတ္တရာ အာရုံ (အပ္ပမာဏ အာရုံ) | | အနေကန် အာရုံပြု ၁၁ ပါး | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | မဟာကုသိုလ် ဉာဏသမ္ပယုတ် | ၄ |
| | | | | မဟာကြိယာ ဉာဏသမ္ပယုတ် | ၄ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၁၁ |

**မနောဒွါရာဝဇ္ဇန်း အလုံးစုံအာရုံပြုသည်ဆိုရာဝယ်-**

- ဘုရားရှင်၏ သန္တာန်တော်၌ဖြစ်ခိုက်သာ အလုံးစုံကို အာရုံပြုသည်။
- ကျန်ပုဂ္ဂိုလ်များ၌ အလုံးစုံအကုန်မကျန် အာရုံမပြုနိုင်ပါ။

**မဟဂ္ဂုတ်ဇောကန်အာရုံပြုသည်ဆိုရာဝယ်---**

- ဝိညာဏဉ္စာယတနစိတ် ၃ ပါးသည် - အတိတ်ဖြစ်သော အာကာသာနဉ္စာယတနစိတ်ကိုလည်းကောင်း
- နေဝသညာနာသညာယတနစိတ် ၃ ပါးသည် - အတိတ်ဖြစ်သော အာကိဉ္စညာယတနစိတ်ကိုလည်းကောင်း

အာရုံပြုကြပါသည်။ ထိုသို့ အာရုံပြုရာ၌လည်း-

- ကုသိုလ်၊ ဝိပါက်စိတ်တို့က ကုသိုလ်စိတ်ကို အာရုံပြု၏။
- ကြိယာစိတ်က ကုသိုလ်၊ ကြိယာစိတ်ကို အာရုံပြု၏။

# စိတ် –၈၉ အာရမ္မဏသင်္ဂဟ

| စဉ် | အာရုံ | စိတ်ပေါင်း | ကေန်-အနေကန် | စိတ်သရုပ် | |
|---|---|---|---|---|---|
| ၁ | ပစ္စုပ္ပန် အာရုံ | ၅၆ | ကေန် အာရုံပြု ၁၃ ပါး | ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| | | | | ဒွေးပဉ္စဝိညာဏ် | ၁၀ |
| | | | | သမ္ပဋိစ္ဆိုင်းဒွေး | ၂ |
| | | | | | ၁၃ |
| | | | အနေကန် အာရုံပြု ၄၃ ပါး | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | ကာမဇော | ၂၉ |
| | | | | တဒါရုံ | ၁၁ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၄၃ |
| ၂ | အတိတ် အာရုံ | ၄၉ | ကေန်အာရုံပြု ၆–ပါး | ဝိညာဏဉ္စာယတနစိတ် | ၃ |
| | | | | နေဝသညာနာသညာယတနစိတ် | ၃ |
| | | | | | ၆ |
| | | | အနေကန် အာရုံပြု ၄၃ ပါး | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | ကာမဇော | ၂၉ |
| | | | | တဒါရုံ | ၁၁ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၄၃ |
| ၃ | အနာဂတ် အာရုံ | ၄၃ | ကေန်အာရုံပြု | မရှိ | |
| | | | အနေကန် အာရုံပြု ၄၃ ပါး | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | ကာမဇော | ၂၉ |
| | | | | တဒါရုံ | ၁၁ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၄၃ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ကာလ ဝိမုတ် အာရုံ | ၆၀ | ဧကန်အာရုံပြု ၂၉-ပါး | အဘိညာဉ်ဒွေးကြဉ် | |
| | | | | ရူပါဝစရစိတ် | ၁၅ |
| | | | | အာကာသာနဉ္စာယတနစိတ် | ၃ |
| | | | | အကိဉ္စညာယတနစိတ် | ၄ |
| | | | | လောကုတ္တရာစိတ် | ၈ |
| | | | | | ၂၉ |
| | | | အနေကန် အာရုံပြု ၃၁ ပါး | အကုသိုလ်စိတ် | ၁၂ |
| | | | | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | | မဟာကုသိုလ်စိတ် | ၈ |
| | | | | မဟာကြိယာစိတ် | ၈ |
| | | | | အဘိညာဉ်ဒွေး | ၂ |
| | | | | | ၃၁ |
| | ကာလ ၃-ပါး | ၁၂ | | သန္တီရဏစိတ် | ၃ |
| | | | | ဟသိတုပ္ပါဒ် | ၁ |
| | | | | မဟာဝိပါက်စိတ် | ၈ |
| | | | | | ၁၂ |

ကာမဇော - ၂၉ (အကု-၁၂၊ မဟာကု-၈၊ မဟာကြိ-၈၊ ဟသိတုပ္ပါဒ်-၁)
အပ္ပနာဇော - ၂၆ (မဟဂ္ဂုတ်-၉၊ ကြိ-၉၊ လောကုတ်-၈)

အဘိညာဉ်ဒွေး - အဘိညာဉ်ကို ကိစ္စပြီးမြောက်အောင် ပွားများအားထုတ်၍ တန်ခိုး ဣဒ္ဓိပါဒ် ထမြောက်ကြီးမြတ်မှုကို ဖြစ်စေသောစိတ် ၂-ပါး-

(၁) ရူပါဝစရကုသိုလ် ပဉ္စမဈာန်

(၂) ရူပါဝစရကြိယာ ပဉ္စမဈာန်

၁။ **လောကုတ္တရာအာရုံမှတစ်ပါး** အခြားအလုံးစုံသောအာရုံတို့ကို ယူနိုင်ကြသော **စိတ်** ၂၀-ပါး:-

| | | |
|---|---|---|
| အကုသိုလ်စိတ် | - | ၁၂ |
| မဟာကုသိုလ်ဉာဏဝိပ္ပယုတ် | - | ၄ |
| မဟာကြိယာဉာဏဝိပ္ပယုတ် | - | ၄ |
| | | ၂၀ |

၂။ **အရဟတ္တမဂ်-ဖိုလ်တို့မှတစ်ပါး** အခြားအလုံးစုံသောအာရုံတို့ကို ယူနိုင်ကြသော **စိတ်** ၅-ပါး:-

| | | |
|---|---|---|
| မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် | - | ၄ |
| ပဉ္စမဈာန်ကုသိုလ်အဘိညာဉ်စိတ် | - | ၁ |
| | | ၅ |

၃။ အကြွင်းမရှိ အလုံးစုံကို အာရုံယူနိုင်ကြသောစိတ် ၆-ပါး:-

| | | |
|---|---|---|
| မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် | - | ၄ |
| ပဉ္စမဈာန်ကြိယာ အဘိညာဉ်စိတ် | - | ၁ |
| မနောဒွါရာဝဇ္ဇန်း | - | ၁ |

## အာရမ္မဏာသင်္ဂဟအချုပ်ဇယား

| အာရုံပြုတတ်သော စိတ်များ | အာရုံပြုခံတရားကိုယ်များ | | | | | အာရုံများ |
|---|---|---|---|---|---|---|
| | စိတ် | စေ | ရုပ် | ပညတ် | နိဗ္ဗာန် | |
| စက္ခုဝိညာဏ်ဒွေး | - | - | ပစ္စုပ္ပန် ရူပါရုံ | - | - | ကာမဇောကန် အာရုံပြု-၂၅ |
| သောတဝိညာဏ်ဒွေး | - | - | ပစ္စုပ္ပန် သဒ္ဒါရုံ | - | - | |
| ဃာနဝိညာဏ်ဒွေး | - | - | ပစ္စုပ္ပန် ဂန္ဓာရုံ | - | - | |
| ဇိဝှာဝိညာဏ်ဒွေး | - | - | ပစ္စုပ္ပန် ရသာရုံ | - | - | |
| ကာယဝိညာဏ်ဒွေး | - | - | ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ | - | - | |
| မနောဓာတ် ၃ ခု | - | - | ပစ္စုပ္ပန် ပဉ္စာရုံ | - | - | |
| တဒါရုံ ၁၁ / ဟသိတုပ္ပါဒ် ၁ } ၁၂ | ကာမ ၅၄ | ၅၂ | ၂၈ | | | |
| အကု ၁၂ / မဟာ ကု ဉာဏ်ဝိ ၄ / မဟာ ကြိ ဉာဏ်ဝိ ၄ / ၂၀ | လောကီ ၈၁ | ၅၂ | ၂၈ | ပညတ် | | လောကုတ်ကြဉ် အလုံးစုံအာရုံပြု |

| | | | | | | |
|---|---|---|---|---|---|---|
| မဟာ ကု ဉာဏ်သမ် ၄<br>ရူပ ကု အဘိညာဉ် ၁<br>၅ | ၈၇ | ၅၂ | ၂၈ | ပညတ် | နိဗ္ဗာန် | အရဟတ္တမဂ်-ဖိုလ်ကြဉ်<br>အလုံးစုံ အာရုံပြု |
| မဟာ ကြိ ဉာဏ်သမ် ၄<br>ရူပ ကြိ အဘိညာဉ် ၁<br>မနောဒွါရာဝဇ္ဇန်း ၁<br>၆ | ၈၉ | ၅၂ | ၂၈ | ပညတ် | နိဗ္ဗာန် | အလုံးစုံအာရုံပြု |
| အဘိညာဉ်ဒွေးကြဉ်<br>ရူပါဝစရစိတ် ၁၅<br>အာကာသာနဉ္စ<br>ကု ဝိ ကြိ ၃<br>အာကိဉ္စညာ<br>ကု ဝိ ကြိ ၃<br>၂၁ | | | | ပညတ် | | ပညတ်(ကေန်) |
| ဝိညာဏဉ္စာယတန<br>ကု ဝိ ကြိ ၃<br>နေဝသညာနာသညာ<br>ကု ဝိ ကြိ ၃<br>၆ | အတိတ်<br>မဟဂ္ဂုတ်<br>ဓမ္မာရုံ | | | | | မဟဂ္ဂုတ်(ကေန်) |
| လောကုတ္တရာ ၈ | | | | | နိဗ္ဗာန် | နိဗ္ဗာန်(ကေန်) |

# (၆) ဝတ္ထုသင်္ဂဟ

စိတ်, စေတသိက်တို့၏ မှီရာရုပ်ကို ဝတ္ထုဟု ခေါ်သည်။ မြေကြီးသည် သက်ရှိ၊ သက်မဲ့တို့အား တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (ပသာဒရုပ်-၅၊ ဟဒယဝတ္ထု-၁)ဤ၆ခြောက်ပါးတို့သည် စိတ်, စေတသိက်တို့အား တည်ရာ မှီရာအဖြစ် ကျေးဇူးပြုတတ်သောကြောင့် ဝတ္ထုမည်ပါသည်။

**ဝတ္ထုရုပ် ၆-ပါး**

**၁။ စက္ခုဝတ္ထု = စက္ခုပသာဒ (မျက်စိအကြည်ဓာတ်)**

မျက်စိအကြည်ဓာတ်သည် မျက်လုံးအိမ်အတွင်း မျက်လွှာ ၇-ထပ်၏ အောက်၌ သန်းဦးခေါင်းပမာဏရှိသော အသားစိုင်ပေါ်၌ တည်ကိန်းသည်။ ယင်းအကြည်ဓာတ်သည် ကံကြောင့်ဖြစ်ပေါ်လာသည်။ ဉာဏ်၊ လုံ့လဖြင့် ပြုပြင်၍ရသောအရာမဟုတ်ပါ။

အဆင်းကို ဖမ်းသည်။

**၂။ သောတဝတ္ထု = သောတပသာဒ (နားအကြည်ဓာတ်)**

နားအကြည်ဓာတ်သည် နားပေါက်၏ အတွင်းဆုံးနေရာ၌ အမွေးပေါ်တွင် ပေါက်သော အမွှေးနုလေးများပေါ်၌ တည်ကိန်းသည်။

အသံကို ဖမ်းသည်။

**၃။ ဃာနဝတ္ထု = ဃာနပသာဒ (နှာအကြည်ဓာတ်)**

နှာအကြည်ဓာတ်သည် နှာခေါင်းပေါက်နှစ်ခုအဆုံးတွင် ဆိတ်ခွါပုံစံနှင့်တူသော အသားစိုင်ပေါ်၌ တည်ကိန်းသည်။

အနံ့ကို ဖမ်းယူသည်။

**၄။ ဇိဝှာဝတ္ထု = ဇိဝှာပသာဒ (လျှာအကြည်ဓာတ်)**

လျှာအကြည်ဓာတ်သည် လျှာ၏အလယ်တွင် ကြာညိုရွက်၏အဖျားပိုင်းပုံစံနှင့်တူသော အသားစိုင်ပေါ်တွင် တည်ကိန်းသည်။

အရသာကို ဖမ်းယူသည်။

**၅။ ကာယဝတ္ထု = ကာယပသာဒ (ကိုယ်အကြည်ဓာတ်)**

ကိုယ်အကြည်ဓာတ်သည် ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်းနှင့် ခြောက်သွေ့သောအရေပြားကို ချန်လှပ်၍ အတွင်းအပြင် ကိုယ်ကာယတစ်ခုလုံး၌ တည်ကိန်းသည်။

အတွေ့အထိကို ဖမ်းယူသည်။

**၆။ ဟဒယဝတ္ထု = ဟဒယ (နှလုံးအကြည်ဓာတ်)**

နှလုံးအကြည်ဓာတ်သည် နှလုံးသား၏အတွင်း သွေးအကြည်ပေါ်၌ ကိန်းသည်။

ထိုဝတ္ထု ၆- ခုလုံးကို 'ကံ'ကပင် ပြုလုပ်သည်။

**ဝိညာဏ = ထူးသောအသိ**

အသိ ၃-မျိုး ရှိသည်-

| | | |
|---|---|---|
| (၁) မနောဓာတ် | - | အာရုံငါးပါးကို သိကာမျှဖြစ်သောဓာတ် (ပဥ္စဒွါရာဝဇ္ဇန်း+ သမ္ပဋိစ္ဆိုင်းဒွေးစိတ်) |
| (၂) ပဥ္စဝိညာဏဓာတ် | - | အသီးသီးသောအာရုံငါးပါးတို့ကို ထင်ရှားသိသောဓာတ်၊ (ဒွေးပဥ္စဝိညာဏ် ၁၀-စိတ်များ) |
| (၃) မနောဝိညာဏဓာတ် | - | အာရုံကို အထူးသိနိုင်သောဓာတ်၊ (ဒွေးပဥ္စဝိညာဏ် ၁၀၊ မနောဓာတ်မှကြွင်းသောစိတ် ၇၆-ပါး) |

**ဝိညာဏစိတ် ၇ ပါး**

| | | |
|---|---|---|
| ၁။ စက္ခုဝိညာဏစိတ် | - | မျက်စိအကြည်မှ ဖြစ်ပေါ်လာသော ထူးသော အသိစိတ်၊ |
| ၂။ သောတဝိညာဏစိတ် | - | နားအကြည်မှဖြစ်ပေါ်လာသော ထူးသော အသိစိတ်၊ |
| ၃။ ဃာနဝိညာဏစိတ် | - | နှာခေါင်းအကြည်မှဖြစ်ပေါ်လာသော ထူးသော အသိစိတ်၊ |
| ၄။ ဇိဝှာဝိညာဏစိတ် | - | လျှာအကြည်မှဖြစ်ပေါ်လာသော ထူးသော အသိစိတ်၊ |
| ၅။ ကာယဝိညာဏစိတ် | - | ကိုယ်အကြည်မှဖြစ်ပေါ်လာသော ထူးသော အသိစိတ်၊ |
| ၆။ မနောစိတ် | - | နှလုံးအကြည်မှဖြစ်ပေါ်လာသော စိတ်၊ |
| ၇။ မနောဝိညာဏစိတ် | - | နှလုံးအကြည်မှဖြစ်ပေါ်လာသော ထူးသော အသိစိတ်၊ |

ထိုဝိညာဏစိတ် ၇-ပါးသည်လည်း ဝတ္ထုရုပ် ၆-ပါးကို အမှီပြု၍ ဖြစ်ပေါ်လာရပါသည်။

စက္ခုစသော ဝတ္ထုရုပ်သည် ကံကြောင့် ဖြစ်ရသည်။

သစ်ပင်တွင် စိတ်မရှိပါ။ သစ်ပင်တွင် ကံမရှိပါ။

ကံမရှိသောကြောင့် ဝတ္ထုမရှိ။

ဝတ္ထုရုပ်မရှိသောကြောင့် စိတ်မရှိ။ ဝိညာဏစိတ်မရှိပါ။

သစ်ပင်နှင့် သက်ရှိသတ္တဝါတို့ ခြားနားပါသည်။

သစ်ပင်သည် ဥတု၏ ပြုပြင်မှုကို ခံရသည်။ ကံမရှိပါ။

သက်ရှိသတ္တဝါသည်ကား ဥတုကောင်းသော်လည်းကောင်း၊ ဥတုမကောင်းသော်လည်းကောင်း အလုပ်,လုပ်ကိုင်နေကြရသည်။

သက်ရှိသတ္တဝါတို့သည် မိမိတို့၏အပြုအလုပ်(ကံ)ကို လိုက်မှီ၍ တိုးတက်ရန် ဆုတ်ယုတ်ရန် လမ်း ၂-သွယ်ကို ဖောက်လုပ်သွားနိုင်ကြသည်။

## ဝတ္ထုသင်္ဂဟ၏ မှီရာ တည်ရာ အကျဉ်းဇယား

| စဉ် | ဝတ္ထုရုပ်၆ပါး | တရားကိုယ် | ဝိညာဏဓာတ် ၇ ပါး | |
|---|---|---|---|---|
| ၁ | စက္ခုဝတ္ထု | စက္ခုပသာဒ | စက္ခုဝိညာဏဓာတ် | ပဉ္စဝိညာဏဓာတ် |
| ၂ | သောတဝတ္ထု | သောတပသာဒ | သောတဝိညာဏဓာတ် | |
| ၃ | ဃာနဝတ္ထု | ဃာနပသာဒ | ဃာနဝိညာဏဓာတ် | |
| ၄ | ဇိဝှာဝတ္ထု | ဇိဝှာပသာဒ | ဇိဝှာဝိညာဏဓာတ် | |
| ၅ | ကာယဝတ္ထု | ကာယပသာဒ | ကာယဝိညာဏဓာတ် | |
| ၆ | ဟဒယဝတ္ထု | ဟဒယ (နှလုံးသွေးအစုဌ တည်သောကမ္မဇရုပ်) | မနောဓာတ် | မနောဓာတ် |
| | | | မနောဝိညာဏဓာတ် | မနောဝိညာဏဓာတ် |

## ဘုံနှင့်ဝတ္ထု
## (ဘုံအားဖြင့် ရထိုက်သော ဝတ္ထုများနှင့် ဝိညာဏဓာတ်များ)

ဝတ္ထုရုပ် ၆-ပါးသည် တိုက်ရိုက်မမြင်နိုင်ပါ။ ကိုင်တွယ်၍လည်း မရပါ။ အထင်အရှားကမူ ရှိပါသည်။ ဉာဏ်ဖြင့်သာ မြင်နိုင်ပါသည်။

**(က) ကာမ ၁၁-ဘုံ၌** - ကာမတဏှာ၊ ကာမကံကြောင့် ဝတ္ထုရုပ် ၆-ပါးလုံး ရှိသည်။ ထိုဝတ္ထုရုပ်ကိုမှီ၍ဖြစ်သော ဝိညာဏဓာတ်လည်း ၇-ပါးလုံး ဖြစ်၏။

**( ခ )အသညသတ်ဘုံ၌**- နာမ်ကိုငြီးငွေ့သော အရူပဝိရာဂဘာဝနာအစွမ်းကြောင့် နာမ်ဟူ၍ အလျှင်းမရအပ်။ (ဝတ္ထုရုပ် ၆-ပါးလည်း မရအပ်ပါချေ)

**(ဂ) ရူပ ၁၅-ဘုံ၌** - ကာမတရားတို့ကို ငြီးငွေ့သော ကာမဝိရာဂဘာဝနာ ကံကြောင့် ကာမတဏှာ၏ အသုံးအဆောင်သက်သက်ဖြစ်သော ဃာန၊ ဇိဝှာ၊ ကာယဝတ္ထုတို့ မရပါ။ စက္ခု, သောတ, ဟဒယဝတ္ထု ၃-ပါးသာ ရပါသည်။ ဝိညာဏဓာတ်သည်လည်း စက္ခု၊ သောတ၊ မနောဓာတ်၊ မနော ဝိညာဏဓာတ် ၄-ပါးသာ ရသည်။ ဗြဟ္မာသည် ဃာနဝတ္ထုမရှိ၍ အမွှေးနံ့ကို လည်းကောင်း၊ ဇိဝှာဝတ္ထုမရှိ၍ အရသာကိုလည်းကောင်း၊ ကာယဝတ္ထုမရှိ၍

ပူမှန်း၊ အေးမှန်း၊ ကိုင်တွယ်တွေ့ထိမှန်းကိုလည်းကောင်း မသိပါ။

**(ဃ) အရူပ ၄-ဘုံ၌** - ရုပ်ဟူသမျှကို ငြီးငွေ့သော ရူပဝိရာဂဘာဝနာကံကြောင့် ရုပ်များသာဖြစ်ကြသော ဝတ္ထု ၆-ပါးလုံး မရပါ။ မနောဝိညာဏဓာတ်တစ်ပါးသာ ရပါသည်။ မနောဝိညာဏဓာတ်ရှိခြင်းမှာ ဈာန်၏တန်ခိုးကြောင့် ဖြစ်ပါသည်။

နတ်ပြည်မှ နတ်များသည် လူတို့၏အနံ့သည် မြွေသေကောင်ပုပ်၊ ခွေးသေကောင်ပုပ်ကဲ့သို့ နံစော်သောကြောင့် လူ့ပြည်သို့ မလာလိုကြပါ။

## ဘုံများ

| | | |
|---|---|---|
| ပဉ္စဝေါကာရဘုံ | = | ခန္ဓာ ငါးပါးရှိသောဘုံ (ကာမ-၁၁+ ရူပ ၁၅= ၂၆ ဘုံ) |
| စတုဝေါကာရဘုံ | = | နာမ်ခန္ဓာ ၄- ပါးရှိသောဘုံ (အရူပ ၄ ဘုံ) |
| ဧကဝေါကာရဘုံ | = | ရုပ်ခန္ဓာတစ်ပါးသာ ရှိသောဘုံ (အသညသတ်ဘုံ) |
| ကာမဘုံ၌ | = | ဝတ္ထုရုပ် ၆-ပါးရှိ |
| ရူပဘုံ၌ | = | စက္ခု၊ သောတ၊ ဟဒယဝတ္ထုရုပ် ၃-ပါးသာ ရှိ |
| အရူပဘုံ၌ | = | ဝတ္ထုရုပ် လုံးဝမရှိ။ |

## အကုသိုလ်စိတ် ဝတ္ထုသင်္ဂဟ

| စဉ် | စိတ် | | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|---|
| ၁ | လောဘမူစိတ်<br>မောဟမူစိတ် | ၈<br>၂<br>၁၀ | ရှံခါ ဝတ္ထုရုပ်မှီ၍<br>ရှံခါ ဝတ္ထုရုပ်ကို မမှီ | စတုဝေါကာရ ၄ ဘုံ၌ ဖြစ်သောအခါ ဝတ္ထုရုပ်ကို မမှီ၍ဖြစ်၏။ ပဉ္စဝေါကာရ-၂၆ဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်၏။ |
| ၂ | ဒေါသမူစိတ် | ၂ | ၁ | ဟဒယဝတ္ထုကို ဧကန်မှီ၏။ |

## အဟိတ်စိတ် ဝတ္ထုသင်္ဂဟ

| စဉ် | စိတ် | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|
| ၁ | စက္ခုဝိညာဏ်ဒွေး | ၁ | စက္ခုဝတ္ထု |
| ၂ | သောတဝိညာဏ်ဒွေး | ၁ | သောတဝတ္ထု |
| ၃ | ဃာနဝိညာဏ်ဒွေး | ၁ | ဃာနဝတ္ထု |
| ၄ | ဇိဝှာဝိညာဏ်ဒွေး | ၁ | ဇိဝှာဝတ္ထု |
| ၅ | ကာယဝိညာဏ်ဒွေး | ၁ | ကာယဝတ္ထု |
| ၆ | မနောဓာတ် ၃ | ၁ | ဟဒယဝတ္ထု |
| ၇ | သန္တီရဏစိတ် ၃ | ၁ | ဟဒယဝတ္ထု |
| ၈ | မနောဒွါရာဝဇ္ဇန်း | ရံခါဝတ္ထုရုပ်မှီ<br>ရံခါဝတ္ထုရုပ်မမှီ | စတုဝေါကာရ ၄ ဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမမှီ၊<br>ပဉ္စဝေါကာရ ၂၆-ဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမှီ၍ဖြစ်၏။ |
| ၉ | ဟသိတုပ္ပါဒ် | ၁ | ဟဒယဝတ္ထု |

## ကာမာဝစရသောဘနစိတ် ဝတ္ထုသင်္ဂဟ

| စဉ် | စိတ် | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|
| ၁ | မဟာကုသိုလ်စိတ် ၈-ပါး | ရံခါဝတ္ထုမှီ<br>ရံခါဝတ္ထုမမှီ | စတုဝေါကာရ ၄ ဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမမှီ၊<br>ပဉ္စဝေါကာရ ၂၆ ဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်သည်။ |
| ၂ | မဟာဝိပါက်စိတ် ၈-ပါး | ၁ | ဟဒယဝတ္ထုကိုကေန်မှီသည်။ |
| ၃ | မဟာကြိယာစိတ် ၈-ပါး | ရံခါဝတ္ထုမှီ<br>ရံခါဝတ္ထုမမှီ | စတုဝေါကာရ ၄ ဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမမှီ၊<br>အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံ၌ ဖြစ်သောအခါ ဝတ္ထုရုပ်ကို မှီ၍ဖြစ်သည်။ |

## မဟဂ္ဂုတ်စိတ် ဝတ္ထုသင်္ဂဟ

| စဉ် | စိတ် | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|
| ၁ | ရူပါဝစရစိတ်-၁၅ | ၁ | ဟဒယဝတ္ထုကို ဧကန်မှီ |
| ၂ | အရူပါဝစရစိတ် | ရံခါဝတ္ထုမှီ | စတုဝေါကာရ ၄ ဘုံ၌ဖြစ်သောအခါ |
| . | ကု-ကြိ-၈ | ရံခါဝတ္ထုမမှီ | ဝတ္ထုရုပ်ကို မမှီ၊ |
| | | | အပါယ်ကြဉ် ပဉ္စဝေါကာရ ၂၂ ဘုံ၌ |
| | | | ဖြစ်သောအခါ ဝတ္ထုရုပ်ကို မှီ၍ဖြစ်သည်။ |
| ၃ | အရူပါဝစရ | | ဝတ္ထုရုပ်ကို လုံးဝမမှီ |
| | ဝိပါက်စိတ် -၄ | | |

## လောကုတ္တရာစိတ် ဝတ္ထုသင်္ဂဟ

| စဉ် | စိတ် | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|
| ၁ | သောတာပတ္တိမဂ်စိတ် | ၁ | ဟဒယဝတ္ထုရုပ်ကို ဧကန်မှီ |
| | ၁-ပါး | | |
| ၂ | အထက်မဂ် - ၃ | ရံခါဝတ္ထုမှီ | စတုဝေါကာရ ၄ ဘုံ၌ဖြစ်သောအခါ |
| | ဖိုလ်စိတ် - ၄ | ရံခါဝတ္ထုမမှီ | ဝတ္ထုရုပ်ကို မမှီ၊ |
| | ၇ ပါး | | အပါယ်ကြဉ် ပဉ္စဝေါကာရ ၂၂ ဘုံ၌ |
| | | | ဖြစ်သောအခါ ဝတ္ထုရုပ်ကို မှီ၍ဖြစ်သည်။ |

# စိတ် ၈၉–ပါး ဝတ္ထုသင်္ဂဟ

| စဉ် | စိတ် | ဝတ္ထုပေါင်း | သရုပ် | |
|---|---|---|---|---|
| ၁ | ဝတ္ထုရုပ်ကို ဧကန်မှီသောစိတ် | ၃၃ | ဒေါသမူစိတ် | ၂ |
| | | | ဒွေးပဥ္စဝိညာဏ် | ၁၀ |
| | | | ပဥ္စဒွါရာဝဇ္ဇန်း | ၁ |
| | | | သမ္ပဋိစ္ဆိုင်းဒွေး | ၂ |
| | | | သန္တီရဏ | ၃ |
| | | | ဟသိတုပ္ပါဒ် | ၁ |
| | | | မဟာဝိပါက်စိတ် | ၈ |
| | | | ရူပါဝစရစိတ် | ၁၅ |
| | | | သောတာပတ္တိမဂ် | ၁ |
| ၂ | ဝတ္ထုရုပ်ကို ရံခါမှီ၍ ရံခါမမှီသောစိတ် | ၄၂ | လောဘမူစိတ် | ၈ |
| | | | မောဟမူစိတ် | ၂ |
| | | | မနောဒွါရာဝဇ္ဇန်း | ၁ |
| | | | မဟာကုသိုလ်စိတ် | ၈ |
| | | | မဟာကြိယာစိတ် | ၈ |
| | | | အရူပါဝစရကုသိုလ်စိတ် | ၄ |
| | | | အရူပါဝစရကြိယာစိတ် | ၄ |
| | | | အထက်မဂ် | ၃ |
| | | | ဖိုလ်စိတ် | ၄ |
| ၃ | ဝတ္ထုရုပ်ကို လုံးဝမမှီသောစိတ် | ၄ | အရူပါဝစရဝိပါက်စိတ် | ၄ |

## ကာမ ၁၁ ဘုံ၌ ဝိညာဏစိတ်

| စဉ် | ဝိညာဏစိတ် | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|
| ၁ | စက္ခုဝိညာဏစိတ် | ၁ | စက္ခုဝတ္ထု |
| ၂ | သောတဝိညာဏစိတ် | ၁ | သောတဝတ္ထု |
| ၃ | ဃာနဝိညာဏစိတ် | ၁ | ဃာနဝတ္ထု |
| ၄ | ဇိဝှာဝိညာဏစိတ် | ၁ | ဇိဝှာဝတ္ထု |
| ၅ | ကာယဝိညာဏစိတ် | ၁ | ကာယဝတ္ထု |
| ၆ | မနောစိတ် | ၁ | ဟဒယဝတ္ထု |
| ၇ | မနောဝိညာဏစိတ် | ၁ | ဟဒယဝတ္ထု |

## ရူပ ၁၅ ဘုံ၌ ဝိညာဏစိတ်

| စဉ် | ဝိညာဏစိတ် | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|
| ၁ | စက္ခုဝိညာဏစိတ် | ၁ | စက္ခုဝတ္ထု |
| ၂ | သောတဝိညာဏစိတ် | ၁ | သောတဝတ္ထု |
| ၃ | မနောစိတ် | ၁ | ဟဒယဝတ္ထု |
| ၄ | မနောဝိညာဏစိတ် | ၁ | ဟဒယဝတ္ထု |

## အရူပ ၄-ဘုံ၌ ဝိညာဏစိတ်

| စဉ် | ဝိညာဏစိတ် | ဝတ္ထုပေါင်း | သရုပ် |
|---|---|---|---|
| ၁ | မနောဝိညာဏစိတ် | - | ဝတ္ထုရုပ်လုံးဝမရှိ |

## ဝတ္ထု ၆–ပါးနှင့် ဘုံဇယားချုပ်

| ဘုံ | စက္ခု | သော | ဃာ | ဇိ | ကာ | ဟဒယ |
|---|---|---|---|---|---|---|
| ကာမ ၁၁-ဘုံ | ။ | ။ | ။ | ။ | ။ | ။ |
| ရူပ ၁၅-ဘုံ | ။ | ။ | - | - | - | ။ |
| အသညသတ်ဘုံ | - | - | - | - | - | - |
| အရူပ ၄-ဘုံ | - | - | - | - | - | - |

## စိတ်နှင့်မှီ- မမှီ အချုပ်ဇယား

| စိတ် | အမှဲမှီ (ပဉ္စဝတ္ထု) | | | | | အမှဲမှီ (ဟဒယဝတ္ထု) | ရံခါမှီ ရံခါမမှီ | လုံးဝ မမှီ |
|---|---|---|---|---|---|---|---|---|
| အကုသိုလ်စိတ် ၁၂ | | | | | | ဒေါသမူ ၂ | လော-၈ မော-၂ | - |
| အဟိတ်စိတ်-၁၈ | စက် ဒွေး | သော ဒွေး | ဃာ ဒွေး | ဇိ ဒွေး | ကာ ဒွေး | မနောဓာတ်-၃ သန္တီ-၃ ဟသိတုပ္ပါဒ် | မနောဒွါရာဝဇ္ဇန်း | - |
| ကာမသောဘန စိတ်-၂၄ | | | | | | မဟာဝိပါက် -၈ | မဟာကု-၈ မဟာကြိ-၈ | - |
| ရူပစိတ် ၁၅ | | | | | | ရူပ ၁၅ | - | - |
| အရူပစိတ် ၁၂ | | | | | | | အရူပကု ၄ အရူပကြိ ၄ | အရူပဝိ ၄ |
| လောကုတ် ၈ | | | | | | သောတာမဂ်-၁ | ကြွင်း ၇ | - |
| | ၂ | ၂ | ၂ | ၂ | ၂ | ၃၃ | ရံခါမှီ | ရံခါမမှီ |
| | အမှဲမှီစိတ်ပေါင်း | | | | | ၄၃ | ၄၂ | ၄ |

# အဘိဓမ္မာ သင်စရာ

သဒ္ဓါရှိမှု၊ စိတ်ကြည်ဖြူ၊ ကောင်းသူခေါ်ရပါ။

ပညာရှိသူ၊ စွမ်းအားယူ၊ တော်သူခေါ်ရပါ။

တော်လည်းတော်စေ၊ ကောင်းပါစေ၊ နှစ်ထွေညီမှသာ။

ကောင်းကျိုးသုခ၊ အစုံရ၊ မုချမြဲသေချာ။

တော်လည်းတော်စို့၊ ကောင်းလာဖို့၊ သင်စို့ ဘိဓမ္မာ။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အရှင်သီရိန္ဒာဘိဝံသ(ယော)